စိုးစာပေ

# အနော်ရထာမင်းစော

နှင့်

# မိုင်းမောဝ်ကောရိ

# စောမွန်လှ



သန်းထွန်း(လှည်းကူး)

စိုးစာပေ စာစဉ်အမှတ်(၁၃၁)

**စိုးစာပေ**

(က/၁၆၂၃)၊ ကမ္ဘာ့အေးလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်သာယာ။

ဖုန်း - ၀၉ ၄၂၀၁၀၄၄၃၁

**ပြည်လုံးကျွတ်ဖြန့်ချိရေး**

**မိတ်ဆွေစာပေ**

အမှတ်(၆၁)၊ ဘုရင့်နောင်လမ်းမ၊ ရတနာလမ်းထိပ်၊

ပေါက်တောရပ်ကွက်၊ အင်းစိန်မြို့နယ်။

ဖုန်း - ၀၉ ၂၅၀၆၆၁၃၀၃၊ ၀၉ ၇၆၉၇၄၃၃၃၉၃

## ပုံနှိပ်မှတ်တမ်း

ပထမအကြိမ် - ၂၀၁၀ ဇူလိုင်လ

အုပ်ရေ - ၅၀၀ အုပ်

တန်ဖိုး - 2500

မျက်နှာဖုံးဒီဇိုင်း - …ခွန်မျှော)

ကွန်ပျူတာ - [illegible]

အတွင်းအသင် - ADORN၊

ထုတ်ဝေသူ - ဦးတင်ဌေးအောင် (၀၁၃၃၇)
သုံးလောကစာပေ - အမှတ်(၂၁)အေး၊
မြင့်ဖိုးရိုလမ်း၊ ရွှေကုန်းအရှေ့ဘက်ရပ်ကွက်၊
အင်းစိန်။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ဦးကျော်မင်းဖိုး(မြ-၀၀၄၅၉)
နိုးမေတ္တာပုံနှိပ်တိုက်
အမှတ်(၁၇)၊ ၅၈ လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

သန်းထွန်း(လှည်းကူး) ၃၉၀.၂
အနောက်ရုပ်ထားမင်းစေတနှင့် နိုင်းမော်စ်ဖီတာရဲ ဓာတ်မှန်ထဲ/
သန်းထွန်း(လှည်းကူး)။ ရန်ကုန်၊
ဇင်ရတနာရတနာစာပေ၊ ပထမအကြိမ်၊ ၂၀၁၀။
၁၉၉-စာ၊ ၁၂ x ၁၈ စင်တီ

# အနော်ရထာမင်းစော

# နှင့်

# မိုင်းမောဝ်ဧကာရီ စောမွန်လှ

**သန်းထွန်း (လှည်းကူး)**

# မာတိကာ


| | | |
|---|---|---|
| ၁။ | မြန်မာ့ရာဇဝင်နှင့် ရှမ်းမင်းသမီး | ၁၀ |
| ၂။ | ရှမ်းလူမျိုးနှင့် ရှမ်းပြည်နယ်သမိုင်းအစ | ၁၄ |
| ၃။ | ရှမ်းတို့၏ ရှေးရိုးစဉ်လာသမိုင်း | ၂၃ |
| ၄။ | စဝ်နော်မိန်းနှင့် စဝ်မွန်လှ | ၂၈ |
| ၅။ | ယဉ်ကျေးသိမ်မွေ့သော ရှမ်းမင်းမ | ၃၆ |
| ၆။ | မောစ်တို့ငြိမ့် ရှေးခေတ် | ၄၂ |
| ၇။ | ကြင်ဘက်မရှာသော သမီးတော်စောမွန်လှ | ၅၀ |
| ၈။ | ဒေဝါမြို့ဘုရင် အနော်ရထာမင်းစောနှင့် ပုဂံလူစွမ်းကောင်းများ, | ၅၅ |
| ၉။ | ပုဂံပြည်နှင့် ဗုဒ္ဓသာသနာတော် | ၆၅ |
| ၁၀။ | ပုဂံရောက် ရှင်အရဟံ၏မှုကွဲများ | ၇၂ |
| ၁၁။ | အနော်ရထာမင်းစောနှင့် သူ့ရဲကောင်းများ | ၈၂ |
| ၁၂။ | အနော်ရထာနှင့် မနူဟာပဒိုက်ကျ | ၈၈ |

၁၃။ ဂူအနွယ်တော်နှင့် အနော်ရထာမင်းစော ၉၀

၁၄။ အနော်ရထာမင်းစော တရုပ်ပြည်သို့ စွယ်တော်ပင့်ရန်
ချီတက်တော်မူခြင်း ၁၀၆

၁၅။ မြတ်ဘုရားစွယ်တော်နှင့် မင်းနှစ်မင်း ၁၁၅

၁၆။ အနော်ရထာမင်းစောနှင့် မိုးကောင်းမင်းသမီး ၁၂၀

၁၇။ ဘုတောင်းမြို့စားကြီးနှင့် ရွှေကူးညီနောင် ၁၂၆

၁၈။ ပေါက္ကာရာမရောက်စောမွန်လှ ၁၃၃

၁၉။ အနော်ရထာမင်းစောနှင့် မိဖုရားများ ၁၃၈

၂၀။ အနော်ရထာမင်းစောနှင့် နတ် ၉ ပါး ၁၄၉

၂၁။ မင်း မိဖုရားနှင့် ရွှေစည်းခုံစေတီတော် ၁၅၄

၂၂။ စောမွန်လှကံကြမ္မာနှင့် မြည်တော်ပြန်ခရီး ၁၆၀

၂၃။ နားတောင်းကျွဲရှုပ်နှင့် ရွှေစာခုံစေတီ ၁၆၈

၂၄။ စောမွန်လှ၏ မြို့သာကျက်ဘုရား ၁၇၈

၂၅။ ပေါက်နန်းစံစောမွန်လှ ၁၈၄


၂၆။ မီးစာမကျန် — သိမ်ခံသော်လည်း ၁၈၈


၂၇။ လွမ်းစေတီ ၁၉၄

၂၈။ ကျမ်းကိုးစာရင်းများ ၁၉၆



ပိဋကတ်တော်နှင့်အနော်ရထာမင်းစော






ရှေးဟောင်းတော်ကြီးဘုရား




မြတဘက်ဘုရားကြီး



ရွှေစာရံဘုရားအစ်မ စောမွန်လှ




တောမွန်လှ နန်းဦးစေတီပုံ



သမိုင်းဝင်ရွှေတိဂုံစေတီ



မိုင်းမောဝ်မင်းသမီးတော်မွန်လှ



အနော်ရထာမင်းစော တည်ထားတော်မူခဲ့သော ရွှေစည်းခုံစေတီ



ပိဋကတ်တော်နှင့်အနော်ရထာမင်းစော

# မြန်မာဘုရင်နှင့် ရှမ်းမင်းသမီး

အနော်ရထာမင်းစောနှင့် မိုင်းမောဝ်မင်းသမီးလေး စောမွန်လှ အကြောင်းရေးရန် အကြောင်းပေါ်ရာ၌ သမိုင်းအချက်အလက်များကို ရှာဖွေရယူရာတွင် အမြင်မတူသော အယူအဆများ၊ မကိုက်ညီသော သမိုင်းအထောက်ထားများနှင့် ယုတ္တိမတန်သော ဒဏ္ဍာရီဆန်သည့် ဖြစ်ရပ်များကို ချန်လှပ်ခဲ့မှ သင့်လျော်မည်ဟု ထင်မိသည်။

အနော်ရထာမင်းစောမှာ မြန်မာတို့၏ ပုဂံမင်းတစ်ပါးဖြစ်သလို မိုင်းမောဝ်မင်းသမီးမှာလည်း ရှမ်းလူမျိုးတို့၏ ပေါ်နန်းရှင်စော်ဘွား သမီးပျိုတစ်ပါးဖြစ်သည်။ လူမျိုးနှင့်ယဉ်ကျေးမှုမတူညီသော လူ့ဘဝနှစ်ခုကို ပေါင်းစည်းရေးချယ်ပြရာ၌ ဝိရောဓိဖြစ်ဖွယ်၊ အငြင်းပွားဖွယ်ဖြစ်နိုင်လောက်သည့် အကြောင်းရာများ ရှောင်ကွင်း၍ စာဖတ်သူလက်ခံနိုင်သည့် သမိုင်းမှန်များကိုသာ ချပြရလေတော့မည်။

အနော်ရထာမင်းစောနှင့် စောမွန်လှ မေတ္တာဇာတ်လမ်းကို ရှေးအစဉ်အဆက်က တပေအဖြစ်လည်းကောင်း၊ ပြဇာတ်အဖြစ် လည်းကောင်း၊ ကာက်ထက်ဇာတ်လမ်းအဖြစ်လည်းကောင်း တင်ပြခဲ့ ကြလေသဖြင့် မသိသူရှားသလောက်ရှိသည်။ ဒဏ္ဍာရီမဟုတ်သော ပါးစပ်ရာဇဝင်မဟုတ်သော ယင်းတို့၏ မေတ္တာဇာတ်လမ်းကို 'ရှေ့တရံ' ဘုရားက သမိုင်းရုပ်ကြွင်းအဖြစ် သက်သေခံလျက်ရှိနေ ပြီဖြစ်သည်။

မြန်မာ့ရာဇဝင်တွင် လက်မလွှတ်တမ်း စံပြုလောက်သော (ဦးကုလားမဟာရာဇဝင်ကြီး)တွင်မူ ပုဂံအနော်ရထာမင်းစောနှင့် မိုင်း မောဝ်မင်းသမီး စောမွန်လှအကြောင်း မပါရှိဘဲ ကျော်လွှားမှတ်တမ်း ပြုခဲ့ကြသည်ကို အံ့ဩမိသည်။ အခြား-အခြားသော ရာဇဝင်ကျမ်း အစောင်စောင်နှင့် သုဓေသာမိတ်မဟာရာဇဝင်ကြီးတို့တွင် အချို့က အကျယ်တဝင့်ဖော်ပြမှတ်တမ်းတင်ထားသည်ကို တွေ့ရပြီး၊ အချို့ ကျမ်းများ၌ အကျဉ်းမျှဖော်ပြထားကြောင်း တွေ့ရသည်။

မြန်မာ့မင်းတစ်ပါး၏ အတ္ထုပ္ပတ္တိအကြောင်းလည်းဖြစ်သကဲ့သို့ ရှမ်းမင်းသမီး၏ ဘဝဇာတ်ကြောင်းလည်းဖြစ်လေရာ အချက်အလက် များ ပြီးပြည့်စုံရန် ကျမ်းအစောင်စောင်ကို ခြေရာကောက်ရပေတော့ သည်။ တစ်ခေတ်တစ်ခါက လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှု၊ ဘာသာ

ရုံးစာပေ

ယုံကြည်မှုနှင့် လူမှုဂုဏ်သိက္ခာကို ငဲ့ကွက်ခြင်းဖြင့်လည်းကောင်း တိုင်းရင်းသားအချင်းချင်း (မြန်မာနှင့်ရှမ်း) သွေးကွဲမည့်ဦးတည်မှုများ ပါဝင်လေသဖြင့် "အနော်ရထာမင်းစောနှင့် စောမွန်လှ" ဇာတ်လမ်း ကို တန့်တား၊ ပိတ်ပင်မှုများဖြင့် မြုံခဲ့ကြောင်းသိရသည်။

သမိုင်းမှန်ကိုထိန်းချုပ်၍ မဖြစ်သကဲ့သို့ မှားတွက်များအစားထိုး၍ လိမ်ညာမှုများလည်း မဖြစ်သင့်ပေ။ ပွင့်လင်းမြင်သာမှုရှိလာသောခေတ်၌ အမှန်ကိုအမှန်အတိုင်း၊ အရှိကိုအရှိအတိုင်း ရေးသားတင်ပြရမည်မှာ စာရေးသူတို့နှင့် မီဒီယာ၏ တာဝန်ပင်ဖြစ်သည်။

ကျင့်ဝတ်ကိုလိုက်နာ၍ သမိုင်းအပေါ် သစ္စာရှိရှိနှင့်သာ အရေးကြီးသည်။ အနော်ရထာမင်းစောနှင့် မိုင်းမောဝ်စောကရီ စောမွန်လှစာအုပ်၌ မူကွဲများလည်း တွေ့နိုင်သော်လည်း၊ နှိုင်းမလျှော်နိုင်လောက်သည့် အများမျိုး သမိုင်းမဆန်သည့် အလွဲမျိုးတော့ မပါလောက်ပေ။

ခေတ်ပြိုင်ဒေသနှစ်ခု၏ သမိုင်းဆိုင်ရာ အထောက်အထားများကို ဆက်စပ်ယှဉ်ရာ၌ ကျမ်းကြီး၊ ကျမ်းငယ်အသွယ်သွယ်နှင့် ဒေသဆိုင်ရာအဆောက်အဦး၊ စေတီပုထိုးများပါမကျန် မြင့်လေ့လာသုံးသပ်တင်ပြရသဖြင့် လွဲချော်မှု ပါကောင်းပါနိုင်သေးသည်။ ထိုထိုသောလွဲချော်မှုမှာ မိမိ၏ပယောဂသာဖြစ်သဖြင့် ခွင့်လွှတ်နားလည်ပေးပါရန် ကြိုတင်တောင်းပန်လိုက်ရပါသည်။

ဤစာအုပ်အား ရေးသားရန် တောင်းဆိုကြသော ရှမ်းပြည်တစ်ခွင်မှ တပတ်ပရိသတ်များနှင့် စောခွန်လှအကြောင်းကို သမိုင်းဆန်ဆန် ဖတ်လိုလှသော တပတ်ပရိသတ်အများစုအတွက် ကွက်လပ်ကလေးဖြည့်ပေးလိုက်ရသည်သာဖြစ်ပါကြောင်း နိဒါန်းပျိုးလိုက်ရပေသည်။

■■■■■■■■■■■■■■■■■

# ရှမ်းလူမျိုးနှင့် ရှမ်းပြည်နယ်သမိုင်းအစ

မြန်မာနိုင်ငံသို့ လာရောက်အခြေချနေထိုင်ကြသော လူမျိုးတို့အနက် ရှေးအကျဆုံးဖြစ်ဟန်ရှိသော လူမျိုးမှာ မွန်လူမျိုးဖြစ်သည်။ မွန်လူမျိုးတို့ကား (မွန်-ခမာ) အနွယ်ဝင်ဖြစ်၍ တရုတ်ပြည်အနောက်ပိုင်းရှိ ကုန်းမြင့်မြင့်များမှ တောင်ဘက်သို့ဆင်းလာပြီးလျှင် ဧရာဝတီမြစ်၊ စစ်တောင်းမြစ်၊ သံလွင်မြစ်၊ မဲနံမြစ်၊ မဲခေါင်မြစ်စသည့်အရပ်ဒေသတို့၌ မြို့ရွာတည်ထောင်နေကြသည်။

မြန်မာနိုင်ငံ ရာမညဒေသတို့၌ မွန်လူမျိုးတို့၏ ရှေးအကျဆုံးသော မြို့တော်မှာ 'သုဝဏ္ဏဘူမိ' သထုံပြည်ဖြစ်သည်။ ပဲခူး၊ ဟံသာဝတီကား၊ သထုံမှ သွားရောက်၍ နောက်မှတည်ထောင်သော မြို့ဖြစ်သည်။

မြန်မာနိုင်ငံသို့ ဒုတိယရောက်လာသော လူမျိုးများမှာ "တိဘက်တိုဘားမင်း" လူမျိုးများဖြစ်သည်။ ၎င်းလူမျိုးတို့သည် တိဘက်နိုင်ငံ အရှေ့ပိုင်းမှ မြစ်ဝှမ်းပုကြံမြစ်ကြောင်းကို တစ်လျှောက် လုံးစုန်ဆင်းလာကြပြီး အာသံနိုင်ငံနှင့် မြန်မာနိုင်ငံတို့အတွင်း အရပ်ဒေသများ၌ မြို့ပြည်တည်ထောင်၍ နေလာကြသည်။

ရာဇဝင်အဆိုအရ (ပျူ - ကမ်းယံ - သက်) လူမျိုးတို့မှာ ၎င်းတိဘက်တိုဘားမင်းလူမျိုးတို့မှ ခွဲထွက်ပေါက်ပွားလာသော လူမျိုးများဖြစ်ကြသည်။ ပျူလူမျိုးတို့ကား မြန်မာလူမျိုးတို့၏ မူလနွယ် ရင်းဖြစ်၍ မြန်မာရာဇဝင်တွင် ထင်ရှားသော လူမျိုးဖြစ်ကြသည်။ (မြန်မာ) ဟူသောအမည်ကို ရာဇဝင်၌ သရေခေတ္တရာအမျက်ဖွဲ့တွင်မှ တွေ့ရသည်။ ထို့နောက် ပုဂံမင်းကို (ပျူတစ်သိန်းမင်း) ဟု ခေါ်ဝေါ်မှတ်သားကြောင်း ရာဇဝင်၌ တွေ့ရသည်။

ပျူလူမျိုးတို့ အချက်အချာဒေသများကား ပြည်မြို့၊ ရွှေဘို မြို့နယ်ရှိ တန့်လည်မြို့၊ မုံရွာရှိ ဗိုလ်တောင်အရပ်ဒေသ၊ ရမည်းသင်း နယ်ရှိ ညောင်လွန့်၊ မကွေးတိုင်းရှိ ဗိဿနိုးအရပ်များဖြစ်ကြသည်။ ပျူလူမျိုးတို့ကား တယေအက္ခရာရှိသော အထက်တန်းစားလူမျိုး များဖြစ်ကြသည်။ မြန်မာသက္ကရာဇ် ၄၅၀ခန့်တွင် ရေးထိုးခဲ့သော မြဇေဒီကျောက်စာ တစ်မျက်နှာတွင် ပျူစာ၊ ပျူအက္ခရာဖြင့် ရေးသား

မိုး၁၁၀၀

ထားသောကြောင့် ထိုအခါတိုင်အောင် ပျူဘာသာကို ပြောဆိုရေး သားကြကြောင်း ထင်ရှားသည်။

ပျူလူမျိုးတို့ကား မိမိတို့အကြီးအကဲသောလျှင် မိသကြိုက်၍ အရိုးပြာအိုးကြီးများနှင့် ထည့်ထားလေ့ရှိကြသည်။ တရုတ်ရာဇဝင် ပျူလူမျိုးတို့၏ အကြောင်းများကို များစွာရေးသားထားသည်ကို တွေ့ရသည်။ ပျူလူမျိုးတို့ မြို့တော်ဟောင်းဖြစ်သော သရေခေတ္တရာ ပြည်မြို့မှာ အခြားမြို့တော်များ၊ မြို့ရာများထက် ကျယ်ဝန်းသည်။ ပျူလူမျိုးတို့တည်ထားခဲ့သော ဘုရားစေတီတို့မှာ အခြားအရပ်ရှိ စေတီတို့နှင့် ပုံသဏ္ဌာန်မတူကြပေ။

ကမ်းယံတို့သည်ကား သံတွဲမှစ၍ တောင်စဉ် (၇)ခရိုင်၌ နေသောသူတို့ကိုဆိုသည်။ ရခိုင်လူမျိုးများ၏ ရှေးဟောင်းအနွယ် ဖြစ်တန်ရှိသည်ဟု သမိုင်းသုတေသီတို့က ဆိုးဖြတ်ကြသည်။ သက်လူမျိုးတို့အေသအဖြစ် မစ္ဆိမ်ရှမှာ ရခိုင်ပြည်၏ အနောက်မြောက် ယွန်းတွင်း ပဗ္ဗမနိမ့်ချိပ်ညာတွင်ရှိကြောင်း၊ သက်လူမျိုး၊ ကျယင်းလူမျိုး ဆိုသည်မှာ ရောဝတီအနောက်ဘက် ချင်း၊ ယောစသော ခင်ရိုးရိုး လူမျိုးများကို ဆိုကြကြောင်း မြန်မာရာဇဝင်၌ ဖွင့်ဆိုထား၏။

တိဘက်တိုဘားမင်းလူမျိုးတို့နောက် 'တိုင်' ခေါ်သော ရှမ်း လူမျိုးတို့ မြန်မာပြည်တွင်းသို့ လာရောက်ကြပြန်သည်။ ရှမ်းလူ

မျိုးတို့ လာရောက်ကြောင်း၊ ရာဇဝင်၌ မှုကွဲအဖြစ် ၂မျိုးတွေ့ရသည်။ ပထမအမျိုးကား ရှမ်းလူမျိုးတို့သည် အာရှတိုက်အလယ်ပိုင်းမှ မဲခေါင်မြစ်ကြောင်း၊ မဲနမ်မြစ်ကြောင်း၊ ဧရာဝတီမြစ်ကြောင်း၊ ဖြူဟူကြီးမြစ်ကြောင်းအတိုင်း တောင်ဘက်သို့ ဆင်းလာကြပြီးလျှင် ထိုမြစ်ဝှမ်းတို့တွင် ပြည်ရွာတည်ထောင်နေထိုင်ကြသည်။

ခရစ်တော်မပေါ်မီ သက္ကရာဇ် ၁၀၀ (သာသနာသက္ကရာဇ် ၄၅၀) ခန့်တွင် ပထမရှမ်းတစ်စု လာရောက်ကြပြီးလျှင် ရွှေလီမြစ်ဝှမ်းတွင် နေထိုင်ကြကြောင်း။ ထိုအခါ ၎င်းတို့တိုင်းပြည်ကို (ပုံတိုင်ပြည်) ခေါ်ဆိုကြောင်းနှင့် အမှတ်အသားရှိသည်။ နောက် သက္ကရာဇ် ၆၀၀၊ (သာသနာသက္ကရာဇ် ၉၅၀)ခန့်တွင် ထပ်မံ၍ နောက်ရှမ်းတစ်စု လာရောက်အခြေချပြန်သည်။

သက္ကရာဇ် ၁၂၀၀ (မြန်မာသက္ကရာဇ် ၅၆၀) ကျော်လောက်၌ ၎င်းအစုခွဲထွက်ပြီး အာသံနိုင်ငံသို့ သွားရောက်ကာ (အဟုံ) မင်းဆက်ကို တည်ထောင်ကြသည်။ မြန်မာရာဇဝင်တွင် ဖော်ပြသော (တသည်းဟုံးဇော်ဘွား) (တိုဇော်ဘွား) တူသည်မှာ အဟုံမင်းဆက်ဖြစ်သော ရှမ်းမင်းအသာလျှင်ဖြစ်သည်။

တိုင် သို့မဟုတ်၊ တိုင်လူမျိုးတို့ကား တရုတ်ပြည် ယန်စေကျန်မြစ်၏တောင်ဘက်တွင် နေထိုင်ဖူးသော တရုတ်နွယ်လူမျိုး

ဖြစ်၍ မူလက တရုတ်လက်အောက်ခံဖြစ်သည်။ ခရစ်နှစ် ၇၉ ခုနှစ်တွင် တရုတ်တို့အုပ်စိုးခြင်းကို အလိုမရှိ၍ ပုန်ကန်ကြရာတွင် စစ်ရှုံးသည်နှင့် တိုင်လူမျိုးအပြောက်အများ ယခုမြောက်ပိုင်းရှမ်းနယ်ဒေါ် အရပ်ဒေသတို့ကို ရွှေ့ပြောင်းလာ၍ မြို့ပြပြည်ရွာ တည်ထောင်နေခဲ့ကြသည်။

သက္ကရာဇ် ၆၅၀ ခုနှစ်တွင် တိုင်လူမျိုးတို့ နန်ကျောက်ယူနန်ပြည်ကို တည်ထောင်ကြသည်။ သက္ကရာဇ် ၁၂၅၃–ခုနှစ်တွင် မွန်ဂိုလ်ဘုရင် ကူဗလိုင်ခန်က နန်ကျောက်ပြည်ကို တိုက်ခိုက်သိမ်းယူသောအခါမှ တိုင်လူမျိုးတို့ တစ်မျိုးလုံး တောင်ဘက်သို့ ရွှေ့ပြောင်း၍ ယိုးဒယားပြည်ကို တည်ထောင်ကြသည်။

ထိုင်း(ရှမ်း) လူမျိုးတို့သည် နန်ကျောက်ပြည်မှ မြန်မာနိုင်ငံတွင်း၊ ယခုမြောက်ပိုင်း ရှမ်းပြည်တို့သို့ ပထမ။ ယခုယိုးဒယားပြည်ဒေါ်သော အရပ်ဒေသသို့ နောက်မှပြောင်းရွှေ့နေထိုင်ကြသည်။ မြန်မာနိုင်ငံတွင်းသို့ လာရောက်နေထိုင်ကြသော တိုင် (ရှမ်း)တို့မှာ (တိုင်ယိုင်) ဟု တွင်ပြီး (ရှမ်းကြီး) ဟု ဆိုလိုသည်။ ၎င်းတို့တည်ထောင်သော "ပုံ့ထိုင်း" ပြည်တည်ရာကို မည်သူမျှ အသေအချာ မတွေ့ရသေးပေ။

ဇင်းမယ်ရာဇဝင်၌ ယူနန်နယ်အနောက်တောင်တွင်ရှိသော

ကျိုင်းရုံးကို (ပုံ)ဟုခေါ်သည်။ ခရစ်သက္ကရာဇ် ၆၀၀ (သာသနာ သက္ကရာဇ် ၉၅၀) ခန့်တွင် ရွှေလီမြစ်ဝှမ်း၌ ရှမ်းပြည်ထောင်တစ်ခု တည်ရှိကြောင်း တိုးကားညီညွတ်စွာ ယုံကြည်ကြသည်။ ၎င်းရှမ်း ပြည်မြို့တော်မှာ ရွှေလီမြစ်ကမ်းပေါ်ရှိ (မူးအန်မော) အရပ်ဖြစ်သည် ဟု မှတ်ထင်ကြသည်။ ယိုးဒယား၊ ဇင်းမယ်စသော အရှေ့ရှမ်းတို့ ကို(ဘိုင်နှိုင်) ဟုခေါ်သည်။

ခရစ်သက္ကရာဇ် ၁၃၅၀ (မြန်မာသက္ကရာဇ် ရ၁၁)တွင် အရှေ့ ရှမ်းမင်းမယားဥတုံသည် (အယုထိယ) ယိုးဒယားပြည်ကို တည်ထောင်၏။ ဖယားထိုက်ကား နောင်တွင် (ရာမာထိပိုဒီ) ရာမဓိပ တိဘွဲ့ခံသည်။

မှတ်ချက်။ ။ မွန်ရာဇဝင်တစ်စောင်၌ ရှမ်းလူမျိုးတို့ကို စောတိုင်(သို့မဟုတ်) တိုင်လူမျိုးဟုခေါ်ကြောင်းနှင့် မြောက်ဘက်ရှမ်းတို့ကို (တိုင်းညှ)၊ ဇင်းမယ် ရှမ်းတို့ ကို(တိုင်းယွန်) ဟုခေါ်သည်။ စော်ဘွားဟူသည်မှာ (စောဝ) ဟူသောစကားမှလာသည်။ စောတိုင်လူမျိုး တို့၏ အစဟုဆိုလိုသည်။

ယိုးဒယားဟူသော ဝေါဟာရမှာ မြို့တော်အယုဒ္ဓယ မှလာသော စကားဖြစ်သည်။ ရှမ်းတို့က (အယုထိယ)

ဟု ခေါ်ဝေါ်ကြသည်။

SIAM ဟူသော စကားနှင့် (ရှမ်း) ဟူသော စကားအသံတူရိပ်ရှိ၏။ မော်လမြိုင်ဘက်တွင် ယိုးဒယားပြည်ဟု ခေါ်လေ့မရှိကြဘဲ (ရှမ်းပြည်) ဟုသာ ခေါ်လေ့ရှိကြသည်။

■■■■■■■■■■■■■■■■

# ရှမ်းတို့၏ ရှေးရိုးစဉ်လာသမိုင်း

ရှမ်းအမျိုးသားများက "မိမိတို့သည် ကမ္ဘာဦးအစ၌ပင် ရှိခဲ့နေပြီးသော လူမျိုးများဖြစ်သည်ဟု ယုံကြည်ကြသည်။ (ရှမ်း) ဆိုသော စကားလုံးသည် ပါဠိစကားမှ သက်ဆင်းလာသော ပါဠိပျက်စကားဖြစ်သည်ဟု အဆိုရှိသည်။

ရှမ်းအမျိုးသားတို့က မိမိတို့ကိုယ် မိမိတို့ (တိုင်း) ဟု ခေါ်သည်။ (တိုင်း) အဓိပ္ပါယ်မှာ (တောက်ပခြင်း) ဖြစ်သည်။ ရှမ်းရှမ်းတောက်ပသည်။ ဓိနိုးဓိးလျှံ (ရှမ်း) ဝသော စကားများတွင် ရှမ်းစကားလုံးမှာ (တောက်ပခြင်း၊ ပြည့်ဝခြင်း) သဘောအဓိပ္ပါယ်ကို ဆောင်သည်။

ရှမ်းပြည်ကို (မိန့်တိုင်း)၊ ရှမ်းလူမျိုးကို (ကွန်းတိုင်း)၊

ရှမ်းစကားတို (ကွန်းတိုင်း) ဟု ရှမ်းဘာသာဖြင့်ခေါ်သည်။ မြန်မာစာပေ၊ မြန်မာသမိုင်းများတွင် ရှမ်းမျိုးအစ (မိုင်းမောဂ)ဟူ၍လည်းကောင်း၊ ရှမ်းမင်းအစ (ဘိန္နက) မှဟူ၍လည်းကောင်း ဆိုရိုးလင်္ကာများရှိခဲ့သည်။

(မော) ဟူသော စကားမှာ (မင်း) ဟူ၍ အဓိပ္ပါယ်ရသည်။ ရွှေလီမြစ်ကို ရှမ်းအခေါ်ဖြင့် (နမ့်မောင်း) ဟုခေါ်သည်။ ရှေးအခါက ရွှေလီမြစ်ဝှမ်းတစ်လျှောက်တွင် ရှမ်း ၉ ပြည်ထောင်တည်ထောင်နေခဲ့ကြရာမှ ရှမ်းတို့ဒေသကို ရွှေလီမြစ်အား အစွဲပြုလျက် (မောကိုးပြည်) မောင်းကိုးပြည်ဟုခေါ်ကြသည်။

မြန်မာ့သမိုင်းများတွင် မိုင်းမောပြည်ကြီးအား အနောက်ပမ္မိတိုင်းသော။ သကျသာကီမင်းမျိုး ဘိန္နကရာဇာမင်းကြီးက စတင်တည်ထောင်ခဲ့သည်။ ယင်း၏ သားစဉ်မြေးဆက်များ ပြန့်ပွားသွားပြီး ပြည်ပေါင်း ၉ပြည်ထောင်နှင့် အခံမြို့ပေါင်း ၉၉မြို့ပါဝင်သော ကိုးပြည်ထောင်စုကြီးကို တည်ထောင်ကြသည်ဟု ပါရှိသည်။

ရှမ်းရိုးရာစကားအရဆိုသော် သကျသာကီဝင် မင်းအမျိုးအနွယ်ဖြစ်သော (ခွန်လူးမင်း) ခေါ်သည့် မင်းတစ်ပါးက မိုင်းမောပြည်ကြီးကို စတင်တည်ထောင်သည်ဟုဆိုသည်။ ထိုမင်းမှ ပေါက်ပွားသော မင်းဆက်များသည် အောက်ပါမြို့ကြီး ၉ မြို့နှင့် အခံမြို့

ဦးဟေမ

များတွင် မင်းပြုခဲ့ကြသည်ဆို၏။

| အမှတ်စဉ် | မော ၉ ပြည်ထောင်မြို့များ | အခံမြို့များအရေအတွက် |
|---|---|---|
| ၁။ | မိုးကောင်းမြို့ | ၉၉မိုင်၊ (မြို့ဝယ်) |
| ၂။ | မိုးညှင်းမြို့ | ၃၇မိုင်၊ (မြို့ဝယ်) |
| ၃။ | သောင်သွပ်မြို့ | ၂၀မိုင်၊ (မြို့ဝယ်) |
| ၄။ | ညောင်ရွှေမြို့ | ၃၉မိုင်၊ (မြို့ဝယ်) |
| ၅။ | သိန္နီမြို့ | ၄၉မိုင်၊ (မြို့ဝယ်) |
| ၆။ | အုန်းပေါင် (သီပေါ)မြို့ | ၂၉မိုင်၊ (မြို့ဝယ်) |
| ၇။ | မိုးမိတ်မြို့ | ၄၉မိုင်၊ (မြို့ဝယ်) |
| ၈။ | မိုးနဲမြို့ | ၃၇မိုင်၊ (မြို့ဝယ်) |
| ၉။ | မိုးဗြဲမြို့ | ၃၉မိုင်၊ (မြို့ဝယ်) |

အထက်ပါအယူအဆနှင့် မစ္စတာကောက်၏ ရှမ်းသမိုင်း မှတ်တမ်းမှာ ထပ်တူထပ်မျှ တူညီပေသည်။ ပြည်ထောင်စုမြန်မာ နိုင်ငံအတွင်း နေထိုင်ကြသော တိုင်းရင်းသားလူမျိုးများသည် အာရှ တိုက်အလယ်ပိုင်း ကုန်းမြင့် မြေပြန့်ထိမှ တောင်ဘက်သို့ တရွေ့ရွေ့ ပြောင်းရွှေ့ဆင်းသက်လာကြသည်။

နှစ်ကာလ အတိအကျမပြောနိုင်သော်လည်း မွန်ကိုမျိုးနွယ်ထဲမှ

လူမျိုးအုပ်စုများသည် အာရှတိုက်အလယ်ပိုင်း တရုတ်ပြည်၏ အနောက်ဘက်ရှိ ယန်စီနှင့် ဟိုတန်အိုမြစ်ကြီးနှစ်သွယ် မြစ်ဖျားခံရာ ကုန်းမြင့်ဒေသတွင် ပေါက်ဖွားနေထိုင်လာခဲ့ကြရာမှ တဖြည်းဖြည်း တောင်ဘက်သို့ ပြောင်းရွှေ့ဆင်းသက်လာသည်ဟု ယုံကြည်ရသည်။

မဟ္ဘတာဂေကာ၏ သမိုင်းအဆိုအရမူ မြန်မာသက္ကရာဇ်မတိုင်မီ ရှေးနှစ်ပေါင်း ၅၀၀ ကျော်ကတည်းက နောင်အခါ ရှမ်းလူမျိုးဖြစ်လာကြမည့် (တိုင်လူ) ခေါ် လူမျိုးတို့သည် အာရှတိုက်အလယ်ပိုင်းတွင် နေထိုင်လာခဲ့ကြသည်။

ထို့နောက် တရုတ်ပြည်တွင် ပြည်တွင်းမငြိမ်မသက်မှုကြောင့် မဲခေါင်၊ မဲနမ်၊ ဗြဟ္မပုတ္တရ၊ ဧရာဝတီ၊ သံလွင် စသော မြစ်ကြောင်းများမှ စုန်ဆင်းပြောင်းရွှေ့လာခဲ့ကြရာ မြန်မာနိုင်ငံ၊ လောနိုင်ငံ၊ ထိုင်းနိုင်ငံ၊ တာနသာရီကမ်းရိုးတန်းများအထိ ပြန့်နှံ့သွားသည်။ မြန်မာနိုင်ငံတွင်းသို့ ရှေးဦးစွာ ရောက်လာ၍ ဧရာဝတီမြစ်လက်တက်ဖြစ်သော ရွှေလီမြစ်ဝှမ်းတွင် ပထမဆုံး လာရောက်အခြေစိုက်ပြီး မောကိုးပြည်ထောင်ကို တည်ထောင်ခဲ့ကြသည်။

မြန်မာနိုင်ငံမြောက်ပိုင်း အစွန်ကို ကန့်လန့်ဖြတ်ကူး၍ အာသံနယ်ဘက်သို့ ပြောင်းရွှေ့သွားသူများလည်းရှိသည်။ အချို့မှာ ရွှေလီမှ ဧရာဝတီသို့ စုန်ဆင်းကြပြီး မြန်မာပြည်မမြေပြန့် အနှံ့အပြားသို့

ပြောင်းရွှေ့သွားခဲ့သည်။ အချို့မှာ တောင်တန်းများကို ဖြတ်ကျော်၍ ယခု ရှမ်းကုန်းမြေမြင့်သို့ ရောက်လာကြသည်။ ထိုမှတစ်ဖန် မဲခေါင်မြစ်ဘက်သို့ ကူးသွားကြရာ ထိုင်း (ယိုးဒယား) လောနိုင်ငံများသို့ ရောက်သွားကြသည်။

မောကိုးပြည်ထောင်ဆိုသည်မှာ မြန်မာနိုင်ငံတွင်းသို့ ရောက်ရှိလာပြီးနောက် တည်ထောင်သော ရှမ်းပြည်နယ်များဖြစ်ကြ၏။ ယခု ရှမ်းတို့အများဆုံးနေသော ကုန်းမြင့်ကို ရှမ်းကုန်းမြေမြင့် (ရှမ်းပြည်နယ်) ဟုခေါ်သော်လည်း အမှန်မှာ ရှမ်းတို့မှာ ရေကြည်ရာ-မြက်နုရာသို့ ပြောင်းရွှေ့နေလေ့ရှိပြီး ရောက်ရာဒေသရှိ လူမျိုးတို့နှင့် ပူးပေါင်းနေထိုင်တတ်ကြသည်။

ကချင်ပြည်နယ်တွင် ခန္တီးရှမ်းများ၊ ကရင်ပြည်နယ် ဘားအံတစ်ဝိုက်တွင် ရှမ်းရွာများ၊ သထုံ၊ ကျိုက္ကမီ၊ တနင်္သာရီတဝိုက်၊ မြေပြန့်ဒေသများနှင့် မြူး၊ တောင်ငူ၊ မန္တလေး၊ ပျဉ်းမနားစသော မြို့ကြီးများတစ်ဝိုက်တွင် နေထိုင်ကြသော ရှမ်းလူမျိုးပေါင်းများစွာ မြန်ကျဲလျက်နေကြောင်း တွေ့နိုင်သည်။

သီပေါ (အုန်းပေါင်) ရာဇဝင်တွင် မောကိုးပြည်ထောင်ကို ဤသို့ခွဲခြားမှတ်တမ်းထားရှိကြောင်း တွေ့ရသည်။

၁။ အရံကျေးလက် ၉၉ ခရိုင်ရှိသော ဥဒေါဂိရိတိုင်း။
မိုးကောင်းပြည်။

၂။ အရံကျေးလက် ၄၉ ခရိုင်ရှိသော မိဓရဋ္ဌ ဂန္ဓာလရာဇ်။
မိုးမိတ်ပြည်။

၃။ အရံကျေးလက် ၃၇ ခရိုင်ရှိသော အင္ဂပိရဋ္ဌ။
မိုးညှင်းပြည်။

၄။ အရံကျေးလက် ၂၇ ခရိုင်ရှိသော မောရိယတိုင်း။
ကလေးရာဇဗြိုဟ်ပြည်။

၅။ အရံကျေးလက် ၄၉ ခရိုင်ရှိသော သိဗိရဋ္ဌ။
သန္နီပြည်။

၆။ အရံကျေးလက် ၂၇ ခရိုင်ရှိသော ကမ္ဘောဇရဋ္ဌ။
အုန်းပေါင် (သီပေါ)ပြည်။

၇။ အရံကျေးလက် ၃၉ ခရိုင်ရှိသော ကမ္ဘောဇရဋ္ဌ။
မိုးနဲပြည်။

၈။ အရံကျေးလက် ၃၇ ခရိုင်ရှိသောကမ္ဘောဇရဋ္ဌ။
မိုးမြဲပြည်။

မိုင်းမောပြည်ဟူသည်ကား ... နောင်အခါတွင် သန္နီပြည်ဟူ၍ ခေါ်ဆိုအပ်သော သိဗိရဋ္ဌ တိုင်းကြီးတွင် ပါဝင်သွတ်သွင်းခဲ့

[redacted]

ပြီး မြို့တော်ရင်းအဖြစ်မှ ရှောက်ကျတိပ်ကောနေသည့် မိုင်းမောမြို့ ဟောင်းပေါ်ဖြစ်သည်။ ထိုမြို့တော်ဟောင်းနေရာကား နန်းမော (NAMMAO) ဟု ခေါ်သော ရွှေလီမြစ်အထက်ပိုင်း၌ တံတိုင်း၊ မြို့ရိုးပျက်များဖြင့် ထင်ရှားရှိနေသေးသည်။

ထိုမိုင်းမောဝ်ဟုခေါ်သည့် ရှမ်းတို့၏ ပြည်ကြီးကား ရှေးအခါ ကာလက ပုဂံခေတ်နှင့် ခေတ်ပြိုင်ဖြစ်ခဲ့ပြီး အယုဓ်း၊ ထေရဓ်ါး တို့တွင် စောကြောင်း သုံးသပ်ကြသည်။

စောမွန်လှသည် ထိုမောဝ်မင်းသမီးတစ်ပါးဖြစ်ခဲ့ပြီး ထင်ရှား ခဲ့သော သမိုင်းပြယုဂ်အတွက် ဇာတ်ကောင်တစ်ကောင်ဖြစ်သည်။ ထို့အတူ ရှမ်းလူမျိုးတို့၏ မူလဇာစ်မြစ်အနွယ်မှာ တရုတ်လူမျိုးကွဲများ ဖြစ်ကြောင်း ထုံးဟောင်းရာဇဝင်အခံတောင်စောင်တွင် ဖော်ပြထား ကြောင်း တွေ့နိုင်သည်။ ယိုးဒယားလူမျိုးများမှာ မူလတိုင် (ရှမ်း) လူမျိုးမှ ကာလကြာသောအခါ တိုင်အစား(ထိုင်း) ဟုခေါ်ဝေါ်၍ ရှမ်း(တရုတ်နွယ်) များပင် ဖြစ်ကြသည်။

■■■■■■■■■■■■■■■


ရိုးဘာဝေ

# စဝ်ဖနော်မိန်းနှင့်စဝ်မွန်လ

ရှမ်းလူမျိုးတို့သည် မြန်မာပြည်တွင် အရှေ့ဘက်တောင်ကုန်း တောင်တန်းများတွင် ပြည်နယ်၊ အသီးသီးတည်ထောင်နေကြသည်ကို တွေ့နိုင်ပြီး ယင်းတို့မှာ ရှမ်းကုန်းပြင်မြင့်အား ခြေကုတ်ယူထား ကြသည်။ သံလွင်မြစ်သည်လည်းကောင်း၊ ရွှေလီမြစ်သည်လည်း ကောင်း ယင်းတို့အားထားရာ မြစ်များလည်းဖြစ်သည်။

အုပ်ချုပ်ရေးတွင် စံနစ်တကျတိုင်း ၉ တိုင်းခွဲဝေထားပြီး စော်ဘွားစံနစ်ဖြင့် အုပ်ချုပ်သည်။ စော်ဘွားကို ရှမ်းဘာသာဖြင့် (စောင်ဖ) ဟုခေါ်သည်။ (စောင်) မှာ တန်ခိုးကြီးသော ဘုရင်ဖြစ် ပြီး (ဖ) မှာ မိုးကောင်းကင်ဟု အဓိပ္ပါယ်ရသည်။ ထို့ကြောင့် "မိုးကောင်းကင်ကအထိ တန်ခိုးကြီးမားသောဘုရင်" ဟု စော်ဘွား (စောင်ဖ) တို့အား မှတ်ယူကြသည်။

ဇော်ဘွားအရိုက်အရာ ဆက်ခံမည့် ဇော်ဘွားသားအကြီးဆုံးအား (စော်ဝ်အွမ်) သို့မဟုတ် (ကျိုင်းသခင်လေး) ဟုခေါ်သည်။ ဇော်ဘွားစနစ်ဖြင့် အုပ်ချုပ်ရာတွင် ဤသို့ အဆင့်ဆင့်အုပ်ချုပ်ကြလေ၏။



မြို့တားကြီးတွင် သာပမိုရိုးရိုးမြို့တားမှ ဉာဏ်စာပညာနှင့် ပြည့်စုံသူ့ကို ခန့်အပ်ထားခြင်းဖြစ်သည်။ အဲထူးမြို့တားမှာ စော်ဘွားကြီးတို့ဆွေသားမျိုးသော၊ ဆွေတော်မျိုးတော်တို့ကို မှန့်အပ်ထားသောရာထူးဖြစ်သည်။

မောင်ကိုးပြည်ထောင်သည် ပဒေသရာဇ်စံနစ်တစ်ခုဖြစ်သော စော်ဘွားတို့၏ အုပ်ချုပ်မှုအောက်တွင် ငြိမ်သက်စွာ စည်ကားတိုးပွားနေလေ၏။ မိုင်းဝ်မောတွင်လည်း စော်ဘွားကြီး 'စဝ်ဆောခံနို့ဖ' သည် အုပ်ချုပ်နေခဲ့သည်။ သူ၏အပိုင်ထဲတွင် စောမွန်လှ၏ ဇာတိရွာကလေးဖြစ်သည့် 'စယ်လန့်' သည်လည်း အပါဝင်ဖြစ်သည်။

ထိုစော်ဘွားကြီးစဝ်ဆောခနို့ဖ နတ်ရွာစံသွားသောအခါ၌ စော်ဘွားတို့၏ ထုံးစံအတိုင်း သားဖြစ်သူ (စဝ်တို့ဖ) က ဆက်လက်အုပ်ချုပ်ခဲ့သည်။ ထိုစော်ဘွားကြီး စဝ်ဖေဟုံဖနှင့် မိဖုရား အဂ္ဂမဟေသီဒေဝီတို့မှ သက္ကရာဇ် ၃၉၁ ခုနှစ်တွင် စောမွန်လှနှင့်အတူသားတော်ကလေးတစ်ပါး အမ္ဘာ(မောင်နုမ) ကို မွေးဖွားခဲ့သည်။

ယခင်က စယ်လန့်ရွာကလေးမှာ မိုင်းမော၏မြို့ပြနေရာဖြစ်ခဲ့ပြီး ဟော်နန်းကြီးဖြင့် ခမ်းနားသိုက်မြိုက်စွာရှိလေ၏။ အချို့သောကျမ်းများ၌ စောမွန်လှအား မိုင်းမောဝ်စော်ဘွားကြီး စောခေါ်ဝိုက်နှင့် တော်နန်းသခင်မ မုတာဒေဝီတို့မှ ဖွားမြင်သည်ဟု

ဆိုကြသည်။

စယ်လန့်ရွာကလေးမှာ မူဆယ်နှင့် နမ့်ခမ်းကားလမ်းပေါ်တွင် ယခုအခါတွင် တွေ့မြင်နိုင်ပြီး မူဆယ်နှင့် (၇) မိုင်ခန့်ဝေးမည်ဖြစ်သည်။ "စယ်လန့်" ဟူသည်မှာ ရှမ်းဘာသာဖြင့် (လူတစ်သန်းရှိသောမြို့) ဟု အဓိပ္ပါယ်ဆောင်သည်။

ယောဂ်ရှမ်းတို့ကား ဘာသာအယူဝါဒ၌ တရုတ်ပြည်မကြီးမှ ဆင်းသက်ရွေ့လျားလာခဲ့သော မျိုးနွယ်စုများဖြစ်ကြသဖြင့်မဟာယာနနှင့် ထေရဝါဒ ဗုဒ္ဓဘာသာကို ရောနှောစွာ ကိုးကွယ်ခဲ့ကြကြောင်း တွေ့နိုင်သည်။ စုန်း၊ နတ်၊ မြေဘုတ်ဘီလူးကို ကိုးကွယ်ယုံမှုရှိသကဲ့သို့ ဗုဒ္ဓအဆုံးအမဖြစ်သော ထေရဝါဒနည်းနာ နိသျှများကိုပါ လက်ခံယုံကြည်ကြသည်။

အထူးသဖြင့် ဗုဒ္ဓနွယ်တော်ကိန်းဝပ်တော်မူ၍ ထေရဝါဒ ရောင်ဝါထွန်းလင်းတောက်ပခဲ့သော တရုတ်ပြည်တွင် နေထိုင်လာခဲ့ပြီး တရုတ်မျိုးနွယ်စုချင်း ဖိနှိပ်တိုက်ခိုက်မှုလက်အောက်မှ ရှောင်တိမ်းရွေ့လျားလာခဲ့ကြသည့် ယောဂ်ရှမ်းလူမျိုးများအဖို့ ဘာသာယဉ်ကျေးမှုနှင့် စိမ်းမည်မဟုတ်ပေ။ နှိုင်းယှဉ်၍ဆိုရသော် ထိုစဉ်အခါက ပုဂံတွင် ထေရဝါဒ မထွန်းလင်း မတောက်ပဘဲ အရည်းကြီးများ စိုးမိုးစဉ်၌ ယောဂ်ရှမ်းတို့တွင် ဗုဒ္ဓဘာသာသနာ ထွန်းလင်းနေပြီဟု ဆိုနိုင်ပေသည်။

ဗုဒ္ဓဘုရားရှင်၏ စွယ်တော်မြတ်တိန်ဆောင်ရာ ဂန္ဓာလရာဇ် (ဗိန္ဒရွှေ မိန့်တိုင်းကြီး) မှ မိုးစွယ်စုဖြစ်ခဲ့သော "တိုင်" (ရှမ်း) တို့အဝို၊ ဘာသာရေးအဆုံးအမများဖြင့် ယဉ်ကျေးနေပြီးဖြစ်မည်မှာ တွေးယူ၍ ရစကောင်းသည်။ အနော်ရထာနှင့် ခေတ်ပြိုင်ဖြစ်သော မိန့်တိုင်းနှ ဥတ္တာသွားထံ စွယ်တော်မြတ်အလှူခံလာရခြင်းကို ထောက်ရှု၍ ပုဂံထက် မိန့်တိုင်းမှ ရွှေ့လျားလာခဲ့ရသော မော်ရှမ်းတို့သည် ဗုဒ္ဓသာသနာကို စောလျှင်စွာ ရင်ဝယ်ပိုက်နိုင်ခဲ့ကြောင်း ယုံမှားစရာ မရှိပေ။

တို့အတူ ပုဂံအနော်ရထာမင်းစောသည် ရွှေစည်းခုံကို စတင် တည်စဉ်၌၊ မော်ရှမ်းပြည်တွင် သိရိဓမ္မာသောကမင်းကြီး လာရောက် သာသနာပြုသွားခဲ့ပြီး 'ပေါ့ကြီး' ဘုရားကို သီပေါ်နယ်၌တည်ပြီး ဖြစ်ကြောင်း သမိုင်းအထောက်အထားများတွင် တွေ့ရသည်။

မိုင်းမောစ်စော်ဘွားကြီး စဝ်သေဟဲဝနှင့် မိဖုရား မဟာဒေဝီ တို့နှင့်အတူ မော်ကိုးပြည်တောင်၌ စုဗွဲခါ၊ တောရပ်အမြိန့်နှံ့စွာ လက်ခံယုံကြည်ကိုးကွယ်နေကြကြောင်း (ချွန်းသမိုင်းဟောင်း) များတွင် ဖော်ပြထားသည်။ သက္ကရာဇ် ၃၉၅ခုနှစ်၌ မိုင်းမောစ်စော် ဘွားကြီးနှင့် မဟာဒေဝီတို့မှာ သားသမီးရတနာ တစ်ပြိုင်တည်းရရှိ လေသဖြင့် ထူးထူးကဲကဲ ဝမ်းမြောက်ကြတုန်လေ၏။

ဖော်ဘွားတို့၏ (ဖောင်နှန်း) အရိုက်အရာကို ဆက်ခံယူမည့် သားကြီး (ကျူမိုင်းသခင်လေး) နှင့်အတူ သမီးငယ်တစ်ပါးကိုပါ ရလေရာ ဘဝအတွက် ပြည့်စုံခြင်းရှိလေသည်တကားဟု သီကျူး ကြလေ၏။ ဘုရားရှင်၏ ဂုဏ်ကျေးဇူးတော်ကို အောက်မေ့ရည် မှန်း၍ လက်ဆယ်ဖြာဖြင့် ထိပ်တွင်မိုးကာ ဆုတောင်းပတ္တနာပြုခဲ့ ကြသည်။

"ဤသား ... ဤသမီးတို့သည် မောဝ်ရှမ်းပြည်ကြီးကို ကြီးပွားတိုးတက်အောင် စွမ်းဆောင်နိုင်သူများဖြစ်ကြပါစေ သတည်း။"

ဤသို့ ရည်မှန်းစိတ္တာနိုပြီးသော် သားတော်ကလေးကို (စဝ်နော် မိန်း) ဟူ၍လည်းကောင်း၊ သမီးတော်အား (စဝ်မွန်လ) ဟူ၍လည်း ကောင်း၊ အသီးသီးနာမည်ပေးခဲ့လေသည်။

သားတော် 'စဝ်နော်မိန်း' ဟူသည့်အမည်မှာ မောဝ်ရှမ်းပြည် ကြီး၏ အညွန့်၊ အညွှာက်ဟူ၍ အဓိပ္ပါယ်သက်ရောက်စေခြင်းဖြစ် သည်။ သမီးတော် 'စဝ်မွန်လ' ဟူသည်မှာလည်း အလှဂုဏ်ကြွယ် ၍ တင့်တယ်သူဟူ၍ အဓိပ္ပါယ်ရသည်။

စဝ်မွန်လ (သို့မဟုတ်) စော + မွန် + လ = ဟူသော စကားသုံးလုံးအနက် ရှေ့နှစ်လုံးမှာ ရှမ်းဘာသာဖြစ်၍ မြန်မာ

ဘာသာဖြင့် စဝ် • (သို့မဟုတ်) စောဟူသည် 'အရှင်' ဖြစ်ပြီး "မွန်" ဟူသည်မှာ 'ဂုဏ်' ဖြစ်သည်။(သို့မဟုတ်) ဂုဏ်နှင့်ပြည့်စုံခြင်းဟုဖြစ်သည်။ နောက်စကား လုံးဖြစ်သော (လ)ဟူသည်ကား ရှမ်းဘာသာစကား 'လီ' ကို မြန်မာစကားလုံးအတု လိုက်သောရှမ်းသံပျက်ဖြစ်သည်။ 'လီ' မှ မြန်မာလို 'လှ' ကိုပြောင်းသုံးသည်။

ရှမ်းနှင့် မြန်မာတို့မှာ လွန်စွာနီးစပ်တူညီသော စကားများရှိသဖြင့် ဤကဲ့သို့ အသံပျက်ရှိကြောင်း၊ ထိုစကားသုံးလုံးပေါင်း၏ မြန်မာလိုအဓိပ္ပါယ်မှာ 'အလှဂုဏ်ကြွယ်သော အရှင်မ' ဟူ၍ ဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။ ထို့ကြောင့် ရှင်+မွန်+လှ (စောမွန်လှ) ဟူသော စကားသုံးလုံးမှတစ်ပါး ပုဂံသို့ရောက်၍ မြန်မာတို့အခေါ်အားဖြင့် ခေါ်ဝေါ်ခြင်းဟု မှတ်ယူသင့်ပေသည်။

ရှမ်းလူမျိုးတို့၏ လူမှုအဖွဲ့အစည်း၌ မင်းမျိုးတော်ဘွားမျိုးတို့ကို နာမည်ရှေ့က 'စောဝ်' တပ်၍ မှည့်ခေါ်ရသည်။ 'ခွန်' မှာ မှူးကြီးမတ်ကြီးမျိုးဖြစ်၍ 'ခွန်' ကို နည်းမည်ရှေ့ကတပ်ခေါ်ရသည်။

သာမန်လူတို့အဖို့ ကလေးငယ်တဝတွင် ယောက်ျားကလေးများဆိုလျှင် (အိုက်)၊ ကိုရင်ဝတ်အရွယ်တွင် (ဆန်)၊ လူပျိုပေါက်ဖြစ်လာလျှင် (စိုင်း)၊ ဟူ၍ ပြောင်းလဲသုံးနှုန်းခေါ်ဝေါ်ကြသည်။

မိန်းကလေးများအရွယ်ရောက်လာလျှင် (နန်း) တ၍ နာမည် ရှေ့က တပ်၍ ခေါ်ဝေါ်ရသည်။

ဤကား ... ရှမ်းလူမျိုးတို့၏ ဓလေ့တည်း။

ဦးဗေဒ

# ယဉ်ကျေးသိမ်မွေ့သော ရှမ်းမောင်နှမ

ဟော်နန်းအတွင်း ကြီးပြင်းရသည့် ပဒေသရာဇ်တို့၏ ရင်သွေးတော်တို့မှာ ကြောင့်ကြပူပင်ခြင်းကင်း၍ အခြွေအရံများစွာနှင့် စံစားနေကြရလေ၏။ သားတော်စဝ်နော်မိန်းနှင့် သမီးတော် စဝ်မွန်ရှုတို့၏ ရုပ်ရေရူပကာအရာမှာလည်း မည်သူနှင့်မျှ မတူအောင်တစ်မူထူးခြား၍ တောက်ပကြည်လင်လျက်ရှိသည်။

စော်ဘွားကြီးနှင့် မဟာဒေဝီတို့၏ ဘာသာတရားကိုင်းရှိုင်းရိုကျိုးခြင်း၊ သိမ်မွေ့နူးညံ့ခြင်း အရိပ်အငွေ့တို့မှာ သားတော် သမီးတော်တို့အပေါ် သွန်းဖြိုးလျက်ရှိကုန်၏။ ငယ်ရွယ်စဉ်ကလေးကတည်းကပင် သားတော်နှင့် သမီးတော်ကလေးမှာ ယဉ်ကျေးသောအမူအရာနှင့် နှုတ်ချိုသောစကားကိုဆိုတတ်လေ့ရှိသည်။

စဝ်နော်မိန်းတွင် မင်္ဂလာကျက်သရေနှင့် ဘုန်းကြီးမားသော မျက်နှာထား၊ ထွားကျိုင်းနိုင်ခန့်၍ တောက်တိုင်နှင့်တူသည့် ကိုယ်ခန္ဓာ အချိုးအဆစ်လက္ခဏာများ တွေ့မြင်နေရသည်။ ထို့အတူ သမီးတော်ကလေး စဝ်မွန်လှတွင်လည်း တောက်ပသောမျက်လုံး၊ အေးမြသောမျက်နှာ၊ ကြော့ရှင်းသည့် ခန္ဓာကိုယ်အချိုးအဆစ်လက္ခဏာများ ပေါ်လွင်နေပေ၏။ ဖော်ဘွားကြီးနှင့် မဟာဒေဝီသည် သားနှင့် သမီးအတွက် များစွာနှစ်ထောင်းအားရရှိပြီးလျှင် အနာဂတ်မျှော်မှန်းချက်များ ကြီးမားစွာထားကြလေ၏။

သားတော်လေးစဝ်နော်မိန်းအား ယောကျ်ားပီသစေရန် ယောကျ်ားတို့တတ်အပ်သော ပညာတို့ သင်ပေး၍ တော်နန်းအရိုက်အရာအတွက် ကျမိုင်းကိုယ်တော်တစ်ပါးနှင့် တူစေရန် ပျိုးပေးရမည်ဟု တွက်ဆထားကြလေ၏။

သမီးတော်လေး စဝ်မွန်လှအတွက်မူ၊ ယဉ်ကျေးပျူငှာ အမူအယာအပြင် ဗုဒ္ဓ၏ တရားတော်တို့နှင့် ယဉ်ပါးတတ်သိစေရန် လမ်းကြောင်းဖော်ပေးလေ၏။ ဘာသာရေးကိုင်းရှိုင်းသော လူမှုဝန်းကျင်ဖြစ်သောကြောင့် မကောင်းမှုကို ပယ်ရှားစေပြီး ကောင်းမှုကို လမ်းပြဖော်ဆောင်ပေးခဲ့သည်။

စဝ်မွန်လှကား ... ငယ်စဉ်ကတည်းကပင် ဘုရားကျောင်း

ကန့်သွားခြင်းနှင့် ဗုဒ္ဓရုပ်တော်များ၊ ရွှေဘိုသွားသရုပ်မြှာယ်ရခြင်းကို ပျော့ပိုက်လေသည်။ ဝင်မှန်လှအား ဆေဘွာကြီးနှင့် မဟာဒေဝီတို့သည် သိရိမွှာ သောကာမင်းကြီး တည်ထားတော်မူခဲ့သည့် ရှေးဟောင်းမုရွှောစေတီတော်သို့ မကြာခဏ သွားရှ၍ ဖူးမျှော်စေခဲ့သည်။

ရှမ်းစော်ဘွားတို့သည်ကား ဗုဒ္ဓအပုဒ်အကို ရဝယ်ပိုက်လျှက် ဝိန့်တိုင်းမှသင်းသက်ပေါက်သွားလာခဲ့ကြသူ တိုင်တရုတ်မျိုးနွယ်စုများ ဖြစ်ကြလေသဖြင့် ထေရဝါဒသာသနာအပေါ် ယုံကြည်သက်ဝင်ကြသည်။ ဝိန့်(တရုတ်) တိုင်းကား အထူးဆိုရလျှင် ဗုဒ္ဓနွယ်တော်ကိန်းဝပ်ရာဌာနေလည်းဖြစ်၍ မဇ္ဈိမဒေသနှင့် ပိုးလမ်းမကြီးတို့ ဆက်သွယ်ထားမှုကြောင့် ယဉ်ကျေးမှုအစောဆုံး ထွန်းကားခဲ့သည်။

ပိုးသားလမ်းမကြီးကို အကြောင်းပြု၍ ဥရောပ၊ အိန္ဒိယ ဒေသ အနောက်ပိုင်းဒေသများမှ ခရီးသည်များ၊ ကုန်သည်များ၊ သာသနာပြုဟူရိုလ်များ စသည်တို့သည် တရုတ်ပြည်သို့ အဆင့်နှင့် ကြမ်းခြင်း ကူးသန်းသွားလာခဲ့ကြသည်။

တရုတ်ကုန်သည်များ ခရီးသည်များ၊ သာသနာပြုဟူရိုလ်များ စသည်တို့သည်လည်း အလားတူပင် ထိုလမ်းမကြီးမှတစ်ဆင့် အနောက်ဘက်ဒေသများသို့ ဥဒဟိုကူးသန်းသွားလာခဲ့ကြသည်။

မဟာစေတီရိုးသည်ကြီးများအဖြစ် ကမ္ဘာကျော်ခဲ့ကြသည့် တရုတ်ဗုဒ္ဓဘာသာ ဘုန်းတော်ကြီး ဖာဟီယန်စသည်တို့လည်း ဤပိုးသားလမ်းမကြီးမှ ကျော်ကြားခဲ့သည့် အရှေ့အနောက် လမ်းမကြီးမှ တစ်ဆင့် ဗုဒ္ဓဘာသာနာပွင့်လင်းစည်ပင်ရာ မဇ္ဈိမဒေသသို့ သွားရောက်ခဲ့ကြ၏။ ယင်းမှအစပြု၍ ဗုဒ္ဓသာသနာတော်သည် တရုတ်ပြည်၊ ရှမ်းပြည်၊ ယိုးဒယားပြည်ထိတိုင်အောင် စီးမျောလာခဲ့တော့သည်။

ခေတ်ပြိုင်အားဖြင့် သရေခေတ္တရာမြို့ပြတွင် ပျူများကောင်းစားစဉ်အခါကပင် ဘုန်းပြည်မြောက်ပိုင်း၊ သီပေါဒေသ၌ မုဋ္ဌောစေတီ ဖော်တူ၍ ရှိစဉ်နေပြီဟု သမိုင်းများတွင် တွေ့ရသည်။ သီရိမ္ဗော သောကမင်း၏ ကောင်းမှုတော်ဖြစ်ပြီး ဓာတ်တော်အများအပြား ကိုးကွယ်ရာစေတီတစ်ဆူအဖြစ် ထင်ရှားခဲ့သည်။

ခေတ်ရေစီးကြောင်းနှင့် ဘာသာရေးစီးကြောင်းကို ကြည့်ခြင်းအားဖြင့် ရှမ်းတို့မှာ ဗုဒ္ဓအယူမတွင်ကပင် လက်ခံယုံကြည်၊ ကိုးကွယ်နေပြီဟု ဆိုရပေမည်။ ထို့ကြောင့်လည်း စော်ဘွားကြီး စဝ်ရွှေဝှံ့ဖနှင့် မဟာဒေဝီတို့သည် သမီးတော်လေး စဝ်မွန်လှအား ဘာသာရေးလောင်းရိပ်အောက်သို့ ပို့ဆောင်ယဉ်ကျေးစေခဲ့သည်။

စဝ်မွန်လှသည် အရွယ်ငယ်ပင်ငယ်ကြားသော်လည်း မဟာဒေဝီ၏ စွတ်တိုက်သင်ကြားပေးသော (မေ့မင်္ဂလာပရိတ်ကြီးနှင့်သုတ်) တရားတော်

ဦးတာယာ

ကို အထင်အရှားမရှိ ရှာဖော်ဆိုနိုင်ခြင်းမပြုနိုင်သေး၏။ ရှမ်းတို့၏ မောဝ်ကိုးပြည်တောင်သို့ ဗုံပြည်မှ ကြောင်းသူရဲမင်းလက်ထက်၊ ရှင်ဗုဒ္ဓဃောသမထေရ်မြတ် သီဟိုဠ်မှ သထုံပြည်သို့ ဆောင်ယူခဲ့ပြီး သထုံမှတစ်ဆင့် မောဝ်ပြည်နယ်သို့ ရောက်ရှိလာသော ပိဋကတ်တော်များကို ကြိုးစားရှာဖွေသင်ယူကြသည်။ ထို့ကြောင့် ရှမ်းတို့သည် သထုံနှင့်လည်း ကူးလူးဆက်ဆံမှုရှိကြောင်း သိနိုင်ရသည်။

သျှမ်းရာဇဝင်တောင်းတို့၌ ဖွင့်ဆိုချက်တွင်လည်း။

"ဤမိုင်းမောဝ်ပြည်နယ်ကြီးကို လက်မှန်အစ၊ ပထမဆုံးတည်ထောင်ခဲ့သောမင်းမှာ တကောင်းသတ်သရေပြည်ကြီးကို ထီးရိုးမပျက် ဆက်လက်အုပ်စိုးသော သဒ္ဓါဝင်မင်းမျိုးသုံးကျိပ် သုံးပါးတို့အနက် နောက်ဆုံးမင်းဆက်ဖြစ်သည့် အိန္ဒာရာဇာ၏ ညီတော်ရင်း အိန္ဒာရာဇ်ပင်ဖြစ်သည်။

ထိုအိန္ဒာရာဇ်လက်ထက်တွင် တရုတ်တို့ ရန်ဘေးကြောင့် မင်းကြီးတိမ်ရှောင်ခဲ့ရာ (မလည်) အရပ်သို့ရောက်၍ တစ်မြို့တည်ထောင်စံတော်မူဆဲ နတ်ရွာစံလွန်တော်မူသဖြင့် မိုလ်မြေပင်းသုံးသင်းကွဲပြားသွားခဲ့

သည်။

ညီတော် ဘိန္နတရာစ်မင်းနှင့်တစ်ရုတို့သည် ရောဓတီမြစ်အရှေ့ဘက်မျက်နှာ၊ ရွှေလီ၏ လက်ျာတွင် ညီညာသောမြေပြင်ကို ရောက်ရှိတွေ့မြင်ခဲ့ကြသည်။ ထိုနေရာ၌ များပြားသော ဗိုလ်ထုတို အုပ်စုမကွဲမပြားစေဘဲ ရပ်တန့်နား၍ တိုင်းကားပြည်ထောင် တည်ထောင်နေခဲ့ကြသည်။

ထိုမောဝ်ပြည်မှစ၍ "သာတီဝင်မဟာနွယ်သခင်း၊ မောဝ်မင်းတို့အောင်ကိုးပြည်ထောင်" ဟူ၍ နောင်ကာလတွင် ဖြစ်ထွန်းပေါ်ပေါက်လေသတည်း။

ဟူ၍ ဖော်ပြထားသည်။

ယင်းကိုထောက်ရှု၍ ရှမ်းတို့၏ မူလဇစ်မြစ်ကား မြင့်မြတ်သူများသာဖြစ်ချေလေ၏။ ဝင်နော်မိန်းနှင့် သမီးတော်စဝ်မွန်လှတို့သည်လည်း မျိုးဂုဏ်ဇာတိမြင့်သူများဖြစ်လေသတည်း။

# မောဝ်တို့မြေမှ ရွှေစေတီ

စဝ်မွန်လှသမိုင်းကို ဖော်ပြရာ၌ ရှမ်းပြည်မြောက်ပိုင်း သီပေါ မြို့နယ်၊ ဘော်ကြီးရွာကျေးရွာရှိ ရှေးဟောင်းသမိုင်းဝင် တန်ခိုးကြီး ဘော်ကြီးမုဋ္ဌောစေတီတော်နှင့် ရုပ်ပွားဆင်းတုတော်များသမိုင်း မပါလျှင် မပြီးပေ။ အဘယ်ကြောင့်ဆိုသော် စဝ်မွန်လှဘဝသည် မုဋ္ဌောဘုရား ရိပ်မှာ ခွဲခွာပြီးလျှင် ပုဂံမြေ အနော်ရထာမင်းစောလက်သို့ လိုက်ခဲ့ ရပြီး၊ နောင်သောအခါ မင်းကြီးစွန့်ပစ်၍ ပြည်တော်ပြန်ခဲ့ရသောအခါ ဤမုဋ္ဌောစေတီရိပ်တွင် ပြန်လည်ခိုလှုံရင်း ဘဝဆုံးရသူဖြစ်သည်။

အချို့သော မုဋ္ဌောစေတီသမိုင်းတို့တွင် အမှတ်မှားကြ၊ အရေး များကြလျက် မောဋ္ဌောစေတီအား စဝ်မွန်လှ၏ ကောင်းမှုတော်ဟု ဆိုထားကြသည်။ ယင်းကြောင့် သမိုင်းမှန်လည်းဖြစ်စေ–စဝ်မွန်လှနှင့်

ဆက်နွယ်နေသော ဂျိုမောဝ်မြေမှ ရှေးဟောင်းစေတီ(မုဋ္ဌော)သမိုင်းကို ဖော်ပြရခြင်းဖြစ်သည်။

ရှေးဟောင်းသမိုင်းဝင်၍ အစောဆုံးကာလ တည်ထားကိုးကွယ်တော်မူသော တန်ခိုးကြီးဘော်ကြိုမုဋ္ဌောစေတီတော်သည် ရှမ်းပြည်နယ်မြောက်ပိုင်း၊ သီပေါမြို့နယ်၊ ဘော်ကြိုကျေးရွာ၊ ရွာဟောင်းနှင့် ရွာသစ်ကြား(မန္တလေး–လားရှိုး)မော်တော်ကားလမ်းနှင့် မီးရထားလမ်း၏ကြား နဝ္ဘဝတီမြစ် မြောက်ဘက်တွင် ထင်ရှားစွာတည်ထားကိုးကွယ်လျက်ရှိသည်။ မြန်မာနိုင်ငံ၏ တန်ခိုးကြီးသော ရုပ်ပွားဆင်းတုတော်၊ ပုထိုးတော်၊ စေတီတော်များ၊အနက် လူသိများ၍ ထင်ရှားလှသည်။ ယင်းမှာ စစ်မှန်လှကြောင့်တူလျှင်လည်း မများနိုင်ပေ။

ဘော်ကြိုဘုရားကြီးဟုဆိုသော်လည်း စေတီတော်နှင့် ရုပ်ပွားတော်များပေါင်း၍ ဘော်ကြိုမုဋ္ဌောဘုရားဟု အများသူငှာ သိရှိကြသော်လည်း စေတီတော်၏ အိုယကာနှင့် ရုပ်ပွားဆင်းတုတော်များ၏ အိုယကာမှာ တစ်ဦးတီးသာလျှင်ဖြစ်သည်။ တည်ထားကိုးကွယ် ထုလုပ်လှူဒါန်းသည့် ခုနှစ်များမှာလည်း မတူညီပေ။

ဘော်ကြိုမုဋ္ဌောစေတီတော်၏ အိုယကာမှာ ဂေါတမမြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်ပြုပြီးနောက် နှစ်ပေါင်း(၂၃၅–၂၄၇)အိစိနှစ်

ကြာသောအခါ ပါရှလီပုတ်ပြည်ကြီးနှင့် ဇမ္ဗူဒီပါတစ်ကျွန်းလုံးကို အစိုးရတော်မူသော သီရိဓမ္မာသောကမင်းကြီးလက်ထက်၊ တတိယ သင်္ဂါယနာတင် အထိမ်းအမှတ်အဖြစ် အရှင်မဟာမောဂ္ဂလိပုတ္တတိဿ မထေရ်ရဟန္တာအရှင်မြတ်ကြီး ဦးစီးနာယကပြုလျက် မြတ်စွာဘုရား တည်ထားတော်မူသော ၊ သာသနာ(၅၀၀၀) ကာလပတ်လုံး။ ဗုဒ္ဓ သာသနာ တည်တံ့စေသော သီရိဓမ္မာသောကမင်းကြီးသည် စေတနာ သဒ္ဓါတရား၊ ရှေ့ရှုလျက် သာသနာပြု ရတနာတော်များအား အတိုင်းတိုင်း၊ အပြည်ပြည်သို့ စေလွှတ်ပြီး -

- ရေတွင်းပေါင်း ၈၄၀၀၀
- ရေကန်ပေါင်း ၈၄၀၀၀
- စေတီပေါင်း ၈၄၀၀၀

တည်ထားကိုးကွယ်ရာတွင် ဤဘော်ကြီးမုဇ္ဈောစေတီတော်လည်း၊ တစ်ဆူအပါအဝင်ဖြစ်သည်။ ထို့ကြောင့် ဘော်ကြီးမုဇ္ဈော ဒါယကာမှာ သီရိဓမ္မာသောကမင်းကြီးသာလျှင်ဖြစ်သည်။ တတိယ သင်္ဂါယနာတင်ပြီးကာလ၊ (၉)ရာစုနှစ်၊ သာသနာသက္ကရာဇ် (၂၀၀)နှင့် (၃၀၀)ကြားတွင် မုဇ္ဈောစေတီတော်အား တည်ထားခဲ့ကြကြောင်း ဆိုကြသည်။

ရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ် ရဟန္တာအရှင်မြတ်ကြီး၊

သည် တိတိယသင်္ဂါယနာတင်၏ အကြီးအမှူးဖြစ်ပြီး ပဋိသမ္ဘိဒါလေးပါး၊ အဘိညာဉ်ခြောက်ပါး၊ ရဟန်းတော်တို့၏ တန်ခိုးဣဒ္ဓိပါဒ်နှင့် ပြည့်စုံသော အရှင်မြတ်ဖြစ်သည်။ နောင်သောအခါတွင် ဂေါတမမြတ်စွာဘုရားရှင်၏ သာသနာ- အဘယ်အရပ်၌ ကောင်းစွာတည်တံ့ရန်အတွက် စေတီ၊ ပုထိုးများ တည်ထားသင့်သည်ဟူ၍ ကျမ်းဂန်များတွင် လေ့လာရှာဖွေရာ ... ဤဒေသ၌ သော်ကြိုမုဓ္ဓောစေတီတော်ကို တည်ရန် ရွေးချယ်မိလေ၏။

သိရီဓမ္မာသောကမင်းကြီး ဤဒေသကို ရွေးချယ်ရသည့် အကြောင်းရင်းမှာလည်း ဂေါတမဘုရားလောင်း စုဝဉ်ဘဝအခါက ဝက်မင်းဖြစ်သောအခါ စံပျော်ရာရေကန်သော (ဝက်လူးအိုင်)နေရာ ဖြစ်ခဲ့ဖူးသော ဥတ္တရကာမ္ဗောဇတိုင်း (ယခုရှမ်းပြည်)နယ်မြောက်ပိုင်း၊ သီပေါမြို့နယ် သော်ကြိုကျေးရွာအရပ်တွင် မုဓ္ဓောစေတီတော်တည်ရန် ရဟန္တာအရှင်မြတ်ကြီးက ညွှန်ပြအမိန့်ရှိ၍ တည်ထားခြင်းဖြစ်သည်။

ရှမ်းလူမျိုးများ ဤအုန်းဘောင်၊ သီပေါအရပ်သို့ သာသနာ သက္ကရာဇ် ၄၈၅ ခုနှစ်တွင်မှ ရောက်ရှိလာပြီး အုန်းပေါင်မြို့ကို တည်သည်ဟု (အုန်းဘောင်ရာဇဝင်)၌ ဆိုထားသဖြင့် စေတီတော်ကြီးသည် အုန်းပေါင်(သီပေါ)သို့ ရှမ်းလူမျိုးများ ရောက်မလာမီ မည်သည့်လူမျိုးစုများ၏ အကူအညီဖြင့် "စေတီတော်ကြီးအား

တည်ထားခဲ့ကြောင်း မှတ်တမ်းများ မရှိ၍ မသိရပေ။ စေတီတော်၏ ဘွဲ့တော်မှာ မုဋ္ဌောစေတီဖြစ်သည်။

(မုဋ္ဌိ) သဒ္ဒါမှာ လက်တစ်ဆုပ်၊- (၃)ပေ ဝသည်ဖြင့် ပါဠိ အဘိဓာန်က ဖွင့်ဆိုထားသဖြင့်၊ ၎င်းအတိုင်းအတာရှိ ရုပ်ပွားဆင်းတုတော်များ ဌာပနာထားသည့် စေတီတော်ဟု နားလည်ရပါသည်။ သီရိဓမ္မာသောကမင်းကြီးသည် စေတီတော်ကို ရေကန်အလယ်တွင် ရွှေ၊ ငွေ၊ ကြေး၊ ခဲ၊ အုတ်မျိုးတို့ဖြင့် မြေပန်းကြက်ခိုက် ချတော်မူ၍ အဇာတသတ်မင်း ထားခဲ့သော မွေတော်စစ်ကို ဌာပနာလျက် တည်ဆောက်တော်မူခဲ့သည်။ ဘွဲ့တော်ကိုလည်း (မုဋ္ဌော)စေတီဟု သမုတ်ခဲ့သည်။

ဒေသခံ ရှမ်းလူမျိုးများ၏ အဆိုအရ စေတီတော် တည်ထား သောနေရာသည် "ဘုရားလောင်းနစဉ်ဘဝက ဝက်မြူမင်းဖြစ်စဉ်က နေထိုင်ကျက်စားခဲ့သည့်ရေအိုင်" နေရာ၌ စေတီတည်ထားကိုးကွယ် ထားခြင်းဖြစ်သည်ဟု ဆိုမှတ်ကြသည်။ ရှမ်းဘာသာစကားများဖြင့် ဆက်စပ်ပြန်ဆိုလျှင် ရှမ်းဘာသာစကား၌ ဝက်ကို(မူ)၊ နှုတ်သီးဖြင့် ထိုးခြင်းကို (ထို့)ဟု ခေါ်ဆိုသဖြင့် (မူ+ထို့) = (မူထို့)ဟု ထွက်သော အသံအဓိပ္ပါယ်မှာ ... ဝက်နှုတ်သီးဖြင့် ထိုးနှက်ခြင်းဟု အဓိပ္ပါယ်ရသည်။

ဦးဘာဝေ

ထိုသို့ (မှုတ္တိ) အသံထွက် ရှမ်းအသံကို မြန်မာတို့ ခေါ်ဆိုရာ၌ (မုဋ္ဌော)ဟု အသံကို ထွက်ဆိုသည်။ ထို့ကြောင့် မုဋ္ဌောဘုရားစေတီဟု ခေါ်တွင်ကြောင်း ဆိုကြသည်။

သောက်ကြီးမုဋ္ဌောစေတီတော်၏ မုခ်လေးမုခ်တွင် ကိုးကွယ်ထားသည့် ရုပ်ပွားဆင်းတုတော် (၄)ဆူ၏ ဘုရားဒါယကာမှာ ကောဇာသက္ကရာဇ် (၅၃၆)ခုနှစ်တွင် နန်းတက်သော ပုဂံပြည့်ရှင် နရပတိစည်သူမင်းဖြစ်သည်။

ပုဂံရာဇဝင် နရပတိစည်သူမင်းကြီးသည် စကားသားများဖြင့် ဘုန်းတော်ကြီးကျောင်း (၉)ကျောင်းကို ဆောက်လုပ်လှူဒါန်းခဲ့သည့်အတွက် (စကား ၉-ကျောင်း ဒါယကာ)ဟူ၍လည်းကောင်း၊ စကား ၉-ပိုင်းဖြင့် ဗုဒ္ဓရုပ်ပွားဆင်းတုတော် ထုလုပ်လှူဒါန်းသည့်အတွက် (စကား ၉-ပိုင်း ဒါယကာ)ဟူ၍လည်းကောင်း ဂုဏ်ပြုခေါ်ဆိုထားကြောင်း တွေ့ရသည်။

ထို့အပြင် ဝေဠုဝတီမင်းသမီးကြီးမှာလည်း အထက်ပါနည်းအတိုင်း စကားသားဖြင့် ဘုန်းကြီးကျောင်း (၅)ကျောင်းကို ဆောက်လုပ်လှူဒါန်းခဲ့သည့်အတွက် စကား ၅ ကျောင်း ဒါယိကာမကြီးဟူ၍ ဝိသေသပြုကြသည်။

သောက်ကြီးမုဋ္ဌောစေတီတော်၏ မုခ် ၄ မုခ်တွင်လည်းကောင်း၊

ရှမ်းတိုင်းရင်းသား လူမျိုးများ ကိုးကွယ်ရန်အတွက်လည်းကောင်း၊ ရှမ်းပြည်နယ်တစ်ခွင်သို့ နရပတိစည်သူမင်းကြီးက ဗုဒ္ဓလက်ဆောင်အဖြစ် သာသနာထွန်းကား ပြန့်ပွားစေရန် ရည်သန်၍ စကား ၉ ပိုင်း ရှပ်ပွားတော်များ ထုတ်လုပ်လှူဒါန်းရာတွင် ဤဘော်ကြို မူဗွေစေတီတော်တွင် စကားအရင်းပိုင်းတစ်ပိုင်းမှ ထုလုပ်သည့် ရုပ်ပွား (၄)ဆူဖြစ်သည်။

ရှမ်းပြည်နယ်၌

- နောင်ချိုမြို့နယ်၊ သုံးဆယ်ကျေးရွာတွင် ၁-ဆူ
- သီပေါမြို့နယ်၊ ဘော်ကြိုကျေးရွာတွင် ၄-ဆူ
- ကျောက်မဲမြို့နယ်၊ မင်းကုန်းကျေးရွာတွင် ၁-ဆူ
- နမ့်ဆန်မြို့နယ်၊ လွယ်ဆိုင်တောင်တွင် ၁-ဆူ
- မိုးမိတ်မြို့နယ်၊ မိုးမိတ်မြို့တွင် ၁-ဆူ
- လားရှိုးမြို့နယ်၊ မိန်းပိုင်ကျေးရွာတွင် ၁-ဆူ
- သိန္နီမြို့နယ်၊ ဟိုမိန်းကျေးရွာတွင် ၁-ဆူ

ရှမ်းပြည်တောင်ပိုင်းတွင်-

- ကျေးသီးပန်စန်မြို့နယ်၊ ကျိုင်းလင်းကျေးရွာတွင် ၁-ဆူ
- မိုင်းကိုင်မြို့နယ်၊ မိုင်းကိုင်တွင် ၁-ဆူ

စုစုပေါင်း စကား (၉)ပိုင်း၊ ရုပ်ပွားတော်ပေါင်း ၁၂-ဆူ

ဦးစာပေ

ကို ရှမ်းတို့ ကိုးကွယ်ရန် လှူဒါန်းတော်မူခဲ့သည်။

ယင်းမှာ - အနော်ရထာ၏ နောက်တွင်မှဖြစ်ပြီး အနော်ရထာမင်းစောနှင့် ခေတ်ပြိုင်ဖြစ်သည့် စော်ဘွားကြီးစဝ်ခံသတုံဖတို့ အုပ်စိုးစဉ်၌ မုဒ္ဒောစေတီသာလျှင် ရှိပေသေးသည်။

ထိုအခါက မောဝ်မင်းသမီးလေး စောမွန်လှသည်လည်း မုဒ္ဒေါ်စေတီတွင် မကြာခဏ လာရောက်၍ ပန်း၊ ရေချမ်း၊ ဆီမီး တို့ဖြင့် ဆုတောင်းဆုယူပြုလျက် ဗုဒ္ဓအဆုံးအမ၌ သက်ဝင်ယုံကြည်လျက် ရှိလေသည်တည်း။

■■■■■■■■■■■■■■■

# ကြင်ဘက်မရှာသော သမီးတော်စောမွန်လှ

စော်ဝ့်ဘွားကြီးစဝ်ဆေးပဲ့ဖနှင့် မဟာဒေဝီတို့သည် သားတော်နှင့် သမီးတော်ကလေးတို့အား မြူစုပျိုးထောင်ပေးရင်း အရိပ်တကြည့်ကြည့်နှင့် ရှိခဲ့ကြသည်။ သားတော်စဝ်နော်မိန်းနှင့် သမီးတော်စောမွန်လှတို့မှာ အရွယ်သို့ရောက်၍ တစ်သွေးတစ်မွေးဖြင့် အလှသွေးကြွယ်သည့် လူပျိုအပျိုအရွယ်များပင် ရှိခဲ့လေပြီ။

အသက်အားဖြင့် ၁၆ နှစ် စွန်းစွန်းပင် ရှိခဲ့ကြပြီဖြစ်၍ သားသမီးတို့၏ ဘဝရှေ့ရေးကို စော်ဘွားကြီးရော၊ မဟာဒေဝီပါ ကြိုတင် တွေးဆရတော့သည်။ သားတော် စဝ်နော်မိန်းမှာ စော်ဘွားကြီး၏ ဟော်နန်းအရိုက်အရာကို ဆက်ခံရမည့် ကျိုင်းမင်းသား

တစ်ဦးဖြစ်သဖြင့် အရေးပါလှသည်။ သူ့အတွက် အိမ်ထောင်ဘက် ရှာဖွေ၍ ထိမ်းမြားလက်ထပ်ပေးရန် တာဝန်ရှိသည်။

ထို့အတူ -သမီးတော်စောမွန်လှအတွက်လည်း ကြင်ယာဘက် ရှာဖွေလျက် လက်ဆက်ထိမ်းမြားပေးရန် အချိန်ရောက်ပြီဖြစ်သည်။ ထို့ကြောင့် - စော်ဘွားကြီးစဝ်ဆေလုံဝနှင့် မဟာဒေဝီသည် သားတော် သမီးတော်အရေးကို ဆွေးနွေးတိုင်ပင်ရတော့သည်။ သားတော် စဝ်နော်မိန်းအတွက် တူမတော်များ ရှိကြသည့်အနက် သားတော် ကြိုက်နှစ်သက်ရာတစ်ဦးကို ရွေးချယ်စေခဲ့သည်။

သမီးတော်စောမွန်လှကိုမူ တူတော်မောင်ဖြစ်သော "စောပိုင်" နှင့် စော်ဘွားကြီးနှင့် မဟာဒေဝီတို့က ထိမ်းမြားပေးရန် ရည်မှန်းထားသည်။ တူမောင်စောပိုင်မှာ ယောကျ်ားပီသပြီး လူမှုဆက်ဆံရေး၊ ပြောရေးဆိုမှုတွင် လိမ္မာပါးနပ်သူဖြစ်သည်။ ရုပ်ရည်အားဖြင့်လည်း ခန့်ညားတည်ကြည်၍ အပြစ်ဆိုဖွယ်ရာ တစ်ခုမျှ မမြင်အောင် ရှိလေ၏။

သားတော်စဝ်နော်မိန်းမှာ -မိမိကြိုက်ရာ ဘဝကြင်ဖော်ကို ရွေးချယ်နိုင်ခဲ့သဖြင့် မိဘတို့ဝတ္တရားအတိုင်း ထိမ်းမြားစီစဉ်ပေးကာ ကျိုင်းမင်းသား အဆောင်အယောင် ပေးအပ်ချီးမြှင့်ရန် စီစဉ်ရတော့သည်။ ခက်နေသည်မှာ သမီးတော်စောမွန်လှပင်ဖြစ်သည်။

တေမွန်လှမှာ မိမိတို့ ရည်ရွယ်ထားသည့် တေဝိုင်းကို ဖြိုးလည်း မပြီး၊ လက်လည်းမခံသည့်ပြင် ရောင်လွဲသောစကားတောနေသတို့ဖြင့် ဝေ်ဘွားကြီးနှင့် မဟာဒေဝီအား ဆိုနေလေသဖြင့် အကြိုရခက် ခဲ့သည်။

တေမွန်လှမှာ ဇုဒ္ဓတရားတော်များကို မပြတ်နာကြား သင်ယူ နေရသဖြင့် သံဃေယာဇဉ်အပူမီးအကြောင်း၊ အိမ်ထောင်သားမွေးမှု အကြောင်း ရိပ်စားမိလေ၏။ ဘုရားရှင်၏ ဟောကြားတော်မူခဲ့သော နိပါတ်တော်များတွင် သံဃေယာဇဉ်၊ သောကာ၊ ပရိဒေဝနှင့် လူမှုဘဝ ဒုက္ခအဝဝိုကို မှတ်သားရပြီးသော် သံသရာလွတ်လမ်းကိုသာ မျှော်မှန်း မိ၍ သံသရာရှည်လျားစေမည့် အိမ်ထောင်သည်ဘဝကို ကြောက်ရွံ့ နေမိသည်။

ယင်းကြောင့် အမိအဘတို့အား "မိမိအိမ်ထောင် မပြုလိုပါ ကြောင်း" မွလမ်းကြောင်းနှင့် ယှဉ်၍ ဖွင့်ဟ ပြောဆိုခဲ့သည်။ ပစ္စက္ခတွင်လည်း မိုင်းမောဝ်မင်းသမီးလေးတေမွန်လှမှာ ဥပုသ် သီတင်းစောင့်ခြင်း၊ တရားမွေ့နာယူခြင်းနှင့် သံသရာဖြတ်လမ်းကို အစရှာနေသူလည်းဖြစ်သည်။ ဝေ်ဘွားကြီးနှင့် မဟာဒေဝီသည် အမျိုးမျိုးသောအကြောင်းပြ၍လျှက် တူတော်မောင်တောဝိုင်ဖနှင့် လက်ဆက်စေချင်လေ၏။

စောမွန်လှက "အရှိန်ပြည့် ကုသိုလ်ဖြင့်သာ ပျော်မွေ့ချင်ပါသည်"ဟု မျက်ရည်ခံထိုး၍ တိုးလျှိုးတောင်းပန်လေသောကြောင့် လက်လျှော့ခဲ့ရလေသည်။ ဓော်ဘွားကြီးဝင်ဓောပဲ့ဖကမူ "ကျောင်း အမကြီး ဝိသာခါတို့ထုံး၊ နှလုံးမူ၍ လင်သား၊ အိုးအိမ်၊ စည်းစိမ် မကွာဘဲ လောကုတ္တရာကောင်းကျိုးပြုနိုင်ကြောင်း" နားဝင်အောင် ဖျောင်းဖျသော်လည်း၊ စောမွန်လှသည် တွင်တွင်သာခေါင်းခါခဲ့လေသည်။

သံသရာကိုကြောက်သော ပါရမီရှင်မလေးစောမွန်လှလည်း အမိအဘနှစ်ပြာအား လက်စုံရှိခိုး၍ ညင်သာစွာ စကားဆိုသည်မှာ–

"ကိုကိုမင်းကြီး၏ သမီးတော် (၇)ဖော်တို့၏ ထုံးကိုသာ နှလုံးမိုက်သဖြင့် ... အမိုက်မှောင်ကာမဂုဏ်တွင် အာရုံမငြိတွယ်လိုပါ။ စင်ကြယ်သောသီလနှင့် တစ်ကိုယ်တည်းသော ပျော်မြန်မို့ ပင်တိုင်နန်းမြဲ ခွင့်ပြုတော်မူပါဘုရား။ ခွင့်မသာ၍ အိမ်ယာထောင် ရလျှင် နှောင်ဖွဲ့ညွှတ်ကွင်းကို ခွတ်ဆင်း၍ ဝင်ရသဖြင့် ပျော်ရွှင် တော့မည် မဟုတ်ပါ မယ်တော်ဘုရား"

ဤသို့ မဟာဒေဝီနှင့် စော်ဘွားကြီးတို့အား တောင်းပန် တိုးလျှိုးလာသောကြောင့် အလိုလိုက်၊ အကြိုက်ဆောင်စေ၍ ဤ

ဖျက်ရည် ရှပ်သိမ်းကာ တပင်တိုင်နန်း၌ မြိမ်းချမ်းစွာ စံမြန်းခွင့် ပြုခဲ့ကြလေတော့သည်။

စောမွန်လှကား ... အေးမြသော မေဗ္ဗာရိုပ်၏ အာနိသင်ကို ပါရမီရှိပြီပြီ ကျွင့်သီလနှင့် စံတားနေပျော်အောင် ကြိုးစား နေရှာသတည်း။

ဦးတာပ

# ခေတ်ပြိုင်ဘုရင်

# အနော်ရထာမင်းစောနှင့်ပုဂံလှူစွမ်းကောင်းများ

အနော်ရထာမင်းစောသည် နောင်တော်ကို လုပ်ကြံပြီးသော် ခမည်းတော်ကျောင်းသို့သွား၍ "မင်းပြုတော်မူပါ"ဟု တောင်းပန်တော်မူ၏။ ခမည်းတော်လည်း "ငါကား အသက်အရွယ်ကြီးပြီ၊ အမောင်သာ မင်းပြုစေဘု"ဟု မိန့်တော်မူသဖြင့် သက္ကရာဇ် ၃၆၄ ခုနှစ်တွင် (မဟာရာဇဝင်ကြီးအနိရုဒ္ဓဒေဝ)ဟူသောဘွဲ့ဖြင့် နန်းတက်ကာ ရာဇဘိသေက ခံယူတော်မူလေ၏။

အနော်ရထာမင်းစောသည် နောင်တော်ကို လုပ်ကြံမိသည်တွင် (၆)လတိုင်တိုင် စက်တော်ခေါ်၍ မပျော်ဘဲ ရှိလေ၏။ ထိုအခါ သိကြားမင်းကလာ၍ ဤသို့အိပ်မက်ပေးလေသည်။

"မင်းကြီးသည် နောင်တော်ကြီးအား ပြစ်မှားမိသော မကောင်းမှုမှ ပြေပျောက်စေလိုသော်၊ ဘုရား၊ ဂူ၊ ကျောင်း၊ တန်ဆောင်း၊ ဇရပ်တို့ကို များစွာပြုလုပ်၍ နောင်တော်အဖို့ အမျှပေးဝေပါ။ ထိုမှတစ်ပါးလည်း ရေတွင်း၊ ရေကန်၊ ဇည်မြောင်း၊ ကန်ရောင်းတို့ကို များစွာ စီရင်၍ နောင်တော်အား ဤကောင်းမှုကို ပေးဝေမျှပါ"

ဟူ၍ အိပ်မက်ပေးလေ၏။

အနော်ရထာမင်းစောလည်း နိုးတက်တော်မူပြီးသောအခါ "စောလူးမယ်တော် မိဖုရားမှတစ်ပါး၊ ငါနှင့်ထိုက်တန်သောမင်းသမီးကို ဖမ္ဘူဒိပါ မြေအပြင်ဝယ်ရှာ၍ဆက်လေ"ဟူ၍ အမတ်ရာဇတာမန်ကို လက်ဆောင်ပဏ္ဏာအများနှင့် စေလွှတ်တော်မူလေ၏။

အမတ်ရာဇတာမန်လည်း မင်းနှင့်ထိုက်တန်မည့်သူကို စုံစမ်းထောက်လှမ်းသည်ရှိသော် - မဇ္ဈိမတိုင်း၊ ဝေသာလီပြည်၌ မင်းပြုလျက်ရှိသော မင်းတစ်ပါး၏ သမီးတော်(၇)ပါးတွင် အကြီးဆုံးဖြစ်သည့် သဃ်မိတ္တာမင်းသမီးသည် ရဟန်းမိန်းမအပေါင်းနှင့် ဥယျာဉ်ဝယ် သီတင်းသုံးနေလေ၏။

ထိုအခါ ရဟန်းမိန်းမသဃ်မိတ္တာစိုက်သော ဥသျှစ်ပင်တွင် ဥသျှစ်သီးတစ်လုံးသည် ဝဠ်အိုးပမာဏ အရွယ်ကြီးစွာ သီးလေ၏။

ထိုဒူချုန်သိမ်း ရန်သစ်၍ ကြေကျလေသောအခါ အဆင်းအင်္ဂါ လက္ခဏာ ကြီးငယ်နှင့် ပြည့်စုံသော သတို့သမီးကို ရလေ၏။ ရဟန်းမိန်းမ တို့လည်း ဝေသာလီမင်းကြီးကို ဆက်သလေသည်။ မင်းကြီးလည်း ထိုသတို့သမီးငယ်အား (ရုစိရပဘာဝတီ)ဟု မှည့်ခေါ်တော်မူလေ၏။

သုဓမ္မာသားတော်ဖြစ်သော ဆင်ဖြူရှင်နှင့် စုံဖက်ပေးတော်မူခဲ့ရာ များမကြာမီ၌ ထိုရုစိရပဘာဝတီမင်းသမီးတွင် သမီးရတနာတစ်ပါး ဖွားမြင်လေသည်။ ထိုသမီးငယ်အား (ပဥ္စကလျာဏီ)ဟု ခေါ်တွင် စေလျက် ရုပ်ဆင်းအင်္ဂါလက္ခဏာအရပ်ရပ်နှင့် ပြီးပြည့်စုံသည်ဖြစ်၍ လွန်စွာချစ်ခင်နှစ်သက်တော်မူကာ တပ်တိုင်နန်းနှင့် ထားရှိလေသည်။

ထိုပဥ္စကလျာဏီအကြောင်းကို ရာဇတမန်အမတ် ကြားသိ လေသောအခါ ဝေသာလီပြည်သို့သွား၍ လက်ဆောင်ပဏ္ဏာများ ဆက်သပြီးလျှင် "ပေါက္ကာရာမပြည်ကြီးကို အစိုးရသော အနော် ရထာမင်းတွင် မိဖုရားမရှိသည့်အတွက် ပဥ္စကလျာဏီမင်းသမီး ကို တောင်းရန်လာရသည်" ဖြစ်ကြောင်း လျှောက်ထားလေ၏။

ဝေသာလီမင်းလည်း ပုဂံအနော်ရထာမင်းစောက တောင်းယန် လာသည်ဖြစ်၍ မပေးဘဲ မနေသာတော့ပေ။ ထို့ကြောင့် အခြွေ အရံ ကိုယ်တော်လုပ်ရှစ်ကျိပ်နှင့်အတူ ပဥ္စကလျာဏီမင်းသမီးကို ခေါ်တွင်တင်၍ ဆက်သလိုက်ရလေ၏။ ရာဇတမန်အမတ်လည်း

မင်းသမီးကို ကောင်းစွာစောင့်ရှောက်ကာ ပုဂံနေပြည်တော်သို့ ဆောင်ယူခဲ့လေသည်။

ထိုပဥ္စကလျာဏီမင်းသမီး၏ အဆင်းသည်ကား၊ ... အပြစ် ၆ ပါးမှလွတ်၍ ကောင်းခြင်းငါးပါးနှင့်လည်း ပြည့်စုံတော်မူလေသည်။ အသားအရေမှာ ရွှေအဆင်းကဲ့သို့ ဝါဝင်းလျက် အထိအတွေ့တွင် နူးညံ့သိမ်မွေ့လေ၏။ အမတ်ရာဇတမန်လည်း မင်းသမီး၏ အဆင်းတော်ကို ကြာရှည်မြင်လတ်သော် မရပ်မတည်နိုင်သော စိတ်ရှိသည် ဖြစ်၍ တစ်နေ့သောအခါ၌ နှစ်ဦးတူညီစိတ်ဖြင့် ကျူးလွန်ခဲ့မိကြ လေသည်။ အမတ်ရာဇတမန်လည်း ပဥ္စကလျာဏီမင်းသမီးအပေါ် များစွာ စွဲလမ်းစိတ် ဖြစ်မိခဲ့လေ၏။

ထိုအခါ ရာဇတမန်အမတ်သည် ဤသို့ ကြံလေ၏။

"အခြွေအရံအပေါင်းနှင့်တကွ ပေါက္ကာရာမသို့ ရောက်သည် ရှိသော် မင်းကြီးအား ငါတို့၏ အကြောင်းကို လျှောက်၍ ကြားတော် မူလတ်သော် ကြီးသောအပြစ်ပေးခြင်းကို ခံရပေတော့မည်"

ဤသို့ တွေးမိသဖြင့် အပြစ်မှလွတ်ကင်းရန် ကြံမိသည်မှာ မင်းသမီးနှင့်အတူပါလာသော အခြွေအရံ၊ အသင်းအပင်းတို့ကို လမ်းခရီး၌ တစ်မြို့၊ တစ်ရွာရောက်တိုင်း တယောက်ကျစီ ထားရစ် ခဲ့ပြီး ခရီးဆက်ခဲ့ရာ ဒေဝဝတီသို့တိုင်ခဲ့လေသည်။ အမတ်လည်း

စိုးသာဝေ

မိမိညောဝတီသို့ ရောက်ပြီဖြစ်ကြောင်း အနော်ရထာမင်းစောအား မြေလျှင်တော်နှင့် အကြောင်းကြား လျှောက်ထားစေရာ၊ အနော်ရထာမင်းစောသည် စစ်အင်္ဂါ ၄-ပါးနှင့်တကွ ပဉ္စကလျာဏီမင်းသမီးအား ကြိုဆိုတော်မူလေသည်။

ထို့နောက် ရာဇတမန်သည် မင်းသမီးထက် ဦးစွာလာ၍ အနော်ရထာမင်းစောအား ဤသို့ လျှောက်ထားလေ၏။

"ဤမင်းသမီးကား ဝေသာလီမင်း၏ သမီးရင်းမဟုတ်၊ ဆက်သရင်း ရှိစဉ်က သမီးတော်ရင်း ထင်မှတ်၍ မိမိယူဆောင်လာကြောင်း၊ လမ်းခုလတ် အခြွေအရံ၊ အသင်းအပင်းတို့ထံမှ သတင်းအရ သမီးရင်းအစား အခြားသောသမီးတစ်ပါးဖြစ်ကြောင်း" လျှောက်တင်လေသည်။

အနော်ရထာမင်းစောလည်း သေချာစွာ မေးမြန်းစိစစ်တော်မူ၊ အမတ်ရာဇတမန် လျှောက်ထားသောစကားကို ယုံကြည်တော်မူ၍ "ငါကဲ့သို့သောမင်းကို မိမိသမီးတော်ကို မဆက်ဘဲ အခြားသောကျွန်သမီးကို ဆက်ရာသလော"

ဟု အမျက်တော်ထွက်၍ ဆက်သလိုက်သော ပဉ္စကလျာဏီမင်းသမီးကို ပရိမ္မအရပ်တွင် ထားလေဟု အမတ်ရာဇတမန်အား အမိန့်တော်ရှိလေလျှင် အမတ်လည်း မင်းကြီးအာဏာတော်ကို

ကြောက်ရွံ့၍ ပရိမ္မအရပ်တွင် တောင်သူကြီးတစ်ဦးထံ အပ်နှံထားလေ၏။ ထိုတောင်သူကြီးလည်း သမီးရင်းနှင့်မခြား ချစ်မြတ်နိုး၍ မြုစုကျွေးမွေးထားရှိလေသည်။

အခါတစ်ပါး၌ တောင်သူကြီးလုပ်သော ယာထဲသို့ မင်းသမီးကို ခေါ်ဆောင်သွားရာ၊ မင်းသမီးလည်း တဲတင်းကုပ်၌ ယာစောင့်အဖြစ် နေလေ၏။ ထိုစဉ်အချိန် နဂါးလုလင်တစ်ယောက်သည် လူယောင်ဆောင်၍ ထိုမင်းသမီးနှင့် ချစ်ကြိုက်ကာ သံဝါသပြုမိကြလေ၏။ အချိန်ရှည်လတ်သော် ထိုမင်းသမီး၌ ပဋိသန္ဓေတည်လေ၏။ ပဋိသန္ဓေနေချိန်၌ မြေလျှုပ်ကြီး ပြင်းစွာလှုပ်လေတော့သည်။

အနော်ရထာမင်းစောလည်း ထိုမြေလျှပ်လှုပ်သောအကြောင်းကို ဟူးရားဖြူ ဟူးရားညိုတို့အား မေးတော်မူရာ "အရှင်မင်းကြီး၏ နောက်၌ မင်းပြုမည့်သူ မြောက်အရပ်မှာ ပဋိသန္ဓေနေ၍ လှုပ်ခြင်းဖြစ်သည်"ဟု နားတော်လျှောက်ကြ၏။ အနော်ရထာမင်းစောလည်း မြောက်အရပ်ရှိ ပဋိသန္ဓေရှိသော မိန်းမတို့ကို စစ်ကြော၍ သတ်လေသည်။ ခုနစ်ထောင်ကျော်သေသည်ဟု ဆိုလေ၏။

ထို့နောက် "မင်းလောင်းသေပြီလော"ဟူ၍ ဟူးရားဖြူ ဟူးရားညိုတို့ကို မေးမြန်းတော်မူရာ "အရှင်မင်းကြီး၊ မသေသေး။

အမိဝမ်းမှ ဖွားမြင်လေပြီ"ဟု လျှောက်တင်ပြန်၏။ မင်းကြီးလည်း "အသို့ဆိုလျှင် သူငယ်နို့ထိန်း၊ ပုခက်တွင်းနေသူတို့ကို စစ်မေးရှာဖွေ၍ သတ်လေ"ဟု အမိန့်ပေးပြန်လေ၏။ ထိုအခါတွင်လည်း သူငယ်နို့ထိန်း၊ ပုခက်တွင်းကလေးများ မြောက်ထောင်ကျော် သေကြရပြန်လေ၏။

များမကြာမီ၌ မင်းကြီးလည်း "မင်းလောင်းသေပြီလော"ဟု ထပ်မံမေးပြန်ရာ ဟူးရားမြူး ဟူးရားညီတို့သည်လည်း နက္ခတ်တာရာတို့ကို ကြည့်ရှုစစ်ဆေးပြီးလျှင် "အရှင်မင်းကြီး၊ မသေသေးချေ။ ယခုအခါ စာကျောင်းသားအရွယ်သို့တိုင်လေပြီ"ဟု လျှောက်တင်ပြန်လေ၏။ ထိုအခါတွင်လည်း စာကျောင်းသားအရွယ်ရှိသူတို့ကို မေးမြန်းရှာဖွေ၍ သတ်ပြန်ရာ ငါးထောင်ကျော်မျှ သေကြရပြန်လေ၏။

ခမည်းတော် နဂါးလုလင်သည် သားတော်ကို ဝှက်ထားသောကြောင့် သတ်ရသို့ မပါ၊ ကျွန်ရစ်လေ၏။ ထိုသို့ သတ်ရသို့ မပါ ကျွန်ရစ်သည်ကို အကြောင်းပြု၍ ထိုကလေးအား "ကျွန်ရစ်သား" ဟု အမည်ပေးကာ ထားသည်ဖြစ်ကြောင်း ရာဇဝင်တွင် ဆိုလေ၏။ အချို့ရာဇဝင်များက "ကြွန်အင်လက္ခဏာနှင့် ပြည့်စုံသည်ကို အကြောင်းပြု၍ (ကြွန်ရစ်သား)ဟု ခေါ်ကြောင်း ရေးကြပြန်၏။

ထို့အတူ ပရိမ္မအရပ်တွင် မွေးဖွားလာကြောင်း (ပရိပ်စစ်သား) ဟူ၍လည်း ရေးကြသည်။ နောင်သောအခါ၌ ကျုန်ရစ်သားအား ကလန်စစ်သားဟူ၍လည်းကောင်း၊ ထီးလှိုင်ရွာသူကြီး၏ အရှင်ဖြစ်သည်ကို အကြောင်းပြု၍ ထီးလှိုင်ရှင်ဟူ၍လည်းကောင်း ခေါ်ဝေါ်ကြသည်။

အရွယ်သို့ရောက်လျှင် ကျုန်ရစ်သားမယ်တော်လည်း သားတော်ကို မင်းကြီးဆရာတော်ထံအပ်၍ ရဟန်း-ဝတ်စေခဲ့သည်။ မင်းကြီးလည်း မင်းလောင်းအကြောင်း ထပ်မံမေးမြန်းရာ ဟူးရားဖြူ၊ ဟူးရားညိုတို့က "အရှင်မင်းကြီး ဤသုံကား ရဟန်းပြုလေပြီ" ဟု လျှောက်တင်လေ၏။ ဤရဟန်းဖြစ်ကြောင်းကို အဘယ်သို့သော အံပြုအမှုဖြင့် သိရအံ့နည်းဟု မင်းကြီးမေးလေလျှင် -

"ထွမ်းပင့်၍ ကျွေးတော်မူပြီး၊ အဆုံး၌ ကရားနှင့်ရေတိုက်တော်မူလျှင် မင်းဖြစ်သည့် သူ့ခံတွင်းမှ အလုံ့ညီးသော စက်ရောင်ပြောင်ပြောင် လင်းထွက်လတ္တံ့"ဟု နားတော်လျှောက်လေသည်။

မင်းကြီးလည်း ပုဂံနယ်အတွင်းရှိ ရဟန်းအပေါင်းတို့အား အစဉ်အတိုင်း ပင့်ဖိတ်၍ ထွမ်းလုပ်ကျွေးတော်မူပြီး မင်းလောင်းရဟန်းကို ရှာဖွေလေသည်။ ဟူးရားပညာရှိတို့ဆိုသည့်အတိုင်း ဆွမ်းဘုဉ်းပေးပြီးလျှင် ကရားနှင့် အစဉ်အတိုင်း ရေတိုက်တော်

မူလေ၏။ ထိုအခါ ကျန်စစ်သား ရဟန်းဖြစ်ခဲ့စဉ်တွင်းမှ စက်ပြောင်ပြောင် အရောင်ထွက်သည်ကို မင်းကြီးမြင်လေသော် လန့်တော်မူ၍ ကရားပင် လွှတ်ကျလေသည်။

မင်းကြီးကလည်း "ငါ့စည်းစိမ်ကို လုမည်လော" ဟု မေးတော်မူရာ .... ဟူးရားဖြူ ဟူးရားညိုတို့လည်း "အရှင်မင်းကြီး၊ နောက်တစ်ဆက်လွန်မှ သူမင်းဖြစ်လတ္တံ့" ဟု နားတော်လျှောက်လေ၏။ မင်းကြီးလည်း "သင်တို့ယခုမှ သည်စကားကို ငါ့အား လျှောက်တင်သည်၊ ငါ့နောက် တစ်ဆက်လွန်မှုကို ခွေးပင်မင်းပြုလိုပြု ဝက်ပင်မင်းပြုလိုပြု ငါမမှုချေ။ ယခုသော် ငါ့စည်းစိမ်ကို လုယူလတ္တံ့ ပြုလိမ့်မည် အထင်ရှိ၍ များစွာသော လူတို့ကို ငါသတ်ခဲ့ပြီ" ဟူ၍ ကြီးစွာသော ထိပ်လန့်ခြင်းသို့ ရောက်လေ၏။

ကျန်စစ်သားနည်းတူပင် ပုဂံနေပြည်တော်၌ ထင်ရှား၍ လူစွမ်းကောင်း (၃)ဦး ပေါ်ပေါက်ခဲ့ပြန်သေးသည်။ ယင်းတို့မှာ –

၁။ မြင်းမူအရပ်၌ ငထွေးရူး ဆိုသောသူသည် ထန်းပင်တစ်ထောင်ကို ဆင်းတုံ၊ တက်တုံလှီးသည်မှာ အချိန်တနိက ပြီးသည့်အစွမ်းရှိလေ၏။

၂။ ပုပ္ပါးအရပ်၌လည်း လုံးလက်ဖယ် ဆိုသောသူသည် နွားအရှင်း ၃၀ ကို ထွန်၍ တပ်ပြီးသော ထွန်းရေး

ထွန်းကေ မှန်အောင် သက်တုံ၊ ဆင်းတုံအနှန့် ထွန်နိုင် စွမ်းရှိသည် ဟူ၏။

၃။ ညောင်ဦးအရပ်၌ ညောင်ဦးဖီး ဆိုသောသူသည် ညောင်ဦးကမ်းမြင့်ထက်မှ မြေးဆင်းကာ ဧရာဝတီ မြစ်ကိုကူး၍ အောင်သာတစ်ဘက်ကမ်းသို့ရောက်လျှင် ကမ်းကို ခြေမထောက်ခဲ့ဘဲ ပြန်၍ ကူးခဲ့နိုင်သည်။ ညောင်ဦးကမ်းသို့ရောက်လျှင် ကမ်းပေါ်သို့ပင် မြေး တက်နိုင်စွမ်းသည်ဟူ၏။

အနော်ရထာမင်းစောသည် ကျန်စစ်သားကိုလည်း ရှင်ရဟန်း အဖြစ်မှ လူထွက်စေပြီးသော် အပါးတော်၌ ခစားစေလေ၏။ အထက်ပါ လူစွမ်းကောင်း(၃)ယောက်ကိုလည်း မင်းကြီးသည် ဖော်ဆောင်၍ ကျန်စစ်သားနှင့်အတူ ရှိစေသည်။

■■■■■■■■■■■■■■■

# ပုဂံပြည်နှင့် ဗုဒ္ဓသာသနာတော်

အနော်ရထာမင်းစောလက်ထက် ပေါက္ကာရာမဟုတွင်သော ပုဂံပြည်တွင် မင်းအဆက်ဆက်တို့သည် သမထီးအရပ်၌ သီတင်းသုံးကြသော အရည်းကြီးသုံးကျိပ်နှင့် တပည့်ခြောက်သောင်း၏ အဆုံးအမကိုခံ၍ များသောအယူကို တည်ကြကုန်သည်။ ထိုရဟန်းတို့ အယူကို လူတို့လိုက်နာဆောင်ရွက်ကြသည်။

ထိုအရည်းကြီးတို့မှာ မိမိတို့ဆန္ဒနှင့်ညီစွာ ကျပ်ပြု၍ လူတို့အား လှည့်ပတ်ဖြားယောင်းလေ၏။ အရည်းကြီးတို့၏ တရားတား သူ့အသက်ကိုသတ်သောသူတို့သည် ဤပရိတ်ကိုရွတ်သော် ကမ္မပထမှ လွတ်၏။ မိဘတို့ကို သတ်မိသောသူသည် ဤပရိတ်ကိုရွတ်သော် ပဉ္စာနန္တရိယကံမှ လွတ်၏။ ဤသို့အစရှိသော မဟုတ်၊ မတရားသော အမှုတို့ကို ဟောကြားလေ၏။

ထို့အပြင် မင်းအစစ်ရှိသော အမှူး၊ အမတ်၊ ကလန်၊ သံပျင်၊ သူဌေး၊ သူကြွယ်၊ ပြည်သူတို့သားသမီးကို ထိမ်းမြားမင်္ဂလာပြုသောအခါ ဆရာတို့အား "ပန်းဦးပေးသည်"ဟူ၍ ညဦးက ထိုသူတို့ထံသို့ ပို့ရလေ၏။ မိုးသောက်၍ လွှတ်လိုက်မှ ထိမ်းမြားရသောဟူ၏။ ဆရာက ပန်းဦးမဆွတ်ဘဲ ထိမ်းမြားခြင်းကို ပြုခဲ့သော် အစဉ်အလာကို ဖျက်သည်ဟုဆိုလျက် ကြီးစွာသော မင်းပြစ်ကို ခံရသောဟူ၏။

ဤကဲ့သို့သော မဟုတ်၊ မတရားသောအကြောင်းတို့ကို အနော်ရထာမင်းစော ကြားသိသည်ရှိသော်၊ ရဲ့ပြီးသော ပါရမီတော်ရှိသည်ဖြစ်၍ နှစ်သက်တော်မမူ၊ မှားသောအယူသာလျှင် ဖြစ်သည်ဟူ၍လည်းကောင်း၊ နောင်တော်စုက္ကတေးကို လုပ်ကြံမိသောအားဖြင့်လည်းကောင်း၊ မင်းလောင်းကို ဖျောက်ဖျက်ရန် ကိုယ်ဝန်ဆောင်မှ၍ နွားကျောင်းသားအရွယ်တို့ကို သတ်မိသောအားဖြင့်လည်းကောင်း ကြီးစွာသော ထိပ်လန့်ခြင်းသို့ ရောက်လေသည်။

ထိုစဉ်အချိန်၌ ဘုရားရှင်ဗျာဒိတ်တော် ထားရှိခဲ့သည်နှင့်အညီ သုဓမ္မပုရ္ဆ–တိုင်း၊ တမ္ဗဒီပတိုင်းတို့၌ သာသနာတော်မရောက်သေးချေ ဟူ၍ ရဟန္တာမြတ်တို့ ကြံပြီးလျှင် သိကြားမင်းထံသို့သွားလျက် "သာသနာပြုနိုင်မည့်သူအား ကူညီ၍ တောင်းပန်ပါ"ဟု ဆိုလေလျှင်

သိကြားမင်းလည်း တာဝတိံသာနတ်ပြည်တွင်ရှိသော နတ်သံဒါး တစ်ပါးအား တောင်းမန်း၍ ပုဏ္ဏားမအိမ်၌ ပဋိသန္ဓေနေစေလေ၏။

ထိုပဋိသန္ဓေမွေးဖွား၍ အရွယ်သို့ရောက်လတ်သော် ရဟန်း ပြုလျက် ဗိဒ္ဒကာတ်ကျမ်းဂန်တို့ တတ်မြောက်ကာ ရဟန္တာအဖြစ်သို့ ရောက်သောလျှင် "အရဟံ"ဟူသောအမည်ဖြင့် ဗမ္မာထိပ်မြေပြင် အားလုံးကျော်စောထင်ရှားလေတော့သည်။ ထိုရှင်အရဟံသည် သုဓာ ပရန္တတိုင်း၊ တမ္ဗဒီပတိုင်းတို့၌ သာသနာတော် မတည်သေးချေ ဟူ၍ သိလေလျှင် ပေါက္ကာရာမအရပ်သို့ ကြွခဲ့လေ၏။

ရောက်တော်မူလျှင် နေပြည်တော်နှင့် မနီးမဝေး တောအုပ် တစ်ခု၌ နေတော်မူလေ၏။ သိကြားမင်းလည်း မုဆိုးတစ်ယောက် အား လှည့်စားလျက် ရှင်အရဟံကို မြင်စေလေ၏။ မုဆိုးလည်း ... "ဤသူကား လူမဟုတ်၊ နတ်ဘီလူးသာလျှင် ဖြစ်ရာသည်။ လူဖြစ်လျှင်လည်း လူရိုင်းဖြစ်ရာသည်။ ဤသူကိုဖမ်းယူ၍ နေပြည် တော်မင်းကြီးထံ ဆက်သရသော် အံကျိုးရှိအံ့"

ဟူ၍ တွေးမိလျက် ရှင်အရဟံအား ဆောင်ယူလေ၏။ ရှင် အရဟံလည်း ပရိက္ခရာရှစ်ပါးကိုယူ၍ လိုက်တော်မူလေသည်။ ရှေ့တော်သို့ ရောက်သောအခါ "တောအုပ်တစ်ခုတွင် လူရိုင်းကို တွေ့၍ ဆောင်ကျဉ်းခဲ့ပါသည်"ဟု လျှောက်လေလျှင် မြတ်သော

ဣန္ဒြေနှင့် ပြည့်စုံသောအဖြစ်ကို အနော်ရထာမင်းစောမြင်၍–

"ဤသူကား – လူရိုင်းမဟုတ်ရာ၊ မြတ်သောသူတည်း။ ဤသူ့ကိုယ်ဝယ် မြတ်သောတရားရှိရာသည်"–

ဟူ၍ နေရောင်ခြင်း တွေ့ရသော ကြာမုံကဲ့သို့ ရွှင်လန်းသဖြင့် ကြံစည်ဆင်ခြင်တော်မူလေ၏။ "လျှောက်ပတ်သောနေရာကို ကြည့်၍နေလော့"ဟု သဘောကို စမ်းလိုသဖြင့် ဆိုသောအခါ ရှင်အရဟံလည်း ရာဇပလ္လင့်ပေါ်သို့တက်၍ နေတော်မူလေသည်။ မင်းကြီးလည်း "ဤသူနေသည်မှာ– ကြီးမြတ်လှသည်၊ မြတ်သောသူ မှန်ပြီ"ဟု ဆင်ခြင်၍ ဤသို့မေးတော်မူ၏။

မင်းကြီး။ ။ "ဒို့ရှင်ကား အဘယ်သူ၏ အမျိုးအနွယ်ဖြစ်တော်မူသနည်း။ အဘယ်အရပ်မှ ကြွလာတော်မူသနည်း။ အဘယ်သူ၏ အဆုံးအမကို ခံတော်မူသနည်း"

ဟု မေးတော်မူလေသော် ရှင်အရဟံလည်း ဤသို့ မိန့်တော်မူလေသည်။

ရှင်အရဟံ။ ။ "ငါ၏အမျိုးအနွယ်ကား ဂုဏ်တော်ကိုးပါး၊ ဘုန်းတော်ခြောက်ပါး၊ အစိနွယ်လေးပါးနှင့် ပြည့်စုံတော်မူသော သမ္မာသမ္ဗုဒ္ဓဘုရားအနွယ်တည်း။ ငါ၏ ဆရာ ဥပဇ္ဈာယ်အပေါင်းအဖော် သံဃာရှိသော

နေရာအရပ်က လာခဲ့သည်။ သမ္မာသမ္ဗုဒ္ဓဟောကြား
တော်မူသော အာဏာဒေသနာတော်မှလာသော
အဆုံးအမကို ခံယူသတည်း"

ဟု မိန့်တော်မူသော် ...၊ မင်းကြီးလည်း အားရနှစ်သက်၊
ဝမ်းမြောက်ဝမ်းသာရှိ၍ ...

မင်းကြီး။ ။ "သမ္မာသမ္ဗုဒ္ဓဘုရား ဟောကြားတော်မူသော
တရားတော်ကို တစ်စိတ်တစ်ဒေသမျှ ကျွန်ုပ်အား
ဟောတော်မူပါ"

ဟု တောင်းပန်သည့်တွင် သီရိဓမ္မာသောကမင်းကြီးအား
အရှင်နိဂြောဓသာမဏေ ဟောတော်မူသော အပ္ပမာဒတရားကို ဟော
တော်မူလေသတည်း။ တရားတော်ပြီးသည့်အခါ၌ မင်းကြီးသည်
ဤသို့ လျှောက်ပြန်၏။

မင်းကြီး။ ။ "သမ္မာသမ္ဗုဒ္ဓဘုရားကား ... ယခုအဘယ်အရပ်
တွင် ရှိနေပါသနည်း။ တရားတော်တို့ကား
အဘယ်မျှ အရေအတွက် ရှိလေသနည်း။ တပည့်
သားတော်များလည်း ငါ့ရှင်မှတစ်ပါး အခြားရှိပါ
သေးသလော။ မရှိပြီလော"

ဟု လျှောက်သော် ... ရှင်အရဟံလည်း သမ္မာသမ္ဗုဒ္ဓ

ဘုရားနိဗ္ဗာန် လားတော်မူကြောင်း၊ ဓာတ်တော်မွေတော်သာ ယခု ရှိကြောင်းကိုလည်းကောင်း၊ တရားတော်သည် မွေခန္ဓာ (၈၄၀၀၀) အရည်အတွက်ရှိသော အကြောင်းကိုလည်းကောင်း၊ သထုံပြည်ဝယ် ပိဋကတ်သုံးပုံ အစုံ ၃၀ ရှိကြောင်းကိုလည်းကောင်း၊ ငါမှတစ်ပါး ပရမတ္ထသိသောသူ၊ သမ္မုတိသိသောသူများစွာရှိကြောင်းကိုလည်းကောင်း မိန့်တော်မူသည်။

ထိုစကားကို မင်းကြီးကြားသော် အတိုင်းထက်အလွန် သဒ္ဓါ ပြင်းစွာဖြစ်၍ ဤသို့ လျှောက်ဖြန်၏။

မင်းကြီး။ ။ "အကျွန်ုပ်အား ယခုမျက်မှောက်အရှင်မှတစ်ပါး အခြားကိုးကွယ်ရာ မရှိပြီ။ ယနေ့မှစ၍ ကျွန်ုပ်၏ ကိုယ်ခန္ဓာနှင့် အသက်အား အရှင့်သို့ ဆောင်နှင်း တော့သည်။ အရှင်အဆုံးအမကိုလည်း ကျွန်ုပ်ခံယူ ပါအံ့"

ဟူ၍ လျှောက်ထားပြီးလျှင် အရှင်ကင်ရသော အရှင်၏ သာယာလှစွာသော ကျောင်းတစ်ကျောင်း ဆောက်လုပ်လှူဒါန်း လေ၏။ အရှင်ကြီးတို့ အယူကိုလည်း ပယ်တော်မူလေသည်။ ပြည်သူပြည်သားအပေါင်းတို့ကိုလည်း ပယ်စေတော်မူလေ၏။

ထိုသို့လျှင် အရှင်ကြီးတို့သည် လာဘ်ပူဇော်သက္ကာမှ

လျှောကျကုန်သည်ဖြစ်၍ ရှင်အရဟံအား ရန်ငြိုးကြီးစွာ ထားကြလေသည်။ မင်းကြီးလည်း ထိုအကြောင်းကို ဆင်ခြင်မိ၍ စိုးရိမ်တော်မူသဖြင့် အရည်းကြီးတို့ကို နိုင်လောက်အောင် အစောင့်အနေခန့်ထား-စောင့်နေစေလေ၏။ အရည်းကြီး သုံးကျိပ်နှင့်တကွ တပည့်လက်သား ခြောက်သောင်းတို့ကိုလည်း လူဝတ်လဲစေ၍ အဲမောင်းကိုင်၊ လှံကိုင်၊ ဆင်ချေးကျုံး၊ မြင်းချေးကျုံးနေရာတို့တွင် တာဝန်ထမ်းဆောင်စေသည်။

ရှင်အရဟံသည် သာသနာတော်၌ ကြည်ညိုသူတို့ကို ရဟန်းပြုပြင်း ပြုတော်မူ၍ သာသနာတော်မြတ်ကို သန့်ရှင်းထွန်းလင်းစေသည်။ နော်ရထာမင်းစောသည် ထိုအခါ ... သံဝေဂ၊ နောင်တရတော်မူ၍ "ဤပြည်ကို အစဉ်မင်းပြုတော်မူကုန်သော အဆက်ဆက်သော ဘေးလောင်းတော်၊ ဘိုးလောင်းတော်တို့သည် အရည်းကြီးရဟန်းတို့ အယူကို ယူမှားကြကုန်လေသည်။ ထိုသို့ အယူမှားကြလေသည်ကို ယူ၍ရအောင် ပြန်ဘိမူကား ... တစ်ဖန်ယူပြန်စေချင်၏" ဟူ၍ သံဝေဂ၊ နောင်တရရှိတော်မူလေသတည်း"

မှတ်ချက်။ [ဤတား-ရာဇဝင်၌ လာရှိသော ရှင်အရဟံ၏ အကြောင်းတည်း။]

■■■■■■■■■■■■■■■

ခိုးဟာပပ

# ပုဂံရောက် ရှင်အရဟံ၏ မူကွဲများ

ရှင်အရဟံ ပုဂံသို့ ရောက်ရှိခြင်းသမိုင်း၌ မူကွဲများ တွေ့ရသည်။ ထိုမူကွဲများကိုလည်း စာဖတ်ပရိသတ် နှိုင်းဆ၊ ချင့်ချိန်၍ လက်ခံရန် ပြည့်စုံစွာ လေ့လာတင်ပြပေးလိုက်ပါသည်။ အယူအဆ၊ အမှတ်အထင်၊ အရေးအသွင်း၊ အသုတ်အသင်အရာမှာ မိမိစိတ် တည်ရာသာလျှင်ဖြစ်သည်။ ရှေးကျမ်းလာများကပင် မတူညီသော မူကွဲများ ရှိလေသဖြင့် ယုတ္တိဗေဒ၊ သမိုင်းဖြစ်ရပ်၊ မှန်မမှန်ကို မိမိတို့ဘာသာ ဆုံးဖြတ်နိုင်ခွင့် ရှိပေသည်။

ပရိတ္တနိဒါန်း၌လာသော ရှင်အရဟံအကြောင်းမှာ ...

သိဟိုဠ်ကျွန်းဝယ် ဝိပ္ပဝါသိပြည်၌နေသော အမျိုးသားလုလင် တစ်ဦးသည် ရဟန်းပဉ္စင်းခံ၍ ဒွါရဝတီပြည်မှာ ပိဋကတ်စာပေ

သင်လာ၏။ နောက်-သဲထုံမြည်သို့သွား၍ ဝိဋကတ်စာပေသင်ဖြန် လေသည်။ ထိုရောအခါ သရေခေတ္တရာမြည်၌ “သခွတ်ပင်တွင် ကျမ်းစာရသည်” ဟူသော စကားကိုကြား၍ သဲထုံမြည်က သရေ ခေတ္တရာသို့ သွားလေသည်။

ခရီးအကြား တောတွင် ထိုအရှင်ကို ဘီလူးမှတ်ထင်၍ မုဆိုးတို့ ဖမ်းဆီးပြီးလျှင် နော်ရထာမင်းစောအား ပြလေ၏။ ထိုသို့ ပြကြောင်းကို ဤသို့ ရှင်ဝင်က ဝါထာဆောင်၏။

“ရာဇာဓိရာဇာနုရုဒ္ဓ၊
ဒေဝေါစက္ကိန္ဒရာဇာဝ။
သိရိနုဘောဝန္တောလုဒ္ဒေနာ၊
ဓါတာဝတာဓောရဓောဒ္ဓံ။
ဝုဍ္ဎိဝံရတာဿနာမကံ။ ။”

အနက်ကား ... ရာဇာဓိရာဇာ ... မင်းတို့ထက် လွန်မြတ်သော မင်းဖြစ်သော
အနုရုဒ္ဓဒေဝေါ ... နော်ရထာမင်းစောသည်
စက္ကိန္ဒရာဇာဝ ... ကြာမင်းကဲ့သို့
သိရိန ... မင်း၏စည်းစိမ် ကျက်သရေကို

အနုဒေါသာဗွော ... ခံစားတော်မူလျက်

အရဟန္တနာမကံ ... အရဟံအမည်ရှိသော

လုဒ္ဒေနု ... မုဆိုးသည်

အာဒါယ ... ယူဆောင်၍

အာဂတာထေရသောဋ္ဌ ... လာခဲ့သောမထေရ်

မြတ်ကို

ရှဝံ ... ဤသို့

ပုစ္ဆိ ... မေးလေ၏။

ဤဂါထာလာသည့်အတိုင်း မေးသည်မှာ ...

မင်းကြီး။ ။ ထိုအခါ အနော်ရထာမင်းစောက ရှင်အရဟံကို (သင်ကား အဘယ်သူနည်း)ဟု မေးလေ၏။

မထေရ်။ ။ (ငါကား--ဂေါတမဘုရား၏ တပည့်သားတည်း။ ပါဠာတော်ပါတ်ကို ငါတို့ပယ်၏)ဟု ဆိုပေသော်

မင်းကြီး။ ။ (ဘုရားစသော ရတနာသုံးပါးတို့ ဂုဏ်ကျေးဇူးကား အဘယ်သို့ ရှိလေသနည်း)ဟု မေးမြန်း၏။

မထေရ်။ ။ (ဘုရားကား မဟောသောကဲ့သို့၊ တရားတော်ကား ဥယျာဉ်လိုက်နှီးကဲ့သို့၊ သံဃာတော်ကား ဝိဒေဟရာဇ်

မင်းကြီးစသော ဗိုလ်ပါကဲ့သို့တည်း။ နိဗ္ဗာန်ကား ... စန္ဒကူးဖြင့် လိမ်းသော်ငြိမ်းအေးသကဲ့သို့တည်း၊) ဤသို့ ဥပမာအထူးကို ဆောင်၍ ဆိုလေ၏။

မင်းကြီး။ ။ အရှင်းကြီးတို့ကိုရည်၍ ... (ဤသူတို့ကား ဘုရားဂေါတမ၏ တပည့်များ မဟုတ်ပေလော။) ဟု မေးမြန်းလေသည်။

မထေရ်။ ။ (ဤသူတို့ကား ဘုရားဂေါတမ၏တပည့်မဟုတ်၊ ငါတို့နှင့် သဘောမတူ၊ တက္ကတွန်းရဟန်းချည်းတည်း။)ဟုဆိုသော် ...

မင်းကြီးသည် ထိုနေ့မှစ၍ အရည်းကြီးများကို ဖဲ်ပယ်လေသည်။ ရှင်အရဟံလည်း မင်းကြီးအား ဒသဝတ္ထု၊ ဝိမာနဝတ္ထုများကို ဟောကြားပေ၏။ မင်းကြီးလည်း ကြည်ညိုသွာဖြစ်၍ သရေခေတ္တရာမှ အမြန်တွင် ပုဂံပြည်သို့ပင် ဆောင်လေ၏။

အရည်းရဟန်းယောင်တို့တွင် အလှည့်အပြား၊ လိမ္မာစွာသော အရည်းကြီးတစ်ယောက်သည် ဝိဝိတို့ငါ့အလျောက် ကျမ်းစာပြုပြီးလျှင် သရေခေတ္တရာပြည်တွင် သစ္စတ်ပင်ကြီးကိုထွင်း၍ သွင်းထားပြီးမှ မြေလိမ်းကျံစေ၍ ပကတိအသားတက်စေလေ၏။ ထိုအခါ "ငါတို့အိပ်မက်တွင် သစ္စပ်ပင်ထဲ၌ ကျမ်းစာရှိကြောင်းကို

မြင်မက်သည်"ဟု ထင်ထင်ရှားရှား ပြောဆိုကုန်၏။

ထိုစကားကို အနော်ရထာမင်းစောကြား၍ သရေခေတ္တရာ ရောက်အောင်ချီသွားပြီးလျှင် သမ္ဘာပင်ကို ပေါက်ခွဲ၍ ရာဇဝင်ကျမ်းစာကို ရရှိလေ၏။ စာတွင်မူကား ... ဒိဋ္ဌိတို့အယူအကျင့် မှန်ကြောင်း၊ ဘုရားဒေါ်ဝါမဖြစ်ကြောင်းပါ၏။ မင်းကြီးလည်း ယုံမှား သံကာနှင့်ပင် မလွှဲသာ၍ အရည်းကြီးတို့အား တည်မြဲ၊ လှူမြဲ အလှူဝတ်ကိုတည်မြဲ လှူမြဲလေ၏။

ဤသို့ အရည်းကြီးရဟန်းတို့မှာ ကျမ်းစာပေါ်ကြောင်းကို ကြားသဖြင့် သရေခေတ္တရာပြည်သို့ ချီ၍ ပုဂံသို့ အပြန်တွင် ရှင်အရဟံကို ပုဂံသို့ ပင့်ဆောင်ခဲ့သတည်း။ ပုဂံသို့ရောက်လျှင် မြို့ရှေ့၌ စေတနာမည်သောကျောင်းကို ဆောက်၍ တင်လှူလေ၏။ "အရဟံ မဟာထေရ်"ဟူသော အမည်ကိုလည်း တွင်စေ၏။ မင်းကြီးကား ရေထမ်း၍ ဓိပ္ပာယ်ရှားကား ဆွမ်းအုပ်ရွက်၍ နေ့တိုင်း မပြတ် လုပ်ကျွေး၏။ အမေးပုစ္ဆာမေးမြန်းဖွယ်ရှိလျှင်လည်း မေးလေ သတည်း။ ။

တစ်ဖန် သာသနာဝင်စာတမ်းများတွင် လာရှိသော ရှင်အရဟံ၏ မူကွဲတစ်ခုမှာ ဤသို့ဖြစ်လေ၏။

သုဝဏ္ဏဘုမ္မိသထုံမြို့တွင် ဈာန်သမာပတ်ရသော "အနော်မ

အသီမ်ထေရ်"သည် အရှင်သောဏ၊ အရှင်ဥတ္တရတို့ မြို့ရသော သာသနာ အစွယ်အဆက်ကို သံဃာဇါးရာနှင့် ကောင်းစွာစောင့်ထိန်း လျှက်နေ၏။ ထိုအရှင်၏ တပည့်ရင်းကား ၄း၄ ရှင်အဓိဒ္ဓိလဖြစ်ပြီး သူ၏တပည့်ရင်းမှာ ရှင်ပြာဏအသီဖြစ်သည်။

ထိုအရှင်၏ တပည့်ရင်းကား ရှင်ကာလ၊ ထိုအရှင်တပည့်ရင်း ရှင်အရဟံတည်း အဆင့်ဆင့်ရှိလေ၏။ ရှင်အရဟံ၏ တပည့်ရင်း ဖြစ်သူမှာလည်း ရှင်အရိယာဝံသ ဖြစ်ပြန်သတည်း။ အတူနေ သိဒ္ဓိ ဝိဟာရိကကို တပည့်ရင်းတုလည်း ဆိုလေ၏။

ဤသို့ ဆရာစဉ်စာတွင် ဆိုထားသော စကားသည် သထုံ ပြည်၌ လောကီရာန် အသိညာဉ်ရသော ရှင်ပြာဏအသီနှင့် ထို အရှင်၏ တပည့်ရင်း ရှင်မဟာကာလ၊ ရှင်အရိယာဝံသ၊ ရှင်ဥတ္တရ ဇီဝ အတူတကွ နေထိုင်ကြလေ၏။

ထိုရှင်အရဟံသည် သာမဏေမပြုမီကပင် ဗေဒင်လေးပုံ တတ်မြောက်သည်တူ၏။ သာမဏေပြုပြီးသော်ကား အဋ္ဌကထာနှင့် တကွ ပိဋကတ်သုံးပုံကို ဆောင်ရွက်၍ ကျော်စောထင်ရှားသဖြင့် သောတ္တာတဲမြို့ကပင့်၍ ထိုမြို့တွင် ၁၀-နှစ်ကျော်နေပြီးမှ သထုံမြို့ သို့ ပြန်ခဲ့၍ အရညဝါသီ-တောဆောက်တည်လေ၏။

အနော်ရထာမင်းစော ပုဂံတွင် မင်းဖြစ်သောအခါ-ပုဂံပြည်၌

ရှင်ယောင်အရည်းကြီးတို့သည် သံဃာတော်ဟု ၃၀–၆၀ အစုအသင်းဖွဲ့လျက် နေကြကုန်သည်မှာ အစု ၁၀၀၀ ရှိသောဟူ၏။ အနော်ရထာမင်းစောလည်း ထိုအရည်းကြီးတို့၏ အိမ်ရာတည်ထောင်မှု၊ မမြတ်သောမေထုန်အကျင့်များကို ကြားတော်မူ၍ ကြည်ဖြူတော်မမူ။ ပြည်သူပြည်သားများနှင့်တကွ မပေးကာမ်း၊ မလှူဒါန်းနေလေသော် ဝင်းလဲဆန်းပြားသော အရည်းကြီးတစ်ယောက်သည် မိမိတို့အပြုမှုနှင့် လျော်ညီအောင် ကျမ်းစာရေးလုပ်ပြီးလျှင်

"သရေခေတ္တရာ ရှေးပြည်တွင်ရှိသော သခွပ်ပင်ကြီးအခေါင်း၌ ထိုကျမ်းစာကို ထည့်သွင်းထားလေ၏။ သစ်ပင်အခွံအသားဖုံးစပ်လွယ်အောင် ဖွတ်စိုသော မြေခံထား၍ မသေ့မခြောက်စေရအောင် လုံ့လပြု၏။ (၃)နှစ်လည်၍ သစ်ပင်အခွံအသား ဖုံးစပ်သောအခါ ပုဂံပြည်သို့လာ၍ အနော်ရထာမင်းစောအား ဤသို့ကြားစေလေ၏။

ကျွန်ုပ်တို့ကား ကျမ်းစာမရှိ၍ တောင့်တကြလေလျှင် သားလောင်းတော် ဗုဒ္ဓဘောင်မင်းကြီး မြို့တော်ရှေးပြည်တွင် မြို့လယ်၌သခွပ်ပင်ကြီးအတွင်း၌ ကျမ်းစာရှိသည်ကို ဖော်ယူသင်ကြားကျင့်ဆောင်ကြရမည်ဟု နတ်တို့အိပ်မက်ပေး ပြဆိုလာသည်တူ၍မင်းကြီးကြားလေတ်သော် – မင်းကြီးလည်း ဝမ်းမြောက်ဝမ်းသာ

ရသေ့ပြည်တွင်းသို့ ရောက်အောင် စစ်အင်္ဂါလေးပါးနှင့် ချီလေ၏။

ရောက်သော် သခွပ်ပင်ကိုရှာစေရာ လုံးပတ် ၃၂ တောင်ရှိသော သခွပ်ပင်ကြီးကိုတွေ့၍ ထွင်းဖောက်စေသည်တွင် သစ်ခေါင်းအတွင်းမှာ ကျမ်းစာအများရှေ့၍ မင်းအား ဆက်သသည်ကို ကြည့်ရှုနာခံတော်မူ၍ သဘောသကာန်၊ မဟာဝိပမှန်ကြောင်းကို သိတော်မူလေသဖြင့် ထိုအရပ်တွင်ပင် မီးတိုက်စေ၏။ ထိုသို့ မီးတိုက်ရာအရပ်သည် ယနေ့ထက်တိုင်အောင် - (မီးတိုက်ကုန်း)တု အထင်အရှား တွင်လေ၏။

ထိုသို့သော အကြောင်းအရာစကားများကို တစ်ဆင့်စကားဖြင့် ရှင်အရဟံကြား၍ သထုံပြည်က သံရေစေတွာရာသို့ ကြွလာခဲ့သည်။ တောင်တွင်းမြို့၊ ရွေ့ကုန်းခေါင်တောင်ရိုးသို့ လှည့်လည်ကျက်စားသော မုဆိုးတွေ့လျှင် လူရိုင်းအမှတ်ထင်၍ ဖမ်းကာ အခနော်ရထားအား ဆက်ရန် ယူဆောင်လေ၏။

ရှင်မထေရ်အရည်းကြီးတို့မှာ ဖန်ရည်စွန်းမဝတ်၊ ပလောင်ရဟန်း၊ တရုတ်ရဟန်းများကဲ့သို့ မဲထည်၊ မဲပြာ၊ အနက်မည်းကိုသာ ဝတ်လေ၏။ ဆံပင်လက်လေးသစ်၊ လက်တစ်ဝါးထားသည်ဖြစ်၍လည်းကောင်း၊ အရှင်အရဟံမှာ ဆံ ၂ သစ်မှ မလွန်၊ ပရိက္ခရာရှစ်ပါး၊ ဓမ္မစေတီများပါသည်ဖြစ်၍လည်းကောင်း၊ အရည်း

ကြီးများနှင့် မတူသောကြောင့် မုဆိုးက လှူရိုးမှတ်လေသတည်း။

အနော်ရထာမင်းစောလည်း မုဆိုးပြ၍ မြင်တော်မူမိုက်မှာပင် ဘုရားမြွေ၏ ပြည့်စုံခြင်းကို ထောက်၍ "ဤသူကား - လှူရိုး လက္ခဏာမရှိ၊ သူမြတ်လက္ခဏာရှိပေသည်"ဟု ဆင်ခြင်ပြီးလျှင် နေရာမှထ၍ သင့်တင့်လျောက်ပတ်ရာနေရာ၌ နေလေဟု ဆိုလေ၏။

ရှင်အရဟံလည်း မင်းကြီး၏ လေညာ၊ မနီးလွန်း၊ မဝေးလွန်းက ပေ့ခက်ကိုခင်း၍ ထက်ဝယ်ဖွဲ့နေတော်မူ၏။

မင်းကြီး။ ။ ထိုအခါ မင်းကြီးမြင်လျှင် သဒ္ဓါကြည်ညိုသဖြင့် လက်ယှက်၍ (အဘယ်အမျိုးအနွယ် ပေနည်း)ဟု မေးသည်ကို ...

မထေရ်။ ။ (ငါကား - သမ္မာသမ္ဗုဒ္ဓဘုရားအနွယ်)ဟု အမိန့်ရှိ၏။

မင်းကြီး။ ။ (သမ္မာသမ္ဗုဒ္ဓဘုရား ဟူသည်ကား အဘယ်သို့သော ဝုဏ်၊ အဘယ်သို့သောအကျင့် ရှိပေသနည်း)ဟု မေးမြန်းသော်

မထေရ်။ ။ (သမ္မာသမ္ဗုဒ္ဓဘုရားကား သစ္စာလေးပါး တရား အပေါင်းကို ဆရာမရှိဘဲ မဖောက်မပြန် သိတော်မူ၍ မင်းထွက်မင်း၊ နတ်ထက်နတ်၊ ဗြဟ္မာထက်

ပြဟ္မာဖြစ်သော ဂုဏ်ကျေးဇူးခပ်သိမ်းတို့၏ ဆင်းရဲခြင်းကို ပယ်တတ်သော အကျင့်ရှိတော်မူ၏)ဟု မိန့်တော်မူလျှင် ...

မင်းကြီးလည်း ဝမ်းမြောက်ဝမ်းသာရှိ၍ ကိုယ်ကိုဆောင်နှင်းလျက် "ပြည့်ခံမယ်တော်မူပါ"ဟု လျှောက်၍ ဆရာအမှတ် ကိုးကွယ်တော်မူ၏။ သရေခေတ္တရာကပြန်၍ ပုဂံသို့ရောက်တော်မူလျှင် ရှင်အရဟံကို ညောင်ဦးစုယျာဉ်အနောက်၊ ဥဒ္ဓိမှသွာမြောက်အယွန်းတွင် အရည်းသိင်တောင်ကျောင်းဆောက်၍ သီတင်းသုံးနေစေတော်မူသည်။

ထိုသို့ နေတော်မူသောအခါ ရှင်ပယင်အရည်းကြီးတို့ ဂြိုဟ်အစွဲရာယ်မဖြစ်စိမ့်သောငှာ အဆောင့်အနေလူ ၃၀၀ လျှုထားတော်မူသည်။ ယင်းကို ဝိနည်းမေ့ကွန်းနှင့်အညီ တော်လှန်စေ၍ ရှင်ရဟန်းပြုတော်မူပြီးလျှင် ပိဋကတ်တော်ကို တတ်မြောက်အောင် သင်ကြားစေတော်မူသည်။

[ဤတား-သာသနာဆက်စာများတွင် လာရှိသော ရှင်အရဟံ၏ အကြောင်းတည်း။]

■■■■■■■■■■■■■■

၅

# အနော်ရထာမင်းစောနှင့်သူရဲကောင်းများ

ပုဂံပြည်တွင် အနော်ရထာမင်း နန်းတက်စဉ်ကာလ ခေတ်ပြိုင်ဖြစ်သောမနူဟာမင်းသည် သထုံတွင် စိုးစံလျက်ရှိသည်။ ထိုရော အခါ သထုံပြည်ဝယ် သင်္ဘောပျက်လေသောကြောင့် ကုလားညီနောင် ၂ ဦးတို့သည် ပျဉ်တစ်ချပ်စီး၍ သထုံပြည်သို့ ရောက်လာလေသည်။ ထိုကုလားညီနောင်သည် သထုံပြည်သို့ရောက်လျှင် သထုံမင်းဆရာတော်ထံ ခိုဝင်ရောက်၍ နိုလှုံနေကြသည်။

ထိုတုန်းတော်ကြီးလည်း ကုလားညီနောင်တို့ကို သနားချစ်ခင်လေသဖြင့် အပါးတွင် မပြတ်စေပါးတော်မူလေသည်။ တစ်ခါသော် ထိုကုလားညီနောင်အား ခေါ်ဆောင်၍ တောတွင်းသို့ ဆေးမြစ်၊ ဆေးဥသွားရောက်တူးယူရှာဖွေရန် သွားကြလေ၏။ တောတွင်းသို့

ရောက်လေလျှင် ဝိဇ္ဇာထိုရ်ဇော်ဂျီကောင်တစ်ခုသည် အချက်အရာနှင့် သေနေသည်ကို တွေ့လေ၏။

သထုံမင်းဆရာတော် ဘုန်းကြီးလည်း ဝိဇ္ဇာကာတ်၊ ဗေဒင်၊ ဆေးဝါး၊ ဖန္တရားတို့ကို အပြီးတိုင်အောင် တတ်မြောက်တော်မူလေသည်နှင့် ဇော်ဂျီကောင်ကိုမြင်လျှင် ဤသို့ မိန့်တော်မူလေသည်။

"ဤဇော်ဂျီကောင်ကို ဖုတ်ကင်၊ ချက်ပြုတ်၍ စားရသည်ရှိသော် အနာမျိုးပျောက်၍ အသက်ခန္ဓာ ကြာမြင့်စွာရှည်၏ ၁၀- ရက်သွားရသော ခရီးကို နေ့ချင်းရောက်နိုင်သော အစွမ်းရှိ၏။ အချိန်တစ်ထောင်ရှိသောဝန်ကို ရွက်ဆောင်နိုင်သောအစွမ်းနှင့်ပြည့်စုံ၏ ယင်းသို့ မပြုမူ၍ ဤဇော်ဂျီသေကောင်ကို ဆေးဖြင့်စမ်းရသည်ရှိသော် အသက်ရှင်လတ္တံ့။ ထိုအခါ ဤဇော်ဂျီကောင်၏ ကျေးဇူးကို မှီ၍ နင်တို့၊ ငါတို့အကျိုးများစွာ ခံရလတ္တံ့။ သို့ဖြစ်သောကြောင့် ဇော်ဂျီကောင်ကို နင်တို့ ၂ယောက်၊ ထမ်းဆောင်ခဲ့လော့။ ကျောင်းသို့ရောက်ခါမှ ဆေးဝါးစု၍ ငါစီရင်မည်"

ဤသို့ သထုံမင်းဆရာတော် ဘုန်းကြီးဆိုလေလျှင် ကုလားညီနောင်တို့လည်း ထိုဇော်ဂျီသေကောင်ကို ထမ်းယူခဲ့ကြ၏။ ဇော်ဂျီကောင်တို့၏ သဘောသည်ကား အသက်မရှိလျှင် ပတ္တတိလူ (၇)လသားခန့် ပမာဏသာရှိလေသည်။ အဇ္ဈတ္တရ သရုပ်သိဒ္ဓိ

ဗမ္မာ့ဒေသမြေသီးတို့ကိုသာ စားသုံးသောကြောင့် ဇော်ဂျီကောင်တို့၏ အနံ့သည်ကား ငှက်ပျောအနံ့ကဲ့သို့ အလွန်မွှေးကြိုင်လေသည်။ ကျောင်းသို့ရောက်သည်နှင့် ကောင်းမွန်စွာ သိမ်းဆည်းထားလေ၏။

တစ်နေ့သောအခါ သတုံမင်းဆရာတော်သည် နန်းတော်သို့ သွားလေရာ ကျောင်းတွင် ကျန်ရစ်ခဲ့သော ကုလားညီနောင်တို့သည် ထိုဇော်ဂျီသေကောင်ကို ဖုတ်ကင်၍ စားကြလေသည်။ ယင်းသို့ စားပြီးသောအခါ ကုလားညီနောင်တို့လည်း ငါတို့ဆရာတော် ဘုန်းကြီးဆိုသည့်အတိုင်း မှန်မမှန်စမ်းကြည့်ရန်အလို့ငှာ အလျား ၁၀ တောင် အနံ ဂတောင်ရှိသော ကျောက်ဖျာကြီးကို ညီနောင် ၂ဦး ချီကြသော် ချီနိုင်၍ ကျောင်းလှေကားရင်းတွင် ထားလေသည်။

သတုံမင်းဆရာတော်လည်း နန်းတော်မှပြန်လာ၍ ကျောင်းလှေကားရင်းတွင် ကျောက်ဖျာကြီးကိုတွေ့သည်နှင့် ကုလားညီနောင်တို့သည် ဇော်ဂျီကောင်ကို ဖုတ်ကင်စား၍သာ ဤသို့မနိုင်ရှေ့နိုင် ကြောင်းဖြစ်မည်ဟု အတတ်သိလေ၏။ ဟုတ် မဟုတ် ညီနောင်အား မေးလေရာ ကျွန်ုပ်တို့ညီနောင် မွှေးကြိုင်လွန်းလှသော ရနံ့ကြောင့် စားမိပါသည်ဟု ဝန်ခံလေ၏။ မင်းဆရာတော်လည်း စတ်မဆိတ်ပင် နေတော်မူလေ၏။

ထိုနေ့မှစ၍ ကုလားညီနောင်တို့သည်လည်း ဆင်ပြောင်ကြီး

အားနှင့်တူသော အားကိုဆောင်ကုန်၏။ ရှည်လတ်သော် သထုံဘု ရင် မနူဟာလည်း စိုးရိမ်ကြောက်ရွံ့တော်မူ၍ ကုလားညီနောင်ကို ဖမ်းဆီးရလေတော့သည်။ အစ်ကိုဖြစ်သူ ဗျတ်ဝိကိုမူကား မယားအိမ် တွင် ပျော်နေခိုက်ဖြစ်၍ ဖမ်းမိလေလျှင် ပါးကွက်အာဏာသားတို့ လက်ဖြင့် သတ်လေ၏။

ညီဖြစ်သူ ဗျတ္တမှာ သထုံပြည်မှ ထွက်ပြေးကာ ပေါက္ကရာမသို့ ရောက်လာ၍ အနော်ရထာမင်းစောထံတွင် ခစားလေသည်။ အနော်ရ ထာမင်းစောလည်း ထိုကုလားဗျတ္တ၏ အရည်အသွေးကို မြင်တော် မူလျှင် သနားတော်မူ၍ အပါးတော်တွင် မပြတ်စေပါတော်မူလေ၏။

သထုံဘုရင်လည်း ဗျတ်ဝိကိုသတ်ပြီးသော် မင်းဆရာတော် အားမေးသည်မှာ "အဘယ်သို့ စီရင်ရသော် သင့်မည်နည်း" ဟု မေးတော်မူလေ၏။ ဆရာတော်လည်း "ဤကုလားအသေကောင် ကို ဖျက်ပြီးလျှင် လက်ယာလက်ကို မည်သည့်အရပ်တွင် မြှုပ် လက်ဝဲလက်ကို မည်သည့်အရပ်တွင် လက်ယာပေါင်ကို မည်သည့်အရပ်တွင် လက်ဝဲလက်ကို မည်သည့်အရပ်တွင် လက်ဝဲ ပေါင်ကို မည်သည့်အရပ်တွင် ဦးခေါင်းနှင့် အူအသည်းတို့ကို မည်သည့်အရပ်တွင် စသည်သို့ စီရင်၍မြှုပ်လေ။ ဤသို့ အထူးထူး သော ပယောဂတို့ဖြင့် စီရင်ရသည်ဆိုသော ခပ်သိမ်းသောရန်သူ

အပေါင်းတို့ လုပ်ကြံပြားသော်လည်း ဤသတုံပြို့ကို မအောင်နိုင်ရာ”

ဟူ၍ သတုံမင်းသရာဆိုလေလျှင် သတုံမင်းလည်း အထူးထူး အပြားပြားသော စီရင်ခြင်း၊ စီရင်ဖွယ်တို့ဖြင့် စီရင်၍ မြုပ်ထားလေ၏။ ထိုနေ့မှစ၍ သတုံပြည်ကို ရန်သူအပေါင်းတို့သည် မလှုပ်ချောက်နိုင်တော့ပေ။

အနော်ရထာမင်းစောလည်း ရောက်လာသော ကုလားလူစွမ်းကောင်း ဗျတ္တအား ပုပ္ပါးသို့ စကားပန်းယူထောင်ဆက်သရန် တစ်နေ့ ၁၀ခေါက်မှုစေတော်မူလေ၏။ လူစွမ်းကောင်းဗျတ္တလည်း ဇော်ဂျီဗိုလ်ဝင်သားကို စားသုံးထားလေသောအစွမ်းကြောင့် မြေကြောရှုံးသည့် ပထဝိသိဒ္ဓိပြီးမြောက်သည်ဖြစ်ရာ ခိုင်းစေရာကို ပြီးနိုင်စွမ်းရှိလေ၏။

တစ်နေ့သ၌ ထိုပုပ္ပါးအရပ်မှ ဘီလူးမတစ်ယောက်သည် ကုလားငယ်ဗျတ္တကိုမြင်လေလျှင် ရေးကာ ပြုခဲ့ဖူးသောကံ စေ့စပ်အကြောင်းဆက်လာသည်ဖြစ်၍ တပ်မက်ချစ်ခင်စိတ် ယိုဖိတ်မိလေ၏။ ထိုအခါ လူယောင်ဖန်ဆင်း၍ ထိုကုလားဗျတ္တနှင့် မြင်တွေ့ပါများသောအခါ ချစ်ကြိုက်သွားကြလေသည်။

ထိုသို့ နေ့စဉ် ပန်းတော်ဆက်ရာထူးဖြင့် ပန်းရူးသွားလာ

နေသော ဖျူဘွာမှာ ပုပ္ပါးတောင်မှ ပန်းစားဘီလူးမ မယ်ဝဏ္ဏနှင့် တွေ့ဆုံချစ်ကြိုက်ပြီးသော်၊ ပေါင်းသင်းနေပြီလေသဖြင့် တစ်ခါတစ်ရံ ပန်တော်ပန်း ဆက်သချိန်များ နှောင့်နှေးလာသဖြင့် ဖျူဘွာအပေါ်၌ မနာလိုစိတ်ရှိသည့် မှူးမတ်များ၏ သံတော်ဦးတင်ချက်ကြောင့် ဖျူဘွာအား အနော်ရထာမင်းကြီး စစ်ဆေးလေသော် ...

ပုပ္ပါးတောင်မှ မယ်ဝဏ္ဏနှင့် အိမ်ထောင်ကျနေပါသည်ဟု လျှောက်တင်၍ မယ်ဝဏ္ဏ ရှာဖွေခူးဆွတ်ပေးလိုက်သော အဖိုးတန် ရှားပါးသည့် နတ်ပန်းများ ဆက်သနိုင်သဖြင့် အပြစ်တော်ရှုခြင်း ဘေးမှ ကင်းဝေးတော်မူခဲ့လေသည်။ ဖျူဘွာနှင့် မယ်ဝဏ္ဏတို့မှ သားနှစ်ယောက်ဖွားမြင်ရာ အနော်ရထာမင်းမြတ်က ရွှေဖျဉ်းအိုး ၂ လုံး လက်ဖွဲ့တော်မူသဖြင့် သားအကြီးကို ရွှေဖျဉ်းကြီး၊ သား အငယ်ကို ရွှေဖျဉ်းငယ်ဟု အမည်တွင်ခဲ့သည်။

■■■■■■■■■■■■■■■■

# အနော်ရထာနှင့်မနူဟာပဋိပက္ခ

တစ်နေ့သ၌ ရှင်အရဟံသည် အနော်ရထာမင်းတော်အား ဤသို့ မိန့်တော်မူလေ၏။

"ဘုရားရှင်သာသနာတော်သုံးပါးတွင် ပရိယတ္တိသာသနာတော်ရှိမှ ပဋိပတ္တိသာသနာတော် ဖြစ်နိုင်သည်။ ပဋိပတ္တိသာသနာတော်ဖြစ်မှ ပဋိဝေဓသာသနာဖြစ်သည်။ ပရိယတ္တိဟူသော ပိဋကတ်သုံးပုံလည်း မရှိချေသေး။ ဘုရားရှင် သရီရဓာတ်တော်၊ မွေတော်လည်း မရှိချေသေးဖြစ်သည်။ မွေတော်-ဓာတ်တော်၊ ပိဋကတ်ကျမ်းဂန်ရှိသော ပြည်ရွာတိုင်းများသို့ လက်ဆောင်ပဏ္ဏာနှင့် တောင်းစေ၍ရသည်ဖြစ်မှ သာသနာတော် အဓွန့်ရှည်စွာ တည်ရာသည်။"

ဟူ၍ မိန့်တော်မူလေ၏။ အနော်ရထာမင်းတော်လည်း "အဘယ်တိုင်းများနိုင်ငံ၌ တောင်းသော်ရလတ္တံ့နည်း။" ဟူ၍ ရှင်အရဟံ

အား နားတော်လျှောက်လေ၏။ ရှင်အရဟံလည်း "သထုံပြည်၌ ပိဋကတ်သုံးပုံကို တစ်ပုံခေါ်၍ အစုံပေါင်း ၃၀ ရှိလေ၏။ မွေတော်-ဓာတ်တော်များလည်း များစွာရှိသည်"ဟူ၍ သိန့်တော်မူလျှင် မင်းကြီးလည်း လက်ဆောင်ပဏ္ဏာကာရ အများစီရင်တော်မူ၍ လိမ္မာသော အမတ်တစ်ယောက်ကို သာယာချိုသောစကားဖြင့် သထုံပြည်သို့ စေလွှတ်တောင်းခံစေလေ၏။

သထုံမင်းမနူဟာလည်း မကောင်းသော စိတ်နှလုံးထားဖြင့် မချိုသောစကား ဆိုလိုက်ချေသည်။ အချို့သော ရာဇဝင်ကျမ်းတို့၌ မနူဟာမင်းသည် ပိဋကတ်တော်နှင့် ဓာတ်တော်မွေတော်များ တောင်းခံလာသည့် သံအဖွဲ့အား "ဤအရာတို့မှာ-အရိုင်းတို့၏ အရာလော" ဆိုသည်ဟု ဖော်ပြထားသည်။

အနော်ရထာမင်းစောလည်း ယင်းစကားကို သံတို့ဖြင့် ပြန်ကြားလျှောက်တင်လေလျှင် "ငါကဲ့သို့သော. မင်းကိုစင်လျှက် ဤသို့သောစကားကို ဆိုရမည်လော"ဟု ပြင်းစွာသော အမျက်တော် ရှိလေသဖြင့် သက္ကရာဇ် ၃၇၇-ခုနှစ်တွင် သထုံဖို့ ချီတက်ရန် ဝိုင်းပြင်လေ၏။ နိုင်ငံတော်၌ရှိသော သူရဲ သူခက်၊ အပေါင်းတို့ကို စုရုံးတော်မူ၍ ရေကြောင်း-ကြည်းကြောင်း ချီတော်မူလေသည်။

ရေကြောင်းမှာ လှေ ၈. သိန်း၊ သူရဲ ၈ ကုဋေ၊ ကြည်း

ကြောင်းမှာလည်း ကျွန်စစ်သား၊ ဝဇ္ဇရူ၊ လုံးလက်ဖယ်၊ ညောင်ဦးဖီးစသည့် စစ်သူကြီး ၄ ယောက်တို့ကို ရှေ့ဖျားမှ ချီစေ၍ အနော်ရထာမင်းကြီးကိုယ်တိုင် နောက်တပ်မပြုလျက် ချီတော်မူလေသည်။ ထိုကြည်းတပ်တွင်ပါဝင်သော ဆင်၊ မြင်း၊ ဗိုလ်ပါကား ဆင် ၈ သိန်း၊ မြင်း ၈ သန်း၊ သူရဲကုဋေ ၈၀ ပါသည်ဟု ဆိုလေ၏။

[ထိုရာဇဝင်ပါ စစ်ချီတိန်းဂဏန်းများအား ခေတ်သစ်သမိုင်းဆရာတို့နှင့် သမိုင်းသုတေသီတို့က မယုံကြည်ကြပေ။ ကျမ်းပြုသူ၏ ချဲ့ထွင်ရေးသားမှုဟု ယူဆကြသည်။]

ရေကြောင်းချီတက်သော စစ်များပဲခူးသို့ရောက်၍ ပေါက္ကာရာမက လှေတပ်မကျန်သေးကြောင်း၊ ဤမှများပြားစွာ ချီတက်ကြောင်း ဖော်ပြထားသည်။ ထို့အတူ ကြည်းကြောင်း ချီရာတွင်လည်း စစ်များမှာ သထုံအစပ်သို့ ရောက်၍ ပေါက္ကာရာမက နောက်တပ် မကုန်သေးကြောင်း ဖော်ပြသည်။

သထုံမင်း မနူဟာလည်း အနော်ရထာမင်းစောသည် "နတ်မြင်းသည်" စစ်သူကြီး ၄ ယောက်နှင့်တကွ၊ မရေမတွက်နိုင်သော စစ်သည်တို့ ချီလာပြီဟူ၍ ကြားလတ်သော် အလွန်ကြောက်ရွံ့ခြင်း မြင်းသည်ဖြစ်၍ မြို့တံခါးကို ပိတ်ပြီးသော်မြို့ကို ခိုင်လုံအောင်

ပြုလျက် ကြံကြံခံလေ၏။ ပုဂံစစ်သည်တော်တို့ ရေကြောင်း၊ ကြည်းကြောင်းရောက်ကြလျှင် စစ်သူကြီး ၄ ယောက် ခေါင်းတည်၍ မြို့ကိုတက်လေသည်။ သို့သော် မတက်နိုင်ချေ။

သထုံဘုရင်မင်းဆရာ၏ ပယောဂစီရင်ပေးထားမှုကြောင့် ကြိမ်ဖန်များစွာ လုပ်ကြံသော်လည်း မအောင်မြင်ဘဲ ရှိလေ၏။ ထိုအခါ အနော်ရထာမင်းစောလည်း ဟူးရားမြို့ ဟူးရာညိုတို့အား "အကြောင်းမည်သို့ ရှိလေသနည်း"ဟု မေးတော်မူရာ ...ဟူးရားတို့က "ဤသထုံပြည်ဝယ် အထူးထူးသော ပယောဂဖြင့် မြို့ရိုးတွင် စီရင်ထားသောကြောင့် ယခုကဲ့သို့ အောင်ခြင်းသို့ မရနိုင်ခြင်းဖြစ်သည်"

ဤသို့ နားတော်လျှောက်လေလျှင် အကြောင်းရင်းကို သိတော်မူသော အနော်ရထာမင်းစောသည် လူစွမ်းကောင်း ဖျတ္တအားခေါ်၍ "ဤပြည်၌ သင်နေခဲ့ဖူးသည်ဖြစ်ရာ၊ ဖြစ်ကြောင်းစုံရာကို လျှောက်တင်လော့"ဟု ဆိုလေ၏။ ဖျတ္တလည်း မိမိသခင်ဖြစ်တိသော မင်းကြီးအား မှီးရှိုးစွာဖြင့် လျှောက်ထားသည်မှာ –

"သထုံပြည်ကို အရှင်အလိုတော်မပြည့်၊ မဖောက်မဝင်နိုင်ဖြစ်ရသည်မှာကား ... မနုဟာမင်းသည် ကျွန်ုပ်အစ်ကို ဖျတ်ဝိအား ဖမ်းဆီး ကွပ်မျက်၍ ဦးခေါင်း၊ ပေါင်၊ လက်၊ အူအသည်း

စသည်တို့ကို အထူးထူးသော ပယောဂတို့ဖြင့် စီရင်လျက် မြို့ရိုးတစ်လျှောက် မြှုပ်ထားခဲ့သည်။ ယင်းတို့အား „တူးဖော်ယူ၍ ဖျက်ဆီးနိုင်မှသာ အောင်မြင်ခြင်းသို့ တိုင်ပါလိမ့်မည်ဘုရား" ဟု နားတော်လျှောက်၏။

အနော်ရထာမင်းစောလည်း "အသို့ဆိုလျှင် မြှုပ်ထားရာတို့ကို စုံယူဖော်ဖျက်ဆီးလော့" ဟု မိန့်တော်မူ၏။ လှူငွန်းကောင်း ဗျတ္တလည်း ညဉ့်အခါတွင် သထုံမြို့ရိုးအပါးသို့ ချဉ်းကပ်ကျော်နင်းဝင်ပြီးသော် မနီးတော်ရှိသည့် အိမ်သို့သွားကာ "အစ်ကိုဗျတ်ဝိ၏ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတို့ မည်သည့်နေရာတွင် မြှုပ်နှံထားသည်ကို အတပ်သိအောင် မေးရချေ၏။ နေရာဌာနတို့ကို သိရလျှင် ယင်းတို့မြှုပ်ထားရာမှ တိတ်တဆိတ် တူးဖော်ယူဆောင်၍ အနော်ရထာမင်းကြီးအား ဆက်သလေသည်။

အနော်ရထာမင်းစောလည်း ဟူးရားပညာရှိတို့အား အဘယ်သို့ ဆက်လက်စီရင်ရသော် သင့်မည်နည်းဟု မေးတော်မူပြန်၏။ ဟူးရားတို့လည်း ဗျတ်ဝိ၏ ကိုယ်လက်အင်္ဂါ အစိတ်အပိုင်းများကို မဟာသမုဒ္ဒရာဖြစ်သောရေတွင် ချမှဖြစ်မည်" ဟု နားတော်လျှောက်ကြသည်။ မင်းကြီးလည်း ယင်းတို့တင်လျှောက်သည့်အတိုင်း လှော်ကားတွင် တင်ဆောင်ကာ မဟာသမုဒ္ဒရာမြစ်တွင်းသို့ ချလေ၏။

ထိုစဉ်အခါ၌ ရေအလျဉ်သည် လှိုင်းတံပိုးထန်၍ ထကြွလာသည်မှာ ထန်းတစ်ဖျားမျှ ရှိပြန်လေ၏။ ဤသို့ ပယောဂ အစီအရင်တို့ကို ဖယ်ရှားပြီးနောက် ပုဂံပြည်ရှင်၏ ရဲမက်အများတို့သည် သူရဲကောင်း ၄ ဦး ဦးဆောင်ထိုးဖောက်မှုကြောင့် သထုံမြို့ရိုး ပေါက်လေတော့သည်။ ထိုအခါ မြို့တွင်းသို့ သဲသဲလှုပ်မျှ ဝင်ရောက်စီးနင်း တိုက်ခိုက်ကြပြီးသော် မနူဟာမင်းကြီးနှင့်တကွ မိဖုရား၊ သားတော်၊ သမီးတော်တို့နှင့် အမှုးအမတ်တို့အား ဖမ်းဆီးနိုင်ခဲ့ပြီး အနော်ရထာအား ဆက်လေ၏။

အနော်ရထာမင်းစောလည်း သထုံပြည်တွင် မင်းအဆက်ဆက်တို့ ကိုးကွယ်သော ရတနာပန်းတောင်းဖြင့် ထားသည့် ဓမ္မတော်မြတ်တို့ကိုလည်းကောင်း၊ အစုံ ၃၀ မျှရှိသော ပိဋကတ်တော်တို့ကိုလည်းကောင်း၊ ၃၂ စီးရှိသည့် မနူဟာ၏ ဆင်ဖြူတွင်တင်၍ ပုဂံသို့ ဆောင်ယူတော်မူခဲ့သည်။

ထို့အပြင် သူရဲ၊ သူခက်နှင့်တကွ ဆင်၊ မြင်း အလုံးအရင်းကိုလည်း အသီးသီး ဆောင်ယူတော်မူလေသည်။ သထုံမှ ပန်းဆယ်မျိုးပညာရှင်များ၊ ဆင်မြင်းဆေးအတတ် ကျွမ်းကျင်သူများ၊ အမြောက်သေနတ် လက်နက်မျိုးစုံ လုပ်တတ်သူများ၊ အချက်အပြုတ် တတ်ကျွမ်းသူများ၊ ဒီးလိမ်ခြယ်သတတ်သူများ၊ အမွှေးနံ့သာ ကျွမ်းကျင်

ရွာ ပြုလုပ်တတ်သူများ စသည့် ပညာသည်အပေါင်းတို့ကို သူ့ အစုနှင့်သူ မပေါင်း။ မစည်းစေဘဲ ကန့်သတ်ဆောင်ယူတော်မူခဲ့ လေ၏။

ပိဋကတ်ကျမ်းဝန်တတ်သော အရိယာသံဃာတော်တို့ကို လည်း ရွေးကောက်ပတ်စွာ တောင်းပန်၍ ပင့်ဆောင်တော်မူခဲ့သည်။ မနူဟာမင်းနှင့် မိဖုရား၊ မောင်းမမိဿံ၊ အခြွေအရံများစွာကိုလည်း တသီးတခြား ဆောင်ယူတော်မူခဲ့သည်။

သုဝဏ္ဏဘုမ္မိ သထုံပြည်တွင်သည်ကား ဘုရားရှင်သက်တော် ထင်ရှားရှိစဉ်ကပင် အဲသောကမွေ့ရာဇာမည်ရှိသော မင်းသည် မင်းပြု တော်မူ၏။ ထိုအဲသောက မွေ့ရာဇာမင်းမှစ၍ မနူဟာမင်းတိုင်အောင် ၅၅–ဆက်မြောက်သော မင်းတို့သည် ဘုန်းတန်ခိုးအာဏာနှင့် ပြည့်စုံ၍ ဘုရားရှင်သာသနာတော်ကို အစဉ်ရွက်ဆောင်တော်မူကြသည်။

ပြည်သူအပေါင်းတို့သည်လည်း ဒါန၊ သီလ အစရှိသော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံကြသည်ဖြစ်၍ တိုင်းပြည်ကြီးမှာ အလွန် သာယာဝပြော စည်ပင်မှု ရှိလေသည်။ ထိုသို့သော သထုံပြည် ကြီးအား အနော်ရထာမင်းစောသည် ပိဋကတ်တော်နှင့် ဗုဒ္ဓမွေတော် ဓာတ်တော်များကို အကြောင်းပြု၍ စစ်မက်ပြုခဲ့သဖြင့် မနူဟာ စစ်ရှုံးခဲ့ရလေပြီဖြစ်၏။

အနော်ရထာမင်းစောလည်း ဝင်အောင်မြင်ပြီးနောက် ပိဋကတ်တော်အစုံ ၃၀ နှင့် ဓာတ်တော်၊ မွေတော်များကို ဆင်ဖြူ ၃၂ စီး ထက်တင်၍ ပင့်ဆောင်ခဲ့တော့သည်။ သာသနာပြုရဟန်းတော်များ၊ သထုံမနူဟာမင်းနှင့် မိဖုရား၊ ဝင်းနွယ်စုများ၊ မူမတ်အခြွေအရံများ၊ လက်မှုအတတ်ပညာသည်အားလုံးကို ပုဂံသို့ ခေါ်ဆောင်ခဲ့သည်။

သထုံမင်းနှင့် မိဖုရားအနွယ်တော်တို့ကို အလုပ်အကျွေးများနှင့်အတူ "မြင်ကာပါ" (အနူရာဓ)အရပ်တွင် နေရာချထားပေးခဲ့သည်။ ပုဂံရောက်လျှင် သထုံမှ ယူဆောင်လာသော မွေတော်ဓာတ်တော်များကို ပစ္စုပ္ပါးကြုတ်တွင် ဌာပနာ၍ မပြတ်ဆည်းကပ်ကိုးကွယ်ခဲ့လေသည်။ ပိဋကတ်အစုံ (၃၀)ကို ယာယီပြာသဒ်ဆောက်လုပ်၍ ထားရှိခဲ့သည်။ နောက်တွင်မှ နန်းဦးတွင် ပိဋကတ်တိုက်တော် ဆောက်လုပ်ပြီး ပိဋကတ်အစုံ (၃၀)အား ပြောင်းရွှေ့ပူဇော်ထားရှိသည်။

သထုံမှ ပါလာသော ရဟန်းတော်များကိုလည်း သာသနာကိစ္စ ဆောင်ရွက်ကြစေရန် သံဃာတော် ၁၅၀၀ ကို ငှက်ပစ်တောင်တစ်ဝိုက်၊ သံဃာတော် ၅၀၀ ကို မြင်းကပါကြီးတစ်ဝိုက်၊ သံဃာတော် ၅၀၀ ကို တာမနီကြီးတစ်ဝိုက်၊ သံဃာတော် ၅၀၀ ကို တုရင်တောင်ကြီးတစ်ဝိုက်၊ ကျောင်းတိုက်ကြီး ၄ တိုက်

တည်ဆောက်နေရာချပေးခဲ့သည်။ မင်းမှုထမ်း ၁၂၀ တို့ကိုလည်း သာသနာ့ အစေအပါးအဖြစ် တာဝန်ချပေးခဲ့သည်။

ထိုကျောင်းတိုက်ကြီး ၄ တိုက်၏ သံဃာတော်များ၏ အကြီးအမှူးသာသနာ ဦးစီးဦးကိုင်အဖြစ် ရှင်အရဟံမထေရ်ကို ခွဲအပ်၍ ငှက်ပစ်တောင်ပိုင်းကြီးတွင် ပစ္စည်းလေးပါးနှင့် ကျောင်းကွန်းကြီး ၅ ဝင်၊ ၅ ထပ်ကို ဆောက်လုပ်လှူဒါန်းခဲ့သည်။

သထုံမှ ခေါ်ဆောင်လာခဲ့သော အတတ်ပညာ အသီးသီးကိုလည်း အစုခွဲခြားပြီး နေရာသတ်မှတ်ပေးခဲ့သည်။ ပန်းချီ၊ ပန်းပု၊ ပန်းတော့၊ ပန်းတမော့၊ ပန်းတိမ်၊ ပန်းပဲ၊ ပန်းတဉ်း၊ ပန်းပွတ်၊ ပန်းသေး၊ ပန်းတယား စသည် ပန်းအတတ်ပညာရှင်များကို ပုဂံနှင့် မြင်းကပါကြား (ပန်းပွတ်ရပ်စေတီခေါ် မင်္ဂလာစေတီဘုရား) တစ်ပိုက်တွင် အနီးကပ်နေရာ ချထားပေးခဲ့သည်။

ဝဋ္ဋိကိုး ဝဋ္ဋချက်သမားများကို မြင်းကပါတောင်ဘက် (အပယ်ရတနာ) တစ်ပိုက်တွင်လည်းကောင်း၊ ဆင်ဆေးသမား၊ မြင်းဆေးသမား၊ ဆင်တသ်သူ၊ မြင်းတတ်သူများကို ပုဂံတောင်ဘက် (ဆင်မြှုမြင်းမြှု)တစ်ပိုက်တွင်လည်းကောင်း အနီးကပ် နေရာချပေးခဲ့သည်။ သေနတ်ပိုးပေါက်၊ ယမ်းချက်တတ်သူများကို ယမ်းချက်အရပ် (ယန်းဆန်း)ရွာ၊ ဆင်ကကြိုးတန်ဆာ ပြုလုပ်တတ်သူများကို

ဆင်ကရွာ၊ မြင်းကကြီး မြို့လုပ်တော်သူများကို (ကာနီ၊ ကမြူရွာ) စသည်တို့တွင် အသီးသီး နေရာချထားပေးခဲ့သည်။

နိုင်း၊ လွှား၊ လေး၊ မြွား လုပ်တော်သူတို့ကို “သရပိုလ်” အရပ် (မင်းနန်းသူရွာ) မြောက်ဘက်တွင် နေရာချထားပေးခဲ့သည်။ ပုဂံတွင် လူနေအရပ်ဒေသများ ကျယ်ပြန့်ထူထပ်လာလေတော့သည်။ ရှိရင်းမြန်မာတို့လည်း သထုံမှ ပါလာသည့် မွန်တို့နှင့် ရောနှောပေါင်းစုံမိလေတော့သည်။

▪▪▪▪▪▪▪▪▪▪▪▪▪▪▪

စိုးဟာလပ

# ဗုဒ္ဓစွယ်တော်နှင့် အနော်ရထာမင်းစော

အနော်ရထာမင်းစောသည် သာသနာတော်၌ အလွန်သဒ္ဓါတော်မူသည်ဖြစ်၍ ဤသို့အကြံဖြစ်လေသည်။ "ဂန္ဓာလရာဇ်တိုင်းဖြစ်သော တရုတ်ပြည်၌ စွယ်တော်မြတ်တစ်ဆူရှိသည်။ ထိုစွယ်တော်မြတ်အား တရုတ်ဥတည်တွားထံမှ တောင်းယူ၍ ခပ်သိမ်းသော သတ္တဝါအပေါင်းတို့အား ကိုးကွယ်ရာဖြစ်စေရသော် သာသနာတော်လည်း အတိုင်းထက်အလွန် ထွန်းပလတ္တံ့။ သတ္တဝါအပေါင်းတို့သည်လည်း သာသနာတော် ၅၀၀၀ တိုင်အောင် များစွာအကျိုးခံရရာ၏"

ဟု ကြံတော်မူမိ၏။

ဤမှာ အနော်ရထာ၏ အတွေးအကြံလွယ်မှုပင်ဖြစ်သည်။

ဗုဒ္ဓဘုရားရှင်၏ စွယ်တော်ကိန်းဝပ်ရာ တရုပ်ပြည်ရှင် ဦးတည်သွားသည်လည်း မိမိတို့ကိုးကွယ်ရာဖြစ်သည့် စွယ်တော်မြတ်အား လွယ်လွယ်နှင့် ပေးနိုင်လိမ့်မည် မဟုတ်ပေ။ စွယ်တော်မြတ်တူသည်မှာလည်း ဗုဒ္ဓ၏ ဗျာဒိတ်ထားရာတွင်သာ ကိန်းဝပ်သည်ဖြစ်၍ နတ်ဗိုလ်စွာ ခဲယဉ်း၍ ရယူဖို့ရန် မလွယ်ကူပေ။

ဗုဒ္ဓ၏စွယ်တော်သမိုင်းကို အကျဉ်းမျှလည်း သိရန်လိုအပ်သဖြင့် သမိုင်းအဆက်စပ်ရှိလေသောကြောင့် ဖော်ပြပေးလိုက်ပါသည်။

ဂေါတမရှင်တော်မြတ်ဘုရားသည် ကျွတ်ထိုက်သော သတ္တဝါတို့ကို တရားရေအေး၊ အမြိုက်ဆေး တိုက်ကျွေးဆုံးမ၍ ခေမာသောင်ကမ်း နိဗ္ဗာန်သို့ ပို့ဆောင်ခဲ့ရာ ... သက်တော် (၈၀)၊ ဝါတော် (၄၅)ဝါ၌ မလ္လာမင်းတို့၏ ကုသိနာရုံ၊ အင်ကြင်းစုံ ဥယျာဉ်ဝယ် မဟာသက္ကရာဇ် ၁၄၈–ခု၊ ကဆုန်လပြည့်၊ အင်္ဂါနေ့တွင် ပရိနိဗ္ဗာန် စံဝင်တော်မူလေသည်။

ကြွင်းကျန်ရစ်သော ရုပ်ကလာပ်တော်ကို မလ္လာမင်းတို့က ကြီးစွာသော ပူဇော်ခြင်းနှင့် ပူဇော်ကြပြီး မင်းခမ်းမင်းနား ကျင်းပကာ မြို့တော်၏ အရှေ့ဘက်သို့ သယ်ဆောင်ကြသည်။ သင်္ကန်းတော်အသစ်များနှင့် ဒါသဝါဂွမ်းနုဝိုင်းများနှင့် အထပ်ထပ်ရစ်ပတ် ပူဇော်ထားသော ရုပ်ကလာပ်တော်ကို ရတနာအပေါင်းနှင့် စီခြယ်

ထားသော အခေါင်းတွင် ထည့်သွင်းပြီးနောက် အခေါင်းတစ်ခုတွင် ထပ်မံထည့်သွင်းပါသည်။

မဟာကဿပရဟန်းကြီးနှင့်တကွ ၅၀၀ သော ဘိက္ခုတို့ ရှိခိုးပူဇော်ဂါရဝပြုပြီးသောအခါ နံ့သာ၊ ကရမက်သား ထင်းပုံပေါ်သို့ တင်ကာ တေဇောဓာတ်လောင်စေသည်။ တေဇောဓါတ်လောင်ပြီးသော အခါ အခေါင်းတော်ကို ရွှေမြို့တော်သို့ အခမ်းအနားဖြင့် ပင့်ဆောင် ယူကြသည်။

ဖွင့်လိုက်သောအခါ အသွေးတော်၊ အသားတော် အစရှိသည် တို့သည် သရီရဓာတ်တော်မွေတော်များ ဖြစ်သွားကြသည်။ ကြီးမား သော ဓာတ်တော်တို့သည် ပဲနောက်စေ့ ပမာဏရှိပြီး ရွှေအဆင်းကို ဆောင်သည်။ အလယ်အလတ်ဖြစ်သော ဓာတ်တော်တို့သည် ဆန်ကျိုးပမာဏရှိပြီး ပုလဲအဆင်းကိုဆောင်သည်။ ငယ်သော ဓာတ်တော်တို့သည် မုန်ညင်းစေ့ပမာဏရှိပြီး မြတ်လေးပွင့်အဆင်းကို ဆောင်သည်။ မီးမလောင်ဘဲ မူလပကတိအတိုင်း ကျန်ရစ်သော ရုပ်ကြွင်း ခုနစ်ပါးကို အောက်ပါအတိုင်း အံ့သြစွာ တွေ့ရသည်မှာ

၁။ နဖူးသင်းကျစ်တော်

၂။ ယာညှပ်ရိုးတော်

၃။ ဝဲညှပ်ရိုးတော်

စိုးဝေဘ

၄။ 'အထက်လက်ယာစွယ်တော်

၅။ အောက်လက်ယာစွယ်တော်

၆။ အထက်လက်ဝဲစွယ်တော်

၇။ အောက်လက်ဝဲစွယ်တော်'

တို့ဖြစ်ကြသည်။

မလ္လာမင်းတို့သည် သရီရဓာတ်တော် မွေတော်တို့ကို ရတနာ စီခြယ်ထားသော ရွှေကြုတ်ကြီးတွင်ထည့်ပြီး ရတနာကကြိုးတန် ဆာဆင်ထားသော ဆင်ဖြူတော်၌တင်ကာ ထီးဖြူတော်အုပ်မိုး၍ သယ်ဆောင်ကြသည်။

ဆင်း မြင်းရထား၊ ခြေကျင်တပ်သားဟူသော စစ်အင်္ဂါလေးပါး ပါဝင်သော စစ်ဝန်းခင်းလျှက် မြို့ရိုလိုက်ပါစေသည်။ အထူးဆောက် လုပ် မြင်ဆင်ထားသော ရတနာပြာသဒ်ကျောင်းဆောင်ဝယ် သရီရ ဓာတ်တော်မွေတော် ကြုတ်ကြီးကို တင်ထားပြီး စစ်သည်တော် များအား နေ့ညမပြတ် စောင့်ကြပ်စေကာ (၇)ရက်ကြာ ပူဇော် ခံစေသည်။ ရပ်နီးရပ်ဝေးမှ ရတနာ့ရှင်လူ ပရိသတ်တို့ သောင်း သောင်းဖြဖြ လာရောက်ကြပြီး အသီအဆို၊ အကခုန်၊ ဝိတများနှင့် လည်းကောင်း၊ ပန်း၊ ဆီမီး၊ အမွှေးနံ့သာများနှင့်လည်းကောင်း၊ သရီရဓာတ်တော်၊ မွေတော်တို့ကို ပူဇော်ကြသည်။

ဂေါတမဗုဒ္ဓမြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီဟူသော သတင်းကို ကြားသိကြသောကြောင့် ဗိမ္ဗိသာရမင်း၏ သားတော် အဇာတသတ်မင်းနှင့်တကွ ရှစ်ပြည်ထောင်မှမင်းတို့သည် သရီရဓာတ်တော်မွေတော်များကို ရယူပူဇော်ရန် ရောက်လာကြသည်။ သူ့ထက်ငါ အလုအယက် ဖြစ်လာရာ အချင်းချင်း စစ်မီးပွားမည့် အခြေသို့ ရောက်လာသောကြောင့် မင်းဆရာပုဏ္ဏားတော်ကြီး "ဒေါဏ"က ဝင်ရောက်ဖြန်ဖြေသည်။

ဗုဒ္ဓမြတ်စွာဘုရားသည် အရာခပ်သိမ်း၌ သည်းခံခြင်းတရားနှင့် ငြိမ်းချမ်းရေးတရားကိုသာ ဟောကြားတော်မူခဲ့သည်ကို နှလုံးသွင်း၍ မင်းအပေါင်းတို့ ခိုက်ရန်မပွား၊ စစ်မဖြစ်ဘဲ သရီရဓာတ်တော်မွေတော်တို့ကို ညီတူညီမျှ ရှစ်စုခွဲ၍ ယူကြရန် အကြံပြုရာ၊ မင်းအပေါင်းတို့က သဘောတူကြလေသည်။

ဒေါဏပုဏ္ဏားတော်ကြီးသည် သရီရဓာတ်တော်မွေတော်တို့ကို မင်းအပေါင်းတို့အား ခွဲဝေနေစဉ်မှာပင် ကြည်ညိုသဒ္ဓါပွားများလှရကား - အထက်လက်ယာ စွယ်တော်ဓါတ်ကို သူ့ဦးခေါင်းထက်ဝယ် ဖွက်ထားလိုက်သည်။ ထိုအခြင်းအရာကို သိကြားမင်း မြင်တွေ့သဖြင့် ယင်းစွယ်တော်ဓာတ်ကို တာဝတိံသာနတ်ပြည်သို့ သယ်ဆောင်ယူသွားပြီး စူဠာမဏိစေတီတော်၌ ဌာပနာလိုက်သည်။

အလားတူပင် အောက်လက်ယာစွယ်တော်ကိုလည်း ဒိဒိ၏ ခြေမကြားတွင် ဝှက်ထားပြန်လေရာ "ဇေယျသေန"အမည်ရှိ နဂါးမင်း မြင်တွေ့သောကြောင့် နဂါးပြည်သို့ ယူဆောင်သွားပြီး ရတနာစေတီ တည်၍ ပူဇော်ကိုးကွယ်ပါသည်။ အထက်လက်ဝဲ စွယ်တော်မြတ်ကို ဂန္ဓာရတိုင်းမှ ရဟန်းတော်တစ်ပါးက ရယူပင့်ဆောင်သွားပြီး မြောက်ပိုင်း ဥဇနာနိုင်ငံတွင် ကိန်းဝပ်စံပယ်စေသည်။

ထိုမှတစ်ဖန် အာရှအလယ်ပိုင်း ခိုတန်ပြည်နယ်သို့ ပင့်ဆောင် ပူဇော်ကြပြန်သည်။ တရုတ်ပြည် ချိမင်းဆက်လက်ထက် (အေဒီ- ၄၇၉-၅၀၂)တွင် တရုတ်ဘုန်းတော်ကြီး ဖာဟီယန်သည် မဇ္ဈိမ ဒေသသို့ ဘုရားဖူးထွက်ခဲ့ရာမှ အပြန်တွင် ခိုတန်ပြည်မှ စွယ်တော် မြတ်ကို တရုတ်ပြည်သို့ ပင့်ဆောင်သွားပြန်သည်။ ထိုအချိန်မှစ၍ ယနေ့တိုင်အောင် အထက်လက်ဝဲစွယ်တော်သည် တရုတ်နိုင်ငံတွင် ကိန်းအောင်းစံပယ်လျက် ရှိခဲ့သည်။

အောက်လက်ဝဲစွယ်တော်မြတ်ကို မေ့သောနာပတိ ရှင်သာရိ ပုတ္တရာ၏တပည့် ခေမာအမည်ရှိသော ရဟန္တာအရှင်မြတ်က ပင့်ဆောင်သွားပြီး ကာလင်္ကရာဇ်ပြည်၊ ဗြဟ္မဒတ်မင်းအား ကိုးကွယ် စေခဲ့သည်။ မင်းအဆက်ဆက် ကိုးကွယ်ခဲ့ရာ (ဂုဟာသီဝမင်း) လက်ထက်၌ စစ်ဖြစ်လာသောကြောင့် သမီးတော် ဟေမမာလာနှင့်

သားမက်တော် ဒွတ္တဂေါမာရမင်းသားတို့အား မြတ်စွယ်တော်ဓါတ်နှင့် အတူ လင်္ကာဒီပကျွန်းသို့ တိမ်းရှောင်ထွက်စေသည်။

သူတို့နှစ်ဦးသည် စွယ်တော်မြတ်ကို လင်္ကာဒီပ (သီဟိုဠ်ကျွန်း၊ ယနေ့အခေါ် သီရိလင်္ကာ)ဘုရင် ကိတ္တိသီရိမေဃမင်းသို့ ပေးအပ်ရာ ထိုမင်းမှစ၍ သီဟိုဠ်မင်းအဆက်ဆက်တို့ ကိုးကွယ်ခဲ့ရာ အောက်လက်ဝဲစွယ်တော်ဓါတ်သည် ယနေ့တိုင် သီရိလင်္ကာနိုင်ငံ၊ ကန္ဒီမြို့တွင် ကိန်းဝပ်လျက် ရှိလေ၏။ ရှစ်ပြည်ထောင်မင်းတို့ရရှိသော (၈)ဆူသော သရီရဓာတ်တော်များကို မိမိတို့ တိုင်းနိုင်ငံများ၌ အသီးသီးစေတီတည် ဌာပနာ၍ ကိုးကွယ်ကြသည်မှာ - အောက်ပါအတိုင်းဖြစ်၏။

၁။ - မာဂဓတိုင်း၊ ရာဇဂြိုဟ်၌ အဇာတသတ်မင်း တည်ထားကိုးကွယ်သောစေတီ။

၂။ - ဝေသာလီပြည်၌ လိစ္ဆဝီမင်းတို့ တည်ထားကိုးကွယ်ထားသောစေတီ။

၃။ - ကပိလဝတ်ပြည်၌ သကျသာကီဝင်မင်းတို့ တည်ထားကိုးကွယ်သောစေတီ။

၄။ - အလကပ္ပပြည်၌ ဗုလိရမင်းတို့ တည်ထားကိုးကွယ်ထားသောစေတီ။

၅။ - ရမ်ဂရာမပြည်၌ ကောသဠမင်းတို့ တည်ထား ကိုးကွယ်သောစေတီ။

၆။ - ဝေသာဒီပပြည်၌ မြတ္တဏာမင်းတို့ တည်ထား ကိုးကွယ်ထားသောစေတီ။

၇။ - ပါဠိပြည်၌ မလ္လာမင်းတို့ တည်ထားကိုးကွယ်သော စေတီ။

၈။ - ကုသိနာရုံ၌ မလ္လာမင်းတို့ တည်ထားကိုးကွယ် သောစေတီ။

တို့ဖြစ်သည်။

အစနော်ရထာမင်းစောကား ... တရုပ်ပြည်မှ စွယ်တော် မြတ်အား ဆောင်းယူပူဇော်နိုင်ရန် ကြံရွယ်ထားခြင်း ဖြစ်လေ၏။

စိုးစာပေ

# အနော်ရထာမင်းစော တရုပ်ပြည်သို့ စွယ်တော်ပင့်ရန် ချီတက်တော်မူခြင်း

ဗုဒ္ဓဝင်သမိုင်းမှတ်တမ်း အထောက်အထားများအရဆိုသော် ဗုဒ္ဓမြတ်စွာဘုရားသည် ပရိနိဗ္ဗာန် စံလွန်တော်မူပြီးနောက် ရုပ်ကြွင်းသည် တေဇောဓာတ်လောင်ရာ လူ့ပြည်အတွက် မြတ်စွယ်တော် နှစ်ဆူကို ထားရစ်တော်မူခဲ့သည်။ တစ်ဆူကို သီရိလင်္ကာသို့ ဆောင်ယူကိုးကွယ်ကြသည်။

အခြားတစ်ဆူကို ရှေးဟောင်းမင်း နိုင်ငံတော်ဖြစ်သော (ဥတည်ရာန)သို့ ဆောင်ယူသည်။ (ဥတည်ရာန)သည် ယနေ့ပါကစ္စတန်နိုင်ငံအတွင်း၌ တည်ရှိသည်။ ဥတည်ရာနမှ ခိုတန်သို့ ပင့်ဆောင်လာခဲ့ပြန်သည်။ (ခိုတန်)သည် ယနေ့တရုပ်နိုင်ငံ၏ ဇင်ကျန်းပြည်နယ်တွင်ရှိသော တီဟီယန်ပင်ဖြစ်သည်။

၅-ရာစုတွင် တောင်ပိုင်း ကိမ်းဆက်လက်ထက် တပင်ယန်အမည်ရှိ တရုတ်ဘုန်းတော်ကြီး (၄၂၄-၄၉၈)တစ်ပါးသည် နိုတန်သို့ ဘုရားဖူး ထွက်ခဲ့သည်။ နိုထန်မှ မြတ်စွယ်တော်ကို နန်ကျင်းသို့ ပင့်ဆောင်လာခဲ့သည်။ ထိုစဉ်က နန်ကျင်းသည် တောင်ပိုင်းကိုဗိမင်းဆက်တို့၏ ရွှေမြို့တော်ဖြစ်သည်။ ဆွီမင်းဆက်လက်ထက်၌ တရုတ်ပြည်ကြီး ပြန်လည်စည်းရုံးလာခဲ့ပြန်ရာ မြတ်စွယ်တော်ကို ရွှေမြို့တော်အသစ် ချန်အန်းသို့ ပင့်ဆောင်ကိုးကွယ်ကြသည်။

မင်းဆက် ၅ ဆက်လက်ထက်၊ တရုတ်ပြည်အလယ်ပိုင်းသည် မတည်မငြိမ် ဖြစ်လာရာ စွယ်တော်မြတ်ကို တစ်နေရာမှ တစ်နေရာသို့ ပြောင်းရွှေ့သယ်ဆောင်ခဲ့ရာ မြောက်ပိုင်းလီယိုမင်းဆက်တို့၏ ရွှေမြို့တော်ဖြစ်သော ယန်ကျင်း (ယနေ့ပေကျင်း)မြို့တော်သို့ ရောက်ရှိလာသည်။ ကောရစ် (အဝိုလ္လန်)၏ နန်းစဉ် ရာဇဝင်ဖြစ်သော လီယိုမင်းဆက်သမိုင်းအတွဲ ၂၂-တွင် (စောင်ယိယန်ဝေတီတွင် ဗုဒ္ဓမြတ်စွယ်တော်ကို ဌာပနာထားကြောင်း) မှတ်တမ်းပါရှိသည်။

ဒေါ်ယုန်မင်း၏ နန်းသက်(၇)နှစ်နှင့် (၈)လမြောက် (၁၀၇၁) ခုနှစ်တွင် ဌာပနာကြောင်း ဖော်ပြထားသည်။ ဇော်ဆီယန်ဝေတီ တည်ရှိရာတွင် လင်ဂွမ်ဘုန်းကြီးကျောင်းကား (၈)ရာစုက တည်ဆောက်ခဲ့သော ကျောင်းကြီးဖြစ်သည်။ ကျောင်းဝင်းအရှေ့တောင်

ထောင့်နေရာ၌ အုတ်နှင့်တည်ဆောက်သော အဋ္ဌဂံရှစ်မြောင့်ပုံစံ အထပ် ၁၀ ထပ်ပါသော စေတီဖြစ်သည်။ စေတီအုတ်ပုံချပ်များတွင် ဗုဒ္ဓပုံတော်နှင့် စေတီပုံတော်များ ပါရှိသောကြောင့် "ဗုဒ္ဓဘုရားပုံတော် တစ်ထောင်စေတီ" ဟု တွင်လာ၏။ ပွဲချင်းရွှေမြို့တော်သို့ ရောက်လာသော ကမ္ဘာ့အဝှမ်းမှ ဧည့်သည်တို့အဖို့ လင်ဂွမ်ကျောင်းတော်ကြီးကား ဘုရားဖူး လေ့လာစရာ နာမည်ကျော် ဌာနဖြစ်လာသည်မှာ နှစ်ပေါင်းရာနှင့် ချီခဲ့ပြီဖြစ်သည်။

နယ်ချဲ့တပ်များ ပူးပေါင်း၍ ပွဲချင်းရွှေမြို့တော်သို့ ကျူးကျော်ဝင်ရောက်လာကြသောအခါ ပစ္စည်းများ လုယူဖျက်ဆီးခြင်း၊ မီးရှို့ခြင်း ပြုလုပ်ကြသောကြောင့် အမြောက်အများ ပျက်စီးဆုံးရှုံးခဲ့ရသည်။ ဆင်ခြေပုံအရပ်များတွင် တည်ရှိသော လင်ဂွမ်ကျောင်းနှင့် ဇောင်ဆီယန်စေတီတို့သည်ပင် ကျူးကျော်သူတို့၏ လက်ချက်ဒဏ်ကြောင့် ပျက်စီးခံရသည်။ ဘေးဆိုးကြီး လွန်မြောက်သွားပြီးနောက် ကျောင်းနေရာတန်းတော်တို့ ကျောင်းဝင်းကို ဝင်ရောက်ရှင်းလင်းကြရာ စေတီ၏ အောက်ခြေ၌ ကျောက်ဌာပနာကြုတ်ကို တွေ့ရာ အတွင်း၌ စွယ်တော်မြတ်ကို ဌာပနာထားသည်ကို ဖူးတွေ့ရလေသည်။

ကြုတ်အတွင်း၌ သစ်မွှေးနှင့်ပြုလုပ်ထားသော သေတ္တာအပေါ်

ဝယ် အောက်ပါကမ္ပည်းစာတမ်းကို တွေ့ရသည်။

"သတျှမုနိဗုဒ္ဓမြတ်စွာ၏ မြတ်စွယ်တော်ဓာတ် တိယနတုရိမင်း၏နန်းသက် (၇)နှစ်၊ (၄)လ၊ (၂၃)ရက် နေ့တွင် ရှုန်တုရိတ ဤကမ္ပည်းကိုရေးသည်။"

တံကောင်းခေါက်မှာဖြင့် နှင်းရည်သောက် ကျောက်စလား ခွက်ကြီးသည် ပေတီ၏ထိပ်၌ မူလတင်ထားသည့်အတိုင်း မပျက် မစီး၊ ပကတိတည်နေသည်။ ထိုကျောက်ဝလားခွက်ကြီးတွင် ထိုး ထားသော ရွှေတိတည် ခုနှစ်သည် လိယိုမင်းဆက်ရာဇဝင်ပါ ခုနှစ် နှင့် ကိုက်ညီကြောင်း တွေ့ရလေ၏။

မြတ်စွာဘုရား၏ မြတ်စွယ်တော်ကား အကောင်းပကတိဝင် ကိန်းစဝ်လျက် တွေ့မြင်ရသဖြင့် တရုပ်တို့ ဝမ်းသာမဆုံး ရှိလေ၏။

အနော်ရထာမင်းစောလည်း ထိုစွယ်တော်မြတ်အား ကောင်း ယူပင့်ဆောင်နိုင်ရန်အတွက် နိုင်ငံတော်အားလုံး၌ရှိသော ဆင်၊ မြင်း ဗိုလ်ပါတို့ကို ရုံးစုတော်မူ၍ ရေကြောင်း ၃ ကုဋေ ၆ သန်း၊ ကြည်းကြောင်း ၃ ကုဋေ ၆ သန်းနှင့်တကွ နတ်မြင်း ၄ စီး၊ ရွှေဖျဥ်းညီနောင်တို့ကို ခေါ်တော်မူပြီးလျှင် တရုပ်ပြည်သို့ ချီတော် မူလေ၏။

ရောက်တော်မူလျှင် တရုပ်ဥတည်ဘွားလည်း မြို့တံခါးကို

ဗိုက်၍ အတင်းအဓမ္မကျုပ်ခံ၍ နေလေ၏။ အနော်ရထာမင်းတော်လည်း ဥတည်ဘွား၊ အတင်းအဓမ္မကျုပ်ခံ၍နေကြောင်းကို သိတော်မူလျှင် အကြောင်းကို စုံစမ်းလိုသောငှာ ကျန်စစ်သား၊ ငထွေးရူး၊ ငလုံး လက်ဖယ်၊ ညောင်ဦးဖီးနှင့် ရွှေဖျင်းညီနောင်တို့ကို ခေါ်တော်မူ၍ နတ်မြွတ်စီး၍ ဥတည်ဘွား၏ ဆရာရသေ့ကျောင်းသို့ သွားတော်မူ၏။ ဆရာရသေ့လည်း စစ်မက်ဖိုလ်ပါများနှင့်တကွ သူ့ရဲ သူခက် များစွာခြံရံလျှက် ကျောင်းတွင် နေတော်မူ၏။

ဆရာရသေ့သည် အနော်ရထာမင်းကြီးမှစ၍ နတ်မြင်းစစ်သည် ၄ ဦးနှင့် ရွှေဖျင်းညီနောင် အပေါင်းအပါတို့သည် အဖိုးအတိုင်းမသိ သော တန်ဆာတို့ကို ဝတ်ဆင်ထားသည်ဖြစ်၍ မင်းဧကရာဇ်သည် မည်သူမည်ဝါမှန်း မသိပေ။ ထိုအခက်ကို ဖြေရှင်းရန် ဥပါယ် တမျှဖြင့် တောင်းမွန်သပ်ရပ်သော နေရာထိုင်ခင်းတို့ကို ပြင်ဆင် ခင်းကျင်းပေးထားလေ၏။

အနော်ရထာမင်းတော်လည်း ထိုနေရာ ၂ ခုတို့ကို အရိုအမှာ ကြည့်လုံးဖြင့် ခတ်စေသော် – တစ်ခုတည်းသောနေရာ ဖြစ်သွားရာ ထိုနေရာထက်၌ ထိုင်တော်မူလေပြီ။ ကျန်စစ်သားအမှူးရှိသော စစ်သူ ကြီး ၄ ယောက်နှင့် ရွှေဖျင်းညီနောင်တို့က ကျိုးနွံစွာ ခစားကြ ကုန်လေ၏။ ထိုအခါ ဆရာရသေ့သည် "ဤသူကား ... မင်း

ကေရာဝ်ဖြစ်ကြောင်း'' သိလေသည်။

အခေနော်ရထာမင်းတော၏ အပြုအမူကို ဆရာရသေ့မြင်သည်နှင့် ''ဘုန်းကြီးသောမင်း ဖြစ်ပေသည်''ဟု မှတ်သိလေ၏။ ထိုအခါမှ ရသေ့လည်း ''အဘယ်အရပ်မှ ... အဘယ်အကြောင်းကြောင့် ဤတို့နိုင်ငံသို့ လာရောက်တော်မူလေသနည်း''ဟု မေးလေ၏။ ထိုသို့ ရသေ့မေးသောစကားကို ကြားတော်မူလျှင် –

''ဝါကား ... အရိမဒ္ဒနာတွင်သော ပေါက္ကာရာမမြို့ကြီးကို အစိုးရသည့် အခေနော်ရထာမင်းပင်တည်း။ ဤလာတော်မူသောအကြောင်းကား သဗ္ဗညုဘုရားသခင် စွယ်တော်မြတ်ကို ကိုးကွယ်ချင်သောကြောင့် တောင်းမည်လာသည်။'' ဟူ၍မိန့်၏။

ရသေ့လည်း၊ အခေနော်ရထာမင်းတော စကားကိုကြားသော် ဥတည်ဘွားလည်း၊ အယုတ်၊ အမြတ်ကိုမသိ၊ မလေးမစား နေလေ၏။ ထိုအခါ အခေနော်ရထာမင်းတောသည် ရသေ့အား ဤသို့ မေးလေသည်။

''ဤမြို့ကြီးကို အစိုးရသော ဥတည်ဘွားသည် သံသရာ၊ ပစ္စုပ္ပန်အလို့ငှာ အဘယ်ကို ကိုးကွယ်သနည်း''ဟု မေးတော်မူသည်။ ရသေ့လည်း ''တရားမင်းကြီး၊ ဥတည်ဘွားသည် သံသရာအလို့ငှာကား ဘုရားရှင်စွယ်တော်မြတ်ကို ကိုးကွယ်သတည်း။

ပစ္စုပ္ပန်အလို့ငှာကား ဝန္နီနတ်ကို ဥတ္တည်ဘွား ရွှေနန်းရှေ့၌ တန်ဆောင်းပြသသမ်နှင့် ထား၍ ကိုးကွယ်ပါသည်”ဟု ဆိုလေ၏။

ဥတ္တည်ဘွားကလည်း အနော်ရထာမင်းစော ချီလာသည်။ စစ်သည်သူရဲရှစ်ကုဋေ၊ နှစ်သိန်းမျှသာဖြစ်သည်။ ဗိုလ်ပါနည်းလှသည်ဟူ၍ မလေးမစား ပြုလေ၏။ အနော်ရထာမင်းစောလည်း ဥတ္တည်ဘွား၏ စစ်အင်အားကို စုံစမ်းကြည့်လေသောအခါ မိမိ၏ ရှစ်ကုဋေ နှစ်သိန်းရှိသော စစ်သည်တော်တို့အား ဝိုင်းပတ်ထားမည်ဆိုပါလျှင် ၃-ထပ်မျှ ဝိုင်းထားနိုင်သည့် အင်အားရှိသည်ဟု သိလေ၏။ သို့တိုင် ဥတ္တည်ဘွား၏ စစ်အင်အားကို အနော်ရထာသည် မမှုပေ။

အနော်ရထာမင်းစောသည် “ငါကဲ့သို့သော မင်းလာရောက်သည်ကို ဥတ္တည်ဘွားသည် မရှု၊ မမြင်၊ မကြိုမဆောက်နေသည်။ နေရောလော”ဟူ၍ ကြိမ်းဝါးပြီးသော် - ရွှေဖျဉ်းညီနောင်အား ခေါ်တော်မူပြီးလျှင် - “ညအခါ ဥတ္တည်ဘွားနန်းတော်သို့ဝင်၍ သူ၏ကိုယ်ကို ထုံးဖြင့် သုံးတန့်သားရေး၊ ငါသို့သောမင်း လာရောက်သည်ကို မရှုမမြင်၊ မကြိုမဆောက်နေရာသလော။ ယင်းကဲ့သို့ နေလျှင် ဤထုံးသားရေကို ဝိုင်းဖြတ်၍ ပစ်မည်ဟု နံရံတွင် စာရေးထားခဲ့လော့”ဟု မှာတော်မူ၏။

ရွှေဖျဉ်းညီနောင်တို့လည်း အမိန့်တော်အတိုင်း ညဉ့်အခါတွင်

ဥတည်ဘွားနန်းဆောင်သို့ဝင်၍ ဥတည်ဘွားအား ထိုးဆုံးတော်နှံ့သား လေ၏။ နံရံတွင်လည်း စာရေးလျက် ထားခဲ့လေ၏။ မိုးသောက်သောအခါ အနော်ရထာမင်းစောလည်း ကျန်စစ်သားကို ခေါ်တော်မူ၍ -

"ငါကဲ့သို့သောမင်း လာရောက်သည်ကို ဥတည်ဘွားသည် မလေးမစားနေသည် - သူတို့ကွယ်သော ကြေးစန္နီနတ်ကို ကြိုးဖြင့် ချည်ပြီးလျှင် အရိန္ဒမာကြိမ်လုံးဖြင့် ရိုက်ချေ"ဟူ၍ စေခိုင်းတော်မူပြန်၏။ ကျန်စစ်သားလည်း အမိန့်တော်အတိုင်း မကြောက်မရွံ့ ဥတည်ဘွားမှစ၍ တစ်ပြည်လုံး ကိုးကွယ်သော လူ ၄ ဖက် အတိုင်း အရှည်ရှိ၊ ကြေးဖြင့် သွန်းလုပ်ထားသည့် စန္နီနတ်ရုပ်ကို ကြိုးဖြင့်ချည်၍ အရိန္ဒမာကြိမ်လုံးဖြင့် ရိုက်လေ၏။

ထိုအခါ စန္နီနတ်ရုပ်လည်း "အရိမဒ္ဒနာမည်သော ပေါက္ကာရာမပြည်ကြီးကို အစိုးရသော အနော်ရထာမင်းကြီးသည် စွယ်တော်မြတ်အား ပူးလိုသောငှာ လာရောက်တော်မူသည်ကို ဥတည်ဘွားနှင့် မှူးမတ်ပြည်သူအပေါင်းတို့သည် မဖူးမမြင်၊ မကြိုမဆောက်၊ အရေးတယူမနေသည်ဟူ၍ ငါ့ကို အပြစ်ပေးတော်မူလျက် ရိုက်နှက်ဖလေပြီ။ ငါ့ကား အနာအကျင် ရှိလှသည်"

ဟူ၍ အော်ဟစ်လေ၏။

ထိုဝဲနှိုစုတ်ရှပ်ကြီး၏ အောက်တစ်သံမှာ ဥတည်ဘွားမှုစ၍ ဂန္ဓာလရာဇ်တိုင်းသားအားလုံးတို့၏ နားအရင်းတွင်ကပ်၍ တစ်အောင် သတဲ့သို့ စူးစူးဝါးဝါး ကြားကြကုန်လေသတည်း။ ။

■■■■■■■■■■■■■■■■■

## မြတ်ဘုရားရွယ်တော်နှင့်မင်းနှစ်မင်း

ကြေးရုပ်တု စန္ဒကြီး၏ အော်တစ်လိုက်သည့်အသံသည် တစ်မြို့လုံး လိုက်ဆူတုန်ပြီး သွားလေ၏။ ဥတည်ဘွားမှအစ တိုင်းသူပြည်သားအားလုံး၏ နားစည်ဝတွင်ကပ်၍ အော်လိုက်ဘိ သကဲ့သို့ သောသောညံသွားလေသည်။ တုန်လှုပ်ချောက်ခြား ကုန်သော လူအများတို့သည်လည်း လက်ဆောင်ပဏ္ဏာတို့နှင့်တကွ လာရောက်ကြကုန်၏။ မျူးမတ်အပေါင်း ခြံရံလျက်ရှိသော ဥတည်ဘွား သည်လည်း ထိုနည်းနှင်နှင် နော်ရထာရှေ့မှောက် ဝင်ရောက်ဦးတွေ့ လေတော့သည်။

"ဝံ့အသွေတော်ဖြစ်သော အနော်ရထာမင်းတော၊ ငါတို့တိုင်းနိုင်ငံသို့ လာရောက်ကြောင်းကို ငါမသိပါ။ ယခုမှ ကြေးစည်နှိုးခတ်အောင်သောကြောင့်သာ သိရလေသည်။" ဟု ဆိုလေ၏။ အနော်ရထာမင်းတောလည်း လာရင်းအကြောင်းကို ဆိုလေ၏။

"အသွေတော်၏ တိုင်းနိုင်ငံသို့ လာရောက်ကြောင်းကား လောကစည်းစိမ်ကို အလိုရှိ၍ ငါတို့လာရောက်ကြကုန်သည်မဟုတ်။ လောကကွတ္တရာချမ်းသာသို့ ရောက်မည့်အကြောင်း၊ စွယ်တော်မြတ်ကို ကိုးကွယ်ချင်ခဲ့သောကြောင့် တောင်းမည်ဟု ငါတို့လာကြသည်"

ထိုအခါ ဥဇာည်ဘွားလည်း စွယ်တော်မြတ်ထံ ခေါ်ဆောင်သွား၍ "အရှင့်ထံ၌ ကိန်းဝပ်တော်မူလိုသော် ပင့်တော်မူလော့" ဟု ခွင့်ပြုလေ၏။ ယင်းသို့ ၂ ပြည်ထောင်မင်းနှစ်ပါးလည်း တစ်နေရာတည်းတွင် စံတော်မူလျက် ချစ်ခင်ကြည်သာစွာ စကားအခြေအခင်း မပြတ်ကြလေကုန်၏။ ထိုနေ့မှစ၍ ဥဇာည်ဘွားလည်း နေ့စဉ်ရက်ဆက် ရွှေပေါင်းချောင်၊ ငွေပေါင်းချောင်၊ ရွှေထမင်းအိုး၊ ငွေထမင်းအိုး၊ ရွှေဟင်းအိုး၊ ငွေဟင်းအိုးတို့နှင့် မျိုးစုံရသာ၊ စားသွယ်စုံစွာတို့ကို ချက်ပြုတ်ပြင်ဆင်ကာ ပေးဆက်လေ၏။

အနော်ရထာမင်းတောလည်း များစွာသော ပူဇော်သက္ကာရတို့ဖြင့် ပူဇော်၍ စွယ်တော်မြတ်ထားရာ၌ ရိုကျိုးစွာနေကာ ပင့်ဆောင်

နိဝိုး တောင်းပန်လျှောက်ထားတော်မူလေ၏။ ရှင်တော်မြတ်လည်း ယောက်ျားမြတ်တို့၏ လက္ခဏာတော်ကြီး ၃၂ ပါး၊ လက္ခဏာတော်ငယ်၊ ရောင်ခြည်တော် ၆ သွယ်တို့ဖြင့် အလွန်တင့်တယ်စွာ တန်ဆာဆင်တော်မူလျက် ကောင်းကင်သို့ တက်တော်မူကာ ကြွကြွနေတော်မူလေသည်။

ထိုအခါ အနော်ရထာမင်းတော်လည်း အဖန်ဖန် တလဲလဲ ရှိခိုးကျိုး၊ လက်စုံမိုး၍ ရတနာပန်းတောင်းတို့ ဦးခေါင်းပေါ်ရွက်ကာ ကိန်းဝပ်ရန် တောင်းပန်လျှောက်ထားတော်မူလေ၏။ သို့သော် ရှင်တော်မြတ်မှာ ကောင်းကင်ထက်မှ ဆင်းသက်တော်မမူဘဲ နေတော်မူလေ၏။ အနော်ရထာလည်း ဤအချင်းအရာကိုမြင်သဖြင့် စိတ်မချမ်းမသာဖြစ်လျက် နှလုံးတော် ကြေကွဲဘိ ရှိ၏။ ထပ်မံဆင်းသက်၍ မိမိ၏ ရတနာ့ပန်းတောင်းထဲသို့ ပင့်ဆောင်ပါသော်လည်း အချည်းနှီးသာ ရှိလေသဖြင့် စိတ်နှလုံး မသာမယာရှိလေသည်။



အနော်ရထာမင်းစော ပင့်ဆောင်သော်လည်း မရနိုင်ခဲ့တော်မူသည့်
တရုတ်ပြည်မှ စွယ်တော်မြတ်

ထိုအဖြစ်ကို သိကြားမင်းသိတော်မူလေလျှင် ဤမင်းသည် သာသနာတော်ကို အမှန်ရှက်စေတော် သယ်ပိုးလိုသူဖြစ်၏။ ယင်း ကြောင့် မြမြင့်ပြီးသော ရုပ်တုတော်တစ်ဆူကို ယူတော်မူခဲ့ကာ၊ ငွယ်တော်မြွတ်နှင့်အတူ ကြေးကြွဲစေပြီးသော် ကောင်းကင်မှဆင်း၍ မင်းကြီး၏ ဦးခေါင်းထက်မှ ရတနာပန်းတောင်းတွင် တည်စေ၏။

သိကြားမင်းလည်း ကိုယ်ထင်ပြ၍ ဤသို့ဆိုလေသည်။

"ဤငွယ်တော်မြွတ်ကို မင်းကြီးအား ကိုးကွယ်စေဟူ၍ ဘုရားရှင် ဗျာဒိတ်တော် မရှိချေ။ ဂန္ဓာလရာဇ်တိုင်းတွင် သာသနာတော် ငါးထောင် တည်ရစ်စေ"ဟူ၍ ဗျာဒိတ်တော်ရှိသည်။ မင်းကြီးကို မူကား ... နဂုံးသင်းကျစ်တော် ဓာတ်ကို ကိုးကွယ်ရလတ္တံ့ဟု ဗျာဒိတ်တော်ရှိသည်။ ထိုနဂုံးသင်းကျစ်တော် ဓာတ်သည်ကား သရေ ခေတ္တရာပြည်ကြီးကို အစိုးရသော ဒွတ္တဘောင်မင်းကြီးသည် ကမ်းယံ ပြည်မှပင့်ဆောင်၍ သရေခေတ္တရာပြည်မှာ စေတီကြီးစွာ တည်ထား ကိုးကွယ်လျက်ရှိသည်။

ထိုနဂုံးသင်းကျစ်တော်ဓာတ်ကို မင်းကြီးဆောင်ယူ၍ ကိုးကွယ် ပါလေ"

ဟူ၍ ဆိုလေ၏။ အနော်ရထာမင်းစောလည်း ဝမ်းမြောက် ဝမ်းသာ ရှိတော်မူ၍ ဥတည်ဘွားကို ကျေကျေလည်လည်ပင်၊

ရွှေပေါင်းချောင်၊ ငွေပေါင်းချောင်၊ ရွှေထယ်မင်းအိုး၊ ငွေထယ်မင်းအိုး၊ ရွှေဟင်းအိုး၊ ငွေဟင်းအိုး စသည်တို့ကို ပေးဆက်၍ နေ့စဉ် နေ့တိုင်း ဆွမ်းခဲဖွယ်တို့ ချက်ပြီးသော် ခွယ်တော်မြတ်အား ကပ်လှူပါလေ"ဟုဆိုလျှက် ရသေ့အား အပ်တော်မူခဲ့သည်။

မင်း ၂ ပါးတို့လည်း ကြည်သာရွှင်ပျစွာ ပြောတော်ကြပြီးနောက် သိကြားမင်းဆောင်ယူအပ်သော မြဆင်းတုတော်ကို အနော်ရထာမင်းစောအား ဆက်သလေ၏။ အနော်ရထာလည်း ထိုမြဆင်းတုကို ပင့်ဆောင်တော်မူခဲ့ပြီးလျှင် - သရေခေတ္တရာမှ နယူးဆင်းကျစ်တော်ကို ယူရစေခဲ့သောငှာ အဆောအထျှောင် ရေအား၊ ကြည်းအားဖြင့် မြန်ခဲ့တော်မူလေ၏။

■■■■■■■■■■■■■■■■

## အနော်ရထာစောနှင့်မိုင်းမောဝမင်းသမီး

အနော်ရထာမင်းစောသည် မြဆင်းတုတော်နှင့် အခြားသော လက်ဆောင်ပဏ္ဏာပစ္စည်းတို့ကို ဆောင်ယူလျက် ကြည်းကြောင်းခရီးဖြင့် လာခဲ့သည့် အစဉ်အတိုင်း ပုဂံနေပြည်သို့ ပြန်တော်မူခဲ့သည်။ တရုတ်ပြည်နယ်စပ်ကို ကျော်လွန်ပြီးလျှင် မောရှမ်းတို့၏ ကိုးပြည်ထောင်အတွင်းသို့ ချဉ်းနင်းဝင်မိလေသည်။

မောရှမ်းတို့၏ ပြည်သို့ရောက်တော်မူလေလျှင် မောကိုးပြည်ထောင်ကို အစိုးရသော စော်ဘွားကြီး စဝ်ဆေတ်ဖသည် ရှိသေစွာ ခရီးဦးကြိုပြုလျက် ရွှေသင်္ဘောပြု ၅-ချပ်ကို ခင်းကျင်း၍ နေရာပေးလေသည်။ အနော်ရထာမင်းစောလည်း ခင်းကျင်းပြင်ဆင်ထားပေးသည်။ ရွှေသင်္ဘောပြု ၅-ချပ်အား လက်တွင်းမှ အရှိန်မှာ

ကြိမ်လုံးဖြင့် ရိုက်ခတ်စေလျှင် ရွှေသင်္ဘောမြို့ ၅ ချပ်သည် ဘုန်းကြီးသောမင်း၊ အာဏာကြောင့် တစ်ချပ်တည်းထပ်လျက် ရှိချေ၏။

ထိုအခါတွင်မှ အနော်ရထာမင်းကြီးသည် ရွှေသင်္ဘောမြို့ပေါ်တွင် စံနေတော်မူလေသည်။ ထိုအချင်းအရာတို့ကို စော်ဘွားကြီး စဝ်ခေပဲ့ဖ မြင်လေလျှင် "ဤမင်းကား - ဘုန်းသမ္ဘာကြီးသူသာတည်း"ဟု အံ့ဩချီးမွမ်းလျက် ရှိသေစွာ ညွတ်ဝတ်ပြုလေ၏။ အနော်ရထာမင်းစောနှင့် စော်ဘွားကြီးစဝ်ခေပဲ့ဖတို့သည် အပြန်အလှန် လေးစားမှုဖြင့် အသိအမှတ်ပြုကြပြီးလေလျှင် စကားချင်းဖလှယ် ဆွေးနွေးကြလေ၏။

မိုင်းမောဝ်တော်နန်းဆောင်သို့ စော်ဘွားကြီး ပြန်ရောက်သောအခါ တိုင်းနိုင်ငံတို့၏ နောင်အရှည်အနာဂတ်ကို မျှော်တွေးလျက် စဉ်းစားသုံးသပ်မိလေသည်။ အနော်ရထာမင်းစော၏ ခန့်ညားသောဥပဓိရုပ်သွင်နှင့် ဘုန်းသမ္ဘာကြီးမားမှု၊ စိတ်သည်းခံခြင်းအရှိန်အဝါ တောင့်တင်းမှုနှင့် ဂုဏ်သတင်းကြီးမားလှသည့် ပေါက္ကံပြည်ကြီးအကြောင်းတို့ကို တွေးဆဆင်ခြင်မိသည်။

ဤကဲ့သို့သော ဘုရင်တစ်ပါးနှင့် သိကျွမ်းမိတ်သင်္ဂဟဖြစ်ရပြီးနောက်၊ ကြည်ညိုအားကိုးစရာ ဖြစ်ရလေသော ကောင်းပေအံ့ဟုအတွေးဝင်မိလေ၏။ မိမိအတွေးကို မဟာဒေဝီ အပါအဝင် ယုံကြည်

အားထားရသည့် အပါးတော်မြဲ မှူး၊ မတ်၊ ပညာရှိတို့နှင့် တိုင်ပင်နှီးနှောလျက် သဘောတူညီမှု ရယူခဲ့သည်။

ဖိုးဖိုးအတွေးကား အခြားမဟုတ်။ ခိုင်းမောင်ဒေသနှင့် ပေါက္ကာရာမ ပုဂံပြည်တို့ နှစ်ပြည်ထောင်ချစ်ကြည် ရင်းနှီးမှုလည်းဖြစ်၊ ခိုင်မြဲတည်တံ့သော အဆွေခင်ပွန်းအဖြစ် အစဉ်မြဲစေရန် ရည်သန်လျက် ရွှေလင်း၊ ငွေလင်းဖောက်သည့်နွယ် ဖိုးဖိုးသမီးတော် စောမွန်လှအား မင်းမြတ်အနော်ရထာသို့ လက်ဆက်ဆောင်နှင်းပေးရန်ဖြစ်သည်။ ယင်းအစီအမံကို မိဖုရားကြီး မဟာဒေဝီသည်လည်းကောင်း၊ အရေးပါသော ဆွေတော်မျိုးတော်တို့နှင့် မှူးမတ်တို့သည်လည်းကောင်း တူညီစွာ ဆန္ဒရှိကြလေ၏။

သမီးတော်စောမွန်လှမှာလည်း အရွယ်သို့ရောက်ပြီးဖြစ်၍ အလှသွေးကြွယ် တင့်တယ်နေချိန်လည်းဖြစ်သည်။ ရှေးမဆွကတူတော်မောင် စောပိုင်ပနှင့် ထိမ်းမြားပေးရန် စိစဉ်သည်ကိုလည်း ပြင်းဆိုခဲ့ဖူးသည်။ ယခု ကောရာဇ်ဘုရင်တစ်ပါး၏ မိဖုရားအဖြစ် တင့်တယ် မြိုင်မြတ်စွာ စံစားရမည်ဆိုပါလျှင် ငြင်းဖွယ်ရှိလိမ့်မည်မဟုတ်ဟု ဖော်ဘွားကြီးရော မဟာဒေဝီပါ မှတ်ထင်ခဲ့သည်။

စောမွန်လှကို အသိပေးလေလျှင် ငြင်းပြင်မှု မရှိသော်လည်း အမိအဖတို့က သင့်လျော်ကောင်းမွန်အံ့ ယူမှတ်၍ ဆန္ဒတော်

အတိုင်း စိမ့်မှုကို လေးမြတ်စွာ နာခံခဲ့လေသည်။ သို့ကြောင့် အနော်ရထာမင်းစောလက်သို့ သမီးတော်စောမွန်လှအား လက်ဆက် ဆောင်နှင်းခဲ့လေ၏။ စောမွန်လှသည် အပိအဝ၊ ဆွေမျိုးသားချင်း တို့နှင့် ချစ်သောမောမြေကို ခွဲခွာလျက် အနော်ရထာမင်းကြီးနောက် သို့ လိုက်ပါခဲ့လေသည်။

အနော်ရထာမင်းစော၏ တပ်တော်များ ရေအားကြည်အေး မြင်း ရေပြည်တော်သို့ ပြန်လည်ချီတော်မူခဲ့ရာ၊ မိဖုရားသစ် စောမွန်လှ ကို အခြွေအရံ မောင်းမပေါင်းများစွာ ခြံရံစေလျက် လမ်းတစ် လျှောက်လုံး ဂရုတစိုက် ဆောင်ယူတော်မူလေ၏။ ထိုသို့ ပြန်ရာ လမ်းတွင် "ကျော်စဉ်"အရပ်သို့ ဆိုက်ရောက်ကြလေ၏။ ကျော်စဉ် တစ်လွှား ဆိုသည်မှာ တောင်သို့လားသော - အုဝ္ဝတီမြစ်၊ မြောက် သို့လားသော - မဇ္ဈာရာမြစ်၊ အနောက်သို့လားသော ရေဝတီမြစ်၊ အရှေ့သို့လားသော တောင်ရိုးတောင်ခြေအစပ်ဖြစ်သည်။

ထိုနယ် ၄-ရပ်ကို သတ်မှတ်ထားသော လယ်တွက်ကြီးမှာ တောင်မြောက် မိုင်လေးဆယ်မျှ ပမာဏရှိသည်။ အနော်ရထာမင်း စောလည်း ထိုကျော်စဉ်အရပ်သို့ရောက်သည်နှင့် တပ်တစ်ထောက် နားကာ ယာယီစခန်းချတော်မူလေသည်။

မိုင်းမောဝ်မင်းသမီး စောမွန်လှ အနော်ရထာမင်းစောလက်သို့ မိဖုရားအဖြစ် ဆက်သခံရပြီး လိုက်ပါရသောအခါ – သူ၏အသက်မှာ အလှသွေးကြွယ်သည့် ၂၃–နှစ်အရွယ်၌ဖြစ်သည်။

# ဆုတောင်းပြည့်စေတီနှင့် ရွှေဖျဉ်းညီနောင်

အနော်ရထာမင်းစောသည် တရုတ်ပြည်မှ မိုးဗော၊ မိုးမောမှ တစ်ဆင့် ပေါက္ကာရာမသို့ ပြန်ခဲ့ရာတွင် ကျောက်စဉ်အရပ်တွင် တပ် တစ်ထောက်ချ နားလျှက်ရှိသည်။ ထိုအရပ်မှာ တောတောင်ရေမြေ သဘောဝအားဖြင့် စိမ်းလန်းစိုပြေ၍ သာယာတင့်တယ်စွာ ရှိသဖြင့် မင်းကြီးစိတ်၌ ဤသို့ဖြစ်လေ၏။ ဤနေရာကလေး၌ ဆုတောင်း ပြည့်ဘုရားတစ်ဆူ တည်ရသော် ကောင်းလေအံ့ဟု ညွှတ်နူးမိသည်။

တရုတ်ဥတည်ဘွားထံမှ စွယ်တော်မြတ်ကို မရသော်လည်း မြဆင်းတုကို ရယူနိုင်ခဲ့ပြီး၊ သရေခေတ္တရာမှ နဂုံသင်းကျစ်တော် ၏ ဓာတ်တော်မွေတော် တစ်ဆူရရန်၊ ညွှန်ပြလာခြင်းသည် ၈၈

ဆုတောင်းပြည့်ဝလေခြင်းတဲ့ စိတ်အယူရှိလေ၏။ ထို့အပြင် ရှမ်းကိုး
ပြည်ထောင်အစိုးရသော မိုင်းမောဝ်သို့ ဝင်ရောက်တစ်ထောက်နား
ရာ၌လည်း ကြန်အင်လက္ခဏာ ကြော့ရှင်းလှသည့် ရှမ်းမင်းသမီး
တစ်ပါးကို အဆက်အသရလေပြန်သည်။

မိမိစိတ်ဆန္ဒများ အလိုပြည့်သည်တဲ့ ယူမှတ်လေ၏။ ယခု
စခန်းချရာ ဘုရားတည်ရန် နေရာရွေးရာတွင်လည်း မန္တလေး
တောင်တော်၏ မြောက်ဘက်ရိုးရိုး။ ရှစ်မိုင်ခန့်အကွာ ... မတ္တရာ
မြို့နယ်အတွင်း၌ရှိသည်။ အနော်ရထာမင်းစောနှင့် နောက်ပါအဖွဲ့များ
မိုင်းမောဝ်မှအပြန် ဤဒေသဘက်သို့ လမ်းကြောင်းလှည့်ဆင်း
သွားကြခြင်းဖြစ်သည်။

မြဆင်းတုတော်ကို တင်ဆောင်လာသော ဆင်ဝပ်ရာနေရာကို
ဘုရားစေတီတစ်ဆူတည်ရန် ကြိုးပမ်းအားထုတ်ကြလေ၏။ အနော်
ရထာသည် မှူးမတ်၊ မင်း၊ ဗိုလ်ရှားမှ အစပြုပြီး အမှုထမ်း၊
အရာထမ်းစစ်သည်ဗိုလ်ပါအားလုံး တစ်ဦးလျှင် အုတ်တစ်ချပ်(တစ်လုံး)
ကျစီ ပါဝင်ကုသိုလ်ပါဝင်ရမည်တဲ့ အမိန့်ထုတ်ဆင့်ခဲ့သည်။

ထို့ကြောင့် – ထိုစေတီတည်ရာတွင် အသီးသီးသော လူ့ကိုယ်
အတန်းစားမရွေး အုတ်တစ်ချပ်စီ သယ်ပိုး–ကုသိုလ်ပါဝင်ကြလေရာ
မိုင်းမောဝ်မင်းသမီးလေး စော်မွန်လှလည်းအပါဖြစ်သည်။ အနော်

ရဟာမင်းတော၏ ဤအခိုက်မှာ "ဝါနှင့်အတူ ပါရမီဖြည့်ဘက်များ ဖြစ်ခြင်း"ဟူသော အသိစိတ်၊ ကုသိုလ်အတူတကွ ရကြစေရန် ရည်သန်ခြင်းဖြစ်သည်။

သို့သော်ကား ... ရွှေကျုံးညီနောင်တို့မှာ အနော်ရဟာမင်း တရားကြီး မြွက်ကြားတော်မူသည့်အခါမှစ၍ နေ့စဉ် ဘုရားဖူးလာသည်။

ထိုအခါ မင်းကြီးဝဲဝဲတွင် ... 

ဘဝ အပျော်အပါး ခုံမင်သဖြင့်လည်းကောင်း၊ မိမိတာဝန်တချရ ဘုရားအုတ်သယ်ခြင်းအလုပ်တွင် တာဝန်လစ်ဟင်းပေါ့လျော့လျက် သောက်စားပျော်ပါးမှု့တွင် အချိန်ကုန်လွန်ခဲ့လေသည်။

ဤသည်မှာလည်း ဘိုးတော်၏ အဆုံးအမ မရှိခဲ့ခြင်းကြောင့် ဟု နောင်တွင် အပြစ်ဆိုသည်။ ရွှေကျုံးညီနောင်၏ အဒုပ်အထိန်းမှာ မန္တလေးဘိုးတော်ဟုတွင်သော အမတ်ဖြစ်သည်။ ထိုအမတ်သည် ရွှေကျုံးညီနောင်တို့ ငယ်စဉ်ကပင် အပ်နှံထား၍ ကျွေးမွေးပြုစုရသူ ဖြစ်သည်။ အသောက်အစား၊ အပျော်အပါးတွင် ဝါသနာထုံသဖြင့် ရွှေကျုံးညီနောင်တို့ကိုလည်း ခုံမင်သွေးသင်ရမည့်အစား အသောက် အစား၊ အပျော်အပါးဘက်၌ ယဉ်ပါးတတ်ကျွမ်းစေသည်။

ထို့ကြောင့် မင်းတရားကြီး ဘုရားတည်သည့်အခိုက် လူတိုင်း လူစေ့ အုတ်တစ်ချပ်စီ သယ်ယူ ကုသိုလ်ပါဝင်ရန် အမိန့်တော် ချမှတ်ခဲ့သော်လည်း သောက်စားပျော်ပါးနေခဲ့သဖြင့် ဘုရား၌ အုတ်

၂ ချပ် လစ်လပ်နေခဲ့တော့သည်။ ဘုရားတည်မှု ပြီးစီး၍ ထီးတင်ကာ ရေစက်သွန်းချ အမျှဝေရန်အတွက် အနော်ရထာမင်းစောဝဲစေတီသို့ လာရောက်သည့်အခိုက် အထွင့်မုခ်ဦး၌ ဒုတ် ၂ ချပ် လစ်လပ်နေသည်ကို မြင်တော့၏။

ထိုအခါ အနော်ရထာမင်းကြီး မေးမြန်းလျှင် –

"ရွှေဖျင်းညီနောင် မင်း ၂ ပါးတို့ ဒုတ်မသယ်မပို့၊ တာဝန်မထမ်းဆောင်ပါကြောင်း" သံတော်ဦးတင်ရာ၊ အလွန်ရိုသေလေးစားရမည့် ရတနာသုံးပါးကိုခွင်း – "ငါ ချစ်မြတ်နိုးလှသော မြေးတော်လူခွင်းကောင်းတို့သည် အလွန်ပေါ့လျော့လွန်းလှတကား" ဟု စိတ်တော်မျက်ကာ –

"မှတ်လောက်အောင် ဆုံးမလိုက်ကြ –"

ဟု မိန့်ကာ မျက်နှာလွှဲလေ၏။

အကွက်ကောင်းကို ချောင်းမြောင်းစောင့်စားနေသော၊ ရွှေဖျင်းညီနောင် ၂ ဦးအား မနာလို မရှုစိမ့်သူ မှူးမတ်အချို့တို့သည် ညီနောင် ၂ ပါးအား ဖမ်းဆီးချုပ်နှောင်၍ တောင်ဗြူးအရပ်တွင် သတ်ဖြတ်ပစ်လိုက်သည်။ အမှန်တွင်ကား ... အနော်ရထာမင်းစောသည် ရွှေဖျင်းညီနောင်တို့အား မှတ်သားလောက်အောင်သာ ရိုက်နှက်ဆုံးမနိုင်းစေသော်လည်း၊ ပါးကွက်အာဏာသားတို့က လက်လွန်သွာ

သတ်ဖြတ်မိကြောင်း နောင်းမှ သိရလေ၏။

စေတီတည်၍ ထီးတင်ခြင်း၊ ရေစက်ချခြင်းပြီးသော် "ဆုတောင်းပြည့်"စေတီဟု သမုတ်ပြီးနောက် တပ်ရုပ်သိမ်းကာ ပုဂံသို့ပြန်ရန် စုရုံးကြလေ၏။ ရွှေဖျဉ်းညီနောင်တို့ကို "ငါးရင်းတုတ်" အရပ်တွင် ကွပ်မျက်သည်ဟု ဆိုကြပြီး ကွပ်မျက်တော်မူရာအရပ်ကို ယခုတိုင် (ကွပ်ရာချောင်ပင်)ဟုတွင်သဲဖြစ်လေ၏။

အနော်ရထာမင်းတော်လည်း မိဖုရားတော်စွန်လှနှင့် မောင်းမ မိဿံ ခြွေရံအသင်းပင်း၊ မှူးမတ်တို့နှင့်တကွ ရေကြောင်းမှ ချီရန် ရတနာဖောင်တော်ထက်သို့ ကြွမြိတော်မူလေ၏။ ရတနာဖောင်တော် ထွက်မည်ဟု ကြိုးစားလှော်ခတ်သော်လည်း ဖောင်တော်မှာ ရေမှ မရွေ့ချေ။ ရေရုန်ကို လှော်ခတ်သည့်တိုင် မရွေ့လေသဖြင့် အကြောင်း ကို စူးစမ်းလေသောအခါ ကွပ်မျက်ခံလိုက်ရသော ရွှေဖျဉ်းညီနောင် တို့သည် ဖောင်တော်မရွေ့နိုင်အောင် တက်မကို ဆွဲထားကြောင်း ကိုယ်ထင်ပြလေ၏။

ရွှေဖျဉ်းညီနောင်တို့လည်း မင်းကြီးအား ဤသို့ လျှောက်တင် လေ၏။

"ကျွန်တော်မျိုး ဖျဉ်းညီနောင်တို့သည် ယခုနတ်စိမ်းဖြစ်၍ နေပါသည်။ လူဖြစ်စဉ်က တရုပ်ပြည်စရိုး၌ ဥတည်သွားထံ စေနိုင်း

ရာ လုပ်ဆောင်ခဲ့ပါသည်။ အရှင်အမှုတော်ကို ကျေပွန်အောင် ထမ်းခဲ့သော်လည်း ကျေးဇူးမခံစားရသောကြောင့် ဗောဓိတော်တက်မကို ခွဲကိုင်ထားရပါသည်။"

ဟု ဖော်ပြချက်တစ်လေသော် ... အနော်ရထာမင်းစောလည်း ရွှေဖျဉ်းညီနောင်တို့ သေခြင်းကိုလည်း သိလေ၏။ သို့အတွက် တောင်ပြုန်းရွာရှိ ဆုတောင်းပြည့်ဘုရားအနီး ကွန်းနန်းဆောက်၍ "ကျော်စည်တစ်တန်နေသူတို့ ပူဇော်ရာဖြစ်စေ။ ထို့ပြင် ထီးပေါင်းနယ်ကား -

- အရှေ့ကိုလားသော် ကျောက်ဆီမီးလက်၊ နွားလားတောင်ရိုးမ။
- တောင်သို့လားသော် ရွှေကြက်ယက်ဘုရား။
- အနောက်သို့လားသော် ဧရာဝတီ။

ငှင်းအတွင်း (၂၄)ရွာကို ရွှေဖျဉ်းညီနောင်အား အပိုင်စားပေးသနားတော်မူလိုက်သည်"

ဟူ၍ မိန့်တော်မူလိုက်လျှင် အမတ်တို့လည်း အမိန့်တော်အတိုင်း ကွန်းနန်းများ ဆောက်လုပ်၍ နတ်ရုပ်များ ထုလုပ်ထားရှိလေသည်။

အနော်ရထာမင်းကြီးသည် ဧရာဝတီမြစ်အတိုင်း စုန်တော်မူ၍ ပေါက္ကာရာမနေပြည်တော်သို့ ရောက်တော်မူလျှင် မြဆင်းတုတော်တို ရွှေနန်းတော်၌ထား၍ ကိုးကွယ်လေသတည်း။

■■■■■■■■■■■■■■■■

# ပေါက္ကာရာမရောက်စောမွန်လှ

အနော်ရထာမင်းစောသည် တောင်ပိုင်းအရပ်၌ ဆုတောင်းပြည့်စေတီ (ဂူတုံရားဟု အချို့က ရေးသားကြသည်။) တည်ပြီးနောက် ရတနာရွှေဖောင်ဖြင့် ဧရာဝတီမြစ်စဉ်အတိုင်း စုန်ခဲ့သည်။ လမ်းခရီး၌ တစ်ထောက်နားပြီး ဘုရားများ တည်သွားကြောင်း တွေ့ရသည်။ မန္တလေးတောင်ထိပ်တွင် ဘုရားတစ်ဆူနှင့် ရွှေကြက်ယက်၊ ရွှေကြက်ကျာဘုရားတို့ တည်ခဲ့သည်။

ယင်းသို့ ဘုရားတည်ရာတွင် ကာလမည်မျှကြာမြင့်ကြောင်း မှတ်တမ်းများတွင် မဖော်ပြလေသဖြင့် မသိနိုင်သော်လည်း လနှင့်ချီ၍ကြာရန် ဖြစ်ပေမည်။ ထိုစဉ်အတွင်း မိဖုရားစောမွန်လှသည် အနော်ရထာမင်းကြီး၏အပါးတွင် ကိုင်းညွှတ်စားနေပြီး လက်ပွန်းတတီး အလုပ်အကျွေးပြုရလေသည့် မိဖုရားဖြစ်သည်။ မင်းကြီး၏အလို

သိတတ်ခြင်း၊ ဂုဏ်သိုလ်ပြုရာတွင် စိတ်တူကိုယ်တူရှိခြင်း၊ ယဉ်ကျေး သိမ်မွေ့သော အမူအရာရှိခြင်းတို့ကြောင့် မင်းကြီးအမြတ်တနိုး ရှိလေ၏။

ထို့အပြင် ငယ်ရွယ်သော မိဖုရားလည်းဖြစ်၊ အသက်စက်စက် မိဖုရားလည်းဖြစ်သဖြင့် ချွဲချွဲမက်မက် မင်းကြီးတပ်မက်လေ၏။ ပုဂံ နေပြည်တော် နန်းတွင်းရောက်သောအခါ ခိုင်းမောင်းမင်းသမီး စောမွန်လှအား ချစ်မြတ်နိုး၊ တနိုးတသဖြင့် မိဖုရားတို့ အဆောင် အယောင် ပြည့်စုံစွာ ချီးမြှောက်တော်မူလေ၏။

ကိုယ်ကျင့်သီလ၊ အဆင်းရူပကာ၊ မျိုးနွယ်၊ သုံးသွယ်သော ကောင်းမြတ်ခြင်းတို့နှင့် ပြည့်စုံသော စောမွန်လှအား အနော်ရထာ မင်းစောသည် သူတကာထက် ချစ်ခင်နှစ်သက်တော်မူသဖြင့် မင်းကြီး အပါးတွင် အမြဲစားစေသည်။ စောမွန်လှသည်လည်း သဘောထား ပြည့်ဝ၍ ပါရမီထူးခြားသော မိန်းမမြတ်ဖြစ်သည့်အားလျော်စွာ ပြုဖွယ်သော ကျင့်ဝတ်အဖြာဖြာကို ချွတ်ယွင်းခြင်းမရှိအောင် ဆောင်ရွက်လေ၏။ အနော်ရထာမင်းကြီး၏ အတွင်းအရှုပ်ကို သိနေ သည့်သဘွယ် အရာစဝ်သိမ်းပြီး ပြည့်စုံအောင် ဆောင်ရွက်နိုင်လေ သည်။

ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံသော စောမွန်လှကိုလည်း မှူးမတ် တို့နှင့် ဆွေတော်မျိုးတော်အပေါင်း၊ နန်းတွင်းသူနန်းတွင်းသား

ဝိုးတဝမ

မကျန်၊ မောင်းမငိုသံအထိ ချစ်စင်အလေးထားကြသည်။ ဟော်နန်း တွင်း၌ ကြီးပြင်းခဲ့ရသူဖြစ်သဖြင့် နန်းဓလေ့၊ နန်းမှုနန်းရာကို ခဏခြင်းနှင့် သင်ယူတတ်မြောက်လေ၏။

မိမိဟော်နန်းတွင် လောကဓာတ္တရာရေးရာဖြစ်သော ဘာသာ၊ သာသနာနှင့် ကုသိုလ်ရေးကို နေ့စဉ်ဝတ်မပျက် ဆောင်ရွက်ခဲ့သည့် ရှမ်းမင်းသမီးကလေး စောမွန်လှသည် ပုဂံရွှေနန်းတွင်းသို့ ရောက် ခဲ့ပြီး မိဖုရားတို့ စံစားခြင်းဖြင့် ရရှိခဲ့သော်လည်း စိတ်အစဉ်သည် မပြောင်းလဲ။ သထုံမှ ဆောင်ယူခဲ့သော ပိဋကတ်တော်တို့၏ ကျေးဇူး ကြောင့်၊ မွန်ရဟန်းတော်များနှင့် မြန်မာရဟန်းတော်တို့၏ ဓမ္မတာရေး တို့ ရွတ်ဆိုသံ လျှံဝေနေသည်ဖြစ်၍ ကြည်နူးမှုနှင့် သဒ္ဓါစိတ် တိုးပွားစေသည်။

အဝေးသဖြင့် ရှင်အရဟံ၏ အဆုံးအမ၌ အနော်ရထာမင်းကြီး နှင့်အတူ ဩဝါဒခံယူလျှက် မိမိကိုယ်ကို ဆုံးမနေလေ့ရှိသည်။ ထိုစဉ်က ရှင်အရဟံမှာ သံဃာဦးကိုင် (သာသနာပိုင်ဆရာတော်)၏ တစ်ပါးလည်းဖြစ်၊ မင်းကိုးကွယ်သော မင်းဆရာလည်းဖြစ်ပြီး အရှိန်အဝါကြီးသည့် ရဟန်းဖြစ်ခဲ့သည်။ ပုဂံသို့ ထေရဝါဒ၊ ဗုဒ္ဓ သာသနာတော် ပွင့်လင်းရန် ရှင်အရဟံ၏ ကျေးဇူးကြီးမားကြောင်းကို မိဖုရားစောမွန်လှ သိလေသဖြင့် ပစ္စည်းလေးပါး ဒါယိကာမအဖြစ်ပင်

ခံယူဆည်းကပ်ခဲ့သည်။

ထို့အတူ – ငှက်ဖစ်တောင်ဂိုဏ်းဆရာတော်၊ မြင်းကပါကြီးဂိုဏ်းဆရာတော်၊ ကိုတာမရိုကြီးဂိုဏ်းဆရာတော်၊ တရင်တောင်ကြီးဂိုဏ်းဆရာတော် စသည့်ကျောင်းတိုက်ကြီး ၄ တိုက်မှ ဂိုဏ်းဆရာအသီးသီးတို့ထံသို့လည်း မပြတ်အပူဇော် သွားလေ့ရှိသည်။

နှစ်ဦးတွင် ကိုးကွယ်ထားရှိသော မြသင်းတုတော်ကိုလည်း ပန်း၊ ရေ၊ ဆီမီး၊ ဆွမ်းဘောဇဉ်၊ အစဉ်မပြတ်မလပ်စေရန် ဂရုပြု၍ ဝတ်ပြုတော်မူလေ၏။ နှစ်းတွင်းသို့ ရှင်အရဟံကြွရောက်တိုင်းလည်း မင်းကြီးနှင့်အတူတကွ ညြဝါးခံယူ ဖူးမြော်၍ ဆွမ်းအလှူအကျွေးပြုလေ၏။ အရှင်အရဟံ၏ အဆုံးအမဖြစ်သော သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ကြောင်းတရားတို့ကို အမြဲဆင်ခြင် ကျင့်ကြံအားထုတ်တော်မူလေ၏။

မိဖုရားစောမွန်လှကား ... နုနယ်ငယ်ရွယ်သောသူ ဖြစ်နေသော်လည်း နှလုံးစိတ်ဝမ်း၌ ရင့်ကျက်တည်ငြိမ်မှုတို့ ကိန်းတည်လျက် ရှိချေ၏။ ပုဂံနန်းသို့ မရောက်မီ၊ မိမိငယ်စဉ်ဘဝ မောင်မြေတွင် - ရှိစဉ်ပင် ဘာသာရေးကိုင်းရှိုင်း သက်ဝင်ယုံကြည်မှုနှင့် အမိအဖတို့၏ - လမ်းညွှန်ပေးမှုတို့ကြောင့် ကောင်းသောစိတ် ကောင်းသောအကျင့်ကို ဆုပ်ကိုင်နိုင်ခဲ့ပြီဖြစ်သည်။

[illegible]

အနော်ရထာမင်းစောလည်း ဆည်မြောင်း၊ ကန်ချောင်း၊ တာတမံဖို့ခြင်းကိစ္စ၊ ကျောင်းကန်ဘုရား တည်ဆောက်ခြင်းကိစ္စ တို့နှင့် ပြွယ်သော မင်းအမှုကိစ္စများ ဆောင်ရွက်ရန် ထွက်တော်မူလေတိုင်း မိဖုရားစောစွန်လှအား နောက်တော်ပါးမှ ဝင်းထပ်ချပ် လိုက်ပါစေလေ၏။

# အနော်ရထာမင်းစောနှင့်မိဖုရားများ

အနော်ရထာမင်းစောသည် အစ်ကိုတော်သည့် စုက္ကတေးမှ တစ်နေ့သောအခါတွင် "ညီသား ... နောင်မယ်"ဟုခေါ်သည့် စကားအပေါ် ခံပြင်းနာကျည်းခဲ့သည်။ ညီအစ်ကိုဝမ်းကွဲတော်စပ် သော်လည်း - ဤစကားအရာမှာ ဖိဖိ မိခင်ကို စော်ကားရာ ရောက်ကြောင်း နားလည့်မိသည်။

ထိုသို့ စုကဆွေးခေါ်သောအကြောင်းကို ခမည်းတော် ကြောင် ဖြူမင်းအား လျှောက်မေး၏။ ခမည်းတော်လည်း "အမောင့်အမိကို ယူလို၍ ဆိုသောစကားဖြစ်၏" ဟု မိန့်ဆိုလေသည်။ အနော်ရထာ မင်းစောလည်း ကြီးစွာသော အမျက်ထွက်လျက် "ခမည်းတော်တွင် သိကြားမင်းဆက်သသော မြင်းနှင့်လက်နက်ကိရိယာတို့ ရှိသည် သိ၏။ ယင်းတို့ကို ပေးလော့"ဟု တောင်းလေ၏။

မယ်စည်းတော်ကြောင်မြှူမင်းလည်း အဂ္ဂိဣကာလုံး သိလဝံသတော။ ပဏ္ဍုမြားလက်စွပ်၊ ပဏ္ဍုမြားဥသျှောင်ကျင်တို့ကို သားတော်အား ပေးလျှက် ဤသို့ဆိုသည်။

"ငါ၏မြင်းမှုကား ...... ငါနန်းကျကာတည်းကပင် လွှတ်၍ ရှိလေ၏။ ငါဝတ်တော်မူသော လက်စွပ်ကိုပြလျှင် သူ့အဖမ်းခံပါ လိမ့်မည်။ ရလျှင် ဤမြင်းကိုယူ၍ ပုပ္ပါးအရပ်၌ အလုံးအရင်း များအောင် လူသူစုဆောင်းလေ။ အင်္ဂအင်္ဂါနှင့် ပြည့်စုံမှ အမောင် နောင်တော် စုက္ကတေးအား လုပ်ကြံလေ"

ဟူ၍ မိန့်တော်မူ၏။

အနော်ရထာလည်း ပြောသည့်အတိုင်း ဆောင်ရွက်ပြီးသော် များမကြာမီ၌ လူသူအလုံးအရင်း ပြည့်စုံသဖြင့် ပုဂံသို့ ချီလာပြီးသော် စုက္ကတေးအား "နန်းကိုပေးမည်လော၊ စစ်ကိုပြုမည်လော"ဟူ၍ စေလွှတ် အရေးဆိုစေလေ၏။ နောင်တော်စုက္ကတေးလည်း ညီတော်မှ စေလာသော လူထံမှစကားကို ကြားတော်မူလျှင် မြင်းစွာအမျက် ထွက်သဖြင့်—

"ခံတွင်း၌ပင် နို့နံ့မစင်သေးသော သူငယ်နှစ်စား အကောင် ငယ်က ငါ့ကို တိုက်မည်ဆိုသော် ရယ်ဖွယ်ဖြစ်၏။ မျှမဝတ်ဝိုလ်ပါတို့ ကြည့်ရှုသော နေကြစေ။ ငါနှင့်သူ မြင်းတစ်စီးချင်း စီးချင်းထိုးအံ့"

ဟူ၍ မှာတော်မူလိုက်လေ၏။

အနော်ရထာမင်းစောလည်း နောင်တော်စုက္ကတေး မှာတော်မူသည့်စကားကို ကြားတော်မူသည်နှင့် ဝမ်းမြောက်ဝမ်းသာဖြစ်လျက် ချိန်းဆိုထားသောနေ့ရက်သို့ ရောက်လျှင် နတ်မြင်းကို စီးကာ ခမည်းတော်ပေးသော အရိန္ဒမာလှံနှင့် သိလဝံသများကို လွယ်ပြီးသော် သမထီးချောင်းသို့ သွားတော်မူလေသည်။

နောင်တော်စုက္ကတေးလည်း ညီတော်အနော်ရထာကို မြင်းနှင့်လာသည်မြင်တော်မူလျှင် ဆီး၍ကြိုနှုတ်ဆက်၏။ အနော်ရထာကပင် ...

"နောင်တော်ကား ဝါအကြီးသူဖြစ်သည်၊ အလျှင်ထိုးလော့"

ဟု မိန့်တော်မူပြီး စီးချင်းထိုးရန် တန်ပြင်လေသည်။ စုက္ကတေးလည်း မထိမဲ့မြင်ပြုလာသော ညီတော်နော်ရထာအား စကားဆုံးသည်နှင့် စတင် လှံပျံနှင့် ထိုးလေ၏။ အနော်ရထာသည် ခမည်းတော်ထံမှ သိကြားပေးသော အရိန္ဒမာလှံဖြင့် ဆီးခတ်လေရာ၊ ကိုယ်ဆီသို့ မရောက်ဘဲ မြင်းကုန်းနှီးကို ထိုးမိချေသည်။ စုက္ကတေးလည်း မိမိထိုးသော လှံချက်သည် ညီတော်သို့ မရောက်ဘဲ မြင်းကုန်းနှီးတွင် ထိုးစိုက်နေသည်ကို မြင်လျှင် အလွန်ကြောက်၍ ခြင်း မြင်းတွာ ဖြစ်သွားလေသည်။

လှံပျံကို ဆွဲနုတ်၍ မရခင်မှာပင် အနော်ရထာမင်းစောထံမှ

အရိန္ဒမာသည် အရှိန်မြင်းစွာ ရင်ဝမှ ထိုးဝင်ပြီး နောက်ကျောမှ ထွက်လေတော့၏။ စုက္ကတေးလည်း နာကျင်စူးရှစွာဖြင့် မြင်းနှင့်တကွ မြစ်နားသို့ ငါလေကာ မကြာမီပင် အနိစ္စရောက်လေသည်။ ထိုအရပ်ကို "မြင်းတာပါ"အရပ်ဟု ယခုတိုင် ခေါ်ဆိုလေ၏။

အနော်ရထာစောလည်း စုက္ကတေးကို လုပ်ကြံပြီးသော် ခမည်းတော် သင်္ကန်းဝတ်လျှက်ရှိသော ကျောင်းတော်သို့သွား၍ "မင်းပြုတော်မူပါ"ဟု တောင်းပန်ခေါ်ဆိုလေ၏။ ခမည်းတော် ကြောင်ဖြူမင်း (ကုန်းဆောဘုရင်)လည်း ,–

"ငါ–အသက်အရွယ်ကြီးပြီ၊ သားတော်သာ မင်းပြုလေတော့"

ဟု မိန့်တော်မူ၍ အနော်ရထာလည်း မိမိတာဝန်ကျပြီဟု ယူမှတ်ကာ ပုဂံထီးနန်းကို သိမ်းပိုက်စိုးစံတော်မူလေ၏။ ထိုအခါ ထီးနန်းထုံးစံအတိုင်း အဂ္ဂမဟေသီ မိဖုရားတစ်ပါး တင်မြှောက်၍ ရာဇဘိသေက ခံယူတော် မူလေ၏။ ထိုအဂ္ဂမဟေသီ မိဖုရားကြီးမှ နောင်သောအခါ စောလူးမင်းကို မွေးဖွားခဲ့သည်။ (မိဖုရားကြီး၏ အမည်ကိုကား ရာဇဝင်အစောင်စောင်တွင် ဖော်ပြမထားပေ။) မြောက်မြင်သည် ဘုရားကျောက်စာတွင် "မြောက်မြင်သည်" ဟု တွေ့၏။

ယင်းစောလူးမင်း၏ မယ်တော်ကား ... အနော်ရထာမင်းကြီး

၏ - နန်းတက်စ အဦးအများ မိဖုရားခေါင်ကြီး (အဂ္ဂမဟေသီ) ဖြစ်တော်မူလေ၏။ ထိုမိဖုရားကြီးအား ခမ်းနားသော အခမ်းအနားတင် အဆောင်၊ အခြွေအရံများစွာဖြင့် မင်းကြီးထားတော်မူလေ၏။ ဤသို့ ထားတော်မူကြောင်းကို (ဦးကုလားမဟာရာဇဝင်ကြီး၊ မှန်နန်းရာဇဝင်နှင့် သုဓောဓမ္မာရာဇဝင်တို့က ဤသို့ ဖော်ပြထားသည်မှာ ဖြစ်နိုင်ရာ၏လောဟု သံသယရှိလေ၏။ အလွန်အကျူး ဖွဲ့ဆိုရေးသား အပ်သည်ဟု ခေတ်သမိုင်း သုတေသီတို့က ယူဆကြကုန်လေ၏။

အဂ္ဂမဟေသီ မိဖုရားကြီးကိုရံသော အခြွေအရံကား ...

(၁) ပတ္တမြားတို့ဖြင့် တန်ဆာဆင်ထားသည့် အမတ်သမီး ၅၀၀ က ဦးခေါင်းတွင် စုလည်းထုံး-ဆံပင်နှင့် ခစား ရသည်။

(၂) မြဖြင့်တန်ဆာဆင်အပ်သော အမတ်သမီး ၅၀၀ တို့က "ယကင်ဦးရစ်ထုံး" ဆံပင်ပုံစံဖြင့် ခစားကြရသည်။

(၃) ဝေရဠိဖြင့် တန်ဆာဆင်အပ်သော (မိုးကြိုး)အမတ်သမီး ၅၀၀ တို့က "ယကင်ဦးရစ်ထုံး-ပုံစံဖြင့် ခစားကြ ရသည်။

(၄) ပုလဲဖြင့်တန်ဆာဆင်အပ်သော သူဌေးသမီး ၄ ယောက်။

(၅) မိန်းမကုန်း (အုပ်ချုပ်ရသူ) ၅၀ ယောက်

(၆) အဝတ်တန်ဆာ ဆင်မြန်းပေးရသူ ၅၀ ယောက်

ထိုမှတစ်ပါး – ရောင်းတီးခတ်သော မိန်းမ၊ ညွှာ၊ ပတ်စည်၊ သံလွင်တို့ကို တီးခတ်ရသော မိန်းမတူရိယာ ဝိုင်းလည်ပါရှိ ခစား ရသည်။

အနော်ရထာမင်းစော၏ ဒုတိယမြောက် မိဖုရားမှာ ဝေသာလီ မင်းနှင့် ရှစ်ယပညာဝတီမှ မွေးသော (ပဉ္စကလျာဏီ)မင်းသမီး ဖြစ်သည်။ ထိုမင်းသမီးမှာ မရှိမတိုင်၊ ဝေသာလီသို့ အမတ်ရာဇ တမန်ကို ကြွလာတော် မိဖုရားအရာနိုင်း၍ ဝေသာလီမင်းဆက်သည့် မိဖုရားဖြစ်သည်။ ထိုမိဖုရားနှင့် အနော်ရထာတို့မှ ကျန်စစ်သားကို မွေးဖွားသည်ဟုဆို၏။

သို့သော် ထိုပဉ္စကလျာဏီမင်းသမီးကို အနော်ရထာမင်း မယုံကြည်၍ စိတ်သက်သာမကင်းဖြစ်သောကြောင့် နှန်းတွင်း၌ မထား ဟု အဆိုရှိသည်။ ယင်းသို့ အနော်ရထာ မယုံကြည်သည်မှာလည်း ဝေသာလီမှ ခေါ်ဆောင်လာစဉ် အမတ်ရာဇတမန်နှင့် ငြိစွန်းသော် ကြောင့်ဟူ၍ သမိုင်းရှိသော်လည်း ခေတ်သစ်သမိုင်းဆရာတို့က ထိုအယူအဆကို လက်မခံချေ။ ဝေသာလီမင်းကြီးသည် မိမိသမီးရင်း မဟုတ်၊ အခြားသော တစ်ဦးတစ်ယောက်၏သမီးကို ဘုရင့်သမီး တော်အမှတ်ဖြင့် လီဆည်၍ အနော်ရထာအား ဆက်သကြောင်း

ရာဇဝတမန်စကားကို ယုံကြည်သဖြင့် စိတ်ကွက်တော်မူခြင်း ဖြစ်သည်ဟု ဆို၏။

မည်သို့ပင်ဆိုစေ - ပဥ္စကလျာဏီမင်းသမီးမှာ အနော်ရထာ မင်းစော၏ ဒုတိယမြောက် မိဖုရားပင်ဖြစ်သည်။ [ထိုအကြောင်းကို ရှေ့အခန်းများတွင် ဖော်ပြပြီးဖြစ်သည်။] ထူးခြားသည်ကား ထို မင်းသမီးကို အနော်ရထာသည် ပရိမ္မအရပ်တွင်ရှိသော တောင်သူကြီး ထံတွင် အပ်နှံထားစေခဲ့ခြင်းဖြစ်သည်။ တနည်းအားဖြင့် နန်းတွင်း တွင် မိဖုရားအဆောင်အယောင်နှင့် မထားသည့်အပြင် နယ်နှင် ထားခဲ့ခြင်းဖြစ်သည်။ ထိုပရိမ္မအရပ်တွင်မှ ကျန်စစ်သားကို ဖွားမြင် ခြင်းဖြစ်သည်။

ကျန်စစ်သားကိုလည်း ရဟန်းဝတ်နိုင်သည့်အရွယ်၌ ရဟန်း ဝတ်နှင့် ဆွမ်းပင့်တွေ့ခြင်းဖြင့် သိမြင်ကြောင်း ရာဇဝင်၌ ဆိုသဖြင့် အနှစ် ၂၀ အရွယ်ရောက်မှ ကျန်စစ်သားကို အနော်ရထာတွေ့မြင် ခွင့်ရခဲ့သည်။

ထိုအခါ ကျန်စစ်သားအား ရဟန်းဘဝမှ လူဝတ်လဲစေ၍ နန်းတွင်းအပါးတော်တွင် ခစားစေသည်ဟုဆို၏။ ကျန်စစ်သား နန်းတွင်းရောက်သောအခါ၌ မိခင်ဖြစ်သူ ပဥ္စကလျာဏီ လိုက်ပါ မပါ ဖော်ပြမထား၍ သမိုင်းတွင်း ဆက်ပြတ်ခဲ့သည်။ အနော်ရထာ

နှင့် ကျန်စစ်သား အကြောင်းများ၌ ပဉ္စကလျာဏီအကြောင်း အမှောင်ချထားကြောင်း တွေ့နိုင်သည်။

ပဉ္စကလျာဏီသည် အနော်ရထာမင်းစော၏ မိဖုရားတစ်ပါး ဖြစ်သော်လည်း အရေးပါအရာရောက်စွာ သမိုင်းစာမျက်နှာများ ပေါ်၌ ပေါ်လွင်စွာ မတွေ့ရသည်မှာ ဝမ်းနည်းဖွယ်ဖြစ်သည်။ ကျန်စစ်သား၏ မယ်တော်အဖြစ်နှင့်သာ သမိုင်းထဲပေါ်ခဲ့သည်။ မိဖုရားအဆောင်အယောင် မရသည့်အပြင် ပရိမ္မအရပ်တွင် မည်ကဲ့သို့ ဆက်လက်နေထိုင်သွား၍ မည်သည့်အချိန် ဘဝချုပ်ငြိမ်းသွားကြောင်း သမိုင်းစာမျက်နှာများတွင် မတွေ့ရပေ။

အနော်ရထာမင်းစော၏ ဒုတိယမိဖုရားသည်ကား ... မိုင်းမောဝ်မင်းသမီးလေး စောမွန်လှပင်ဖြစ်သည်။ စောမွန်လှသမိုင်း၌ ရာဇဝင်ရေး ဆရာတို့သည် ပြည့်စုံလုံလောက်စွာ မရေး၊ မထား ရှိခဲ့သဖြင့် သမိုင်းကွက်လပ်များစွာ တွေ့နိုင်ပေသည်။ စောမွန်လှ မည်သည့်အရွယ်၊ ခုနှစ်တွင် အနော်ရထာသို့ ဆက်သခြင်းခံရပြီး၊ ပုဂံနန်းတွင်း မည်မျှကြာစွာ စံသွားရကြောင်း မဖော်ပြကြပေ။ ထို့အတူ - မင်းကြီးသည် စောမွန်လှအား စွဲလမ်းချစ်ခင်တပ်မက်၍ များစွာမြှောက်စားပြီး မိဖုရားတို့ အဆောင်အယောင်ဖြင့်ထားကြောင်း ဖော်ပြသော်လည်း ... သီးသီးခြားခြား ဖော်ပြထားသည်များ

မတွေ့ရပေ။

အဆိုးဆုံးကား – စောမွန်လှပုံဂံနန်းတွင်းသို့ ရောက်ပြီး မည်သည့်ကာလ၊ မည်သည့်အချိန်တွင် နန်းတွင်းကို စွန့်ခွာခဲ့၍ ပြည်တော်ပြန်ခဲ့ကြောင်း မရေမရာ နိုင်လွန်းလှသည်။ သမိုင်းကွင်းဆက်အားဖြင့် စောမွန်လှတည်သည်ဆိုသော ရွှေစာရံဘုရားသမိုင်း ခုနှစ်နှင့် တိုက်ဆိုင်မှတ်ယူရသော အခြေထိဖြစ်ခဲ့သည်။

အနော်ရထာမင်းစော၏ သမိုင်းစာမျက်နှာများ၌ စောမွန်လှ အကြောင်းကို လေးလေးနက်နက် ကမ္ပည်းတင်ထားခြင်း မတွေ့ရပေ။ ထိုမိဖုရားအကြောင်း လေ့လာရာတွင် ဒဏ္ဍာရီဆန်ဆန်၊ လွမ်းမောစရာဆန်ဆန်နှင့် သာနိဂုံးချုပ်ထားကြောင်း တွေ့ရသည်။

အနော်ရထာမင်းစော၏ စတုတ္ထမြောက် မိဖုရားမှာ ဉသ္သာပဲခူးမင်းမှ ဆက်လိုက်သော မဏိစန္ဒာမင်းသမီးဖြစ်သည်။ ထိုမိဖုရားကိုမူ အဆောင်အယောင်ဖြင့် အဂ္ဂမဟေသီမိဖုရားကြီးနည်းအတိုင်း ထားကြောင်း တွေ့ရသည်။ မဏိစန္ဒာမင်းသမီးကို (သီရိစန္ဒာဒေဝီ) ဟူသော ဘွဲ့ပေး၍ ချီးမြှောက်တော်မူကြောင်း တွေ့ရသည်။ ရတနာပြာသာဒ်နှင့် ရံရွှေတော်မောင်းမမိဿံ အများအပြားဖြင့် ထားရှိခဲ့သည်။ သီရိစန္ဒာဒေဝီ မိဖုရားကို ရံသောကိုယ်လုပ်တော်တို့မှာ–

၁။ ဝတ်စုံများဖြင့် ဆင်ယင်တန်ဆာမြန်းထား၍ "ဆုလည်း

ထုံး” ဆံပင်ပုံစံဖြင့် အမတ်သမီး ၃၀၀။

၂။ မြဖြင့် ဆင်ယင်တန်ဆာမြန်းထား၍ “ယက်ငြိုးရစ်ထုံး” ဆံပင်ပုံစံဖြင့် အမတ်သမီး ၃၀၀။

၃။ ဝရဇိန် (မိုးကြိုး)ဖြင့် ဆင်ယင်တန်ဆာမြန်းထား၍ “ယင်ငုံချာထုံး” ဆံပင်ပုံစံဖြင့် အမတ်သမီး ၃၀၀။

၄။ ရွှေဖြင့် တန်ဆာပြီးသော တန်ဆာဆင်မြန်းထားသည့် မိန်းမကုံး ၃၀။ မိန်းမကွ – ၃၀။

၅။ ထိုမှတစ်ပါးလည်း မိန်းမစည်၊ မိန်းမပတ်၊ မိန်းမစောင်း မိန်းမညှင်း စသည့် ဂီတပညာရှင် မိန်းမသားများက နေ့စဉ်တီးမှုတ် ဖျော်ဖြေရသည်။

အနော်ရထာမင်းစော၏ မိဖုရား (၄)ပါးအနက် ကံဆိုးသော မိဖုရား ၂ ပါးမှာ ပရိမ္မအရပ်တွင် နေရသော ကျန်စစ်သား၏ မယ်တော် ပဉ္စကလျာဏီမင်းသမီးနှင့် စော်ဘွားကြီး စဝ်ဆေဟုံဖနှင့် မဟာဒေဝီတို့၏ သမီး မိုင်းမော်မင်းသမီးစောမွန်လှတို့ ၂-ဦး သာဖြစ်သည်။

စောမွန်လှမိဖုရားမှာ တတိယမြောက် မိဖုရားဖြစ်ခဲ့ပြီး မင်းကြီး၏ အချစ်ဆုံးဖြစ်ခဲ့သော်လည်း မနာလိုသူများ၊ ဝန်တိုသူများ၏ ဝိုင်းဝိုင်းစေ့ဆော်မှုကြောင့် မင်းကြီးနှင့် လမ်းခွဲခဲ့ရသည်။

စောမွန်လှအဖို့ ပုဂံမင်း၏ မိဖုရားဖြစ်ခွင့် ကြုံသော်လည်း ကြာမြင့်စွာ စံစားရဟန် မရှိပေ။ ထို့အပြင် အပြစ်မြင်သော မင်းကြီးနှင့် ဝေးရာသို့ ပြေးထွက်ခဲ့ပြီး ပုဂံရွှေနန်းကို ကျောခိုင်းခဲ့သူလည်း ဖြစ်သည်။

ကံတရားကား ဆန်းကြယ်လှပါဘိတောင်း။

■■■■■■■■■■■■■■■

# အနော်ရထာမင်းစောနှင့် နတ်(၃၇)ပါး

အနော်ရထာမင်းစောလက်ထက် ပုဂံပြည်ကြီးတွင် ထေရဝါဒ ဗုဒ္ဓဘာသာသာသနာ ထွန်းလင်းတောက်ပစပြုလာပြီဖြစ်သော်လည်း ယခင် သေဥ်လည်ကြောင်မင်းလက်ထက်မှ ပေါ်ပေါက်ကိုးကွယ်လာသော နတ်အယူအဆ၊ ကိုးကွယ်ယုံကြည်မှုများမှာ ကွယ်ပမသွားသေးပေ။ အရည်းတို့ကိုသာ နှိမ်ကွပ်တော်မူ၍ အချို့လူဝတ်လဲစေကာ ဆင်ချေးကျုံး၊ မြင်းချေးကျုံးနေရာတို့တွင် တာဝန်အပ်နှင်းခဲ့ခြင်းတွေ့နိုင်သည်။

ပုဂံပြည်တစ်ဝှမ်းလုံး၌ အစအဦးနတ်ဖြစ်သော မင်းမဟာဂီရိ နတ်ကိုးကွယ်မှုနှင့် အခြားနတ်ကိုးကွယ်မှုများ ထင်ထင်ပေါ်ပေါ် ကိုးကွယ်နေဆဲသာဖြစ်သည်။ ထို့အပြင် အနော်ရထာမင်းကြီးကိုယ်တိုင် နတ်အယူအဆနှင့် ကိုးကွယ်ပသမှုကို မပစ်ပယ်ခဲ့သောကြောင်း

သိရ၏။ မင်းကြီးလက်ထက်တွင် နတ်သမိုင်းအတွက် ၃၇-မင်း၌ တရင်းဝင်မည့် နတ် ၉ ပါးပေါ်ပေါက်ခဲ့ကြောင်း တွေ့နိုင်သည်။

ယင်းနတ် ၉-ပါးကို အနော်ရထာအုပ်စုဝင်နတ်များဟုပင် နတ်သမိုင်းတွင် ခွဲခြားဖော်ပြလျက်ရှိသည်။ အနော်ရထာလက်ထက် နတ်ဖြစ်ခဲ့သူများမှာ ...

၁။ ညောင်ချင်းအိုနတ်

၂။ မန္တလေးဘိုးတော်နတ်

၃။ ရွှေဖျဉ်းနောင်တော်နတ်

၄။ ရွှေဖျဉ်းညီတော်နတ်

၅။ မင်းသားအနန်းမောင်ရှင်နတ်

၆။ ထီးဖြူဆောင်းနတ်

၇။ ထီးဖြူဆောင်းမယ်တော်နတ်

၈။ ပုရိမ္မရှင်မင်းခေါင်နတ်

၉။ ရှင်ကွနတ်

တို့ဖြစ်ကြသည်။ ပုဂံကိုကြောင်းဖြူမင်းက စိုးစံသောအခါ ယင်း၌ သား ၃ယောက်ရှိခဲ့၏။ မိဖုရားတစ်ပါး၌ ကြီးစိုးနှင့်စုက္ကတေးကို ဖွားမြင်ပြီး အခြားတစ်ပါး၌ အနော်ရထာကို ဖွားမြင်ခဲ့သည်။

ကြောင်းဖြူမင်းနတ်ရွာစံလျှင် ထီးနန်းအားကျည်းစိုးမင်းက

ဆက်ခံပြီး နောက်စုက္ကတေးက ဆက်ခံပြန်သည်။ စုက္ကတေးနှင့် အနော်ရထာတို့ အချင်းများကြသောကြောင့် အနော်ရထာက စုက္ကတေးကို စီးချင်းထိုးပြီး အောင်မြင်ခဲ့သည်။ အနော်ရထာမင်း ထံ ရွှေဖျင်းကြီး၊ ရွှေဖျင်းလေး ညီအစ်ကိုတို့ အခစားထမ်းရွက် ကြသည်။ တရုတ်ပြည်သို့ ချီတက်၍ မြတ်စွာဘုရား၏စွယ်တော် နှင့် ဓာတ်တော်၊ မွေတော်ကို တောင်းယူရာ၌ ဤညီနောင်ပါဝင် ဆောင်ရွက်ခဲ့သည်။

တရုတ်ပြည်မှအပြန် ခရီးတွင် ဆုတောင်းပြည့်ဘုရားတည်ရာ တွင် အနော်ရထာမင်းကြီး၏ အမိန့်ကို မနာခံဘဲ အုတ် ၂ချပ် လစ်လပ်ခဲ့မှုဖြင့် ကွပ်မျက်ခြင်းခံရ၍ နတ်ဖြစ်သွားကြသည်။ ထိုရွှေ ဖျင်းညီနောင်ကို ကျေးမွေးပြုစုစောင့်ရှောက်ရသော ပုဏ္ဏားတစ် ယောက်ရှိရာ မန္တလေးဘိုးတော်ဟု တွင်သည်။ ဤပုဏ္ဏားနှင့် နှမတစ်ယောက်မှာလည်း ရွှေဖျင်းညီနောင်တို့ ကွပ်မျက်ခံရရာတွင် ရော၍အသတ်ခံခဲ့ရပြီး နတ်ဖြစ်ကြသည်။

ပုဏ္ဏားမှာ မန္တလေးဘိုးတော်နတ်ဖြစ်ခဲ့ပြီး ညီမဖြစ်သူမှာ ရှင်ကွနတ်ဟူ၍ဖြစ်ခဲ့သည်။ ပုဂံတွင် မင်းရှင်စောလက်ထက်၊ သား တော်မောင်ရှင်သည် ဒန်းစီးရင်း ဘုန်းတော်ကြီးကျောင်း၌ပင် လိမ့်ကျ သေဆုံးကာ နတ်ဖြစ်ကာ "ဒန်းမောင်ရှင်နတ်" ဟူ၍ တွင်ပြန်

သည်။

မနူဟာမင်း၏လက်ထက် ကြောင်းဖြူမင်း၏ သားတော်ရက္ခ လေးတို့၏ မယ်တော်သည်လည်း "ထီးဖြူဆောင်းမယ်တော်နတ်" ဟူ၍ဖြစ်ခဲ့သည်။

ယင်းကြောင့် အနော်ရထာလက်ထက်တွင် ၃၇-မင်းစာရင်း ဝင်နတ်များအနက် နတ် ၉-ပါးပေါ်ပေါက်ခဲ့သည်။ ရွှေဖျဉ်းညီနောင် တို့ကို တောင်ပြုံး၊ ဝါးရင်းတုတ်ရွာတွင် နတ်ကွန်းနတ်နန်းထားရှိ၍ နယ်ပယ်အပိုင်စားပေးပြီးသော် နှစ်စဉ်ပူဇော်ပသရန် အမိန့်ထုတ် ဆင့်ခဲ့ကြောင်း နတ်သမိုင်း၌ တွေ့ရသည်။

အနော်ရထာမင်းလက်ထက်၌ ထေရဝါဒဗုဒ္ဓသာသနာတော်မှာ ရှင်အရဟံကို အကြောင်းပြု၍ ထွန်းကားကူးလူးလာနေသော်လည်း မူလနတ်ကိုးကွယ်မှုမှာ လုံးလုံးပပျောက်မသွားပေ။ တန့်တားခြင်း ပိတ်ပင်ခြင်းလည်းမလုပ်မရှိပေ။ အထောက်အထားများအရ သူ၏ကု သိုလ်တော်ဖြစ်သော ရွှေစည်းခုံစေတီရင်ပြင်၌ပင် စေတီတော်၏ အစောင့်အရှောက်အလို့ငှာ နတ်ကွန်းနတ်နန်းများထားရှိခဲ့ကြောင်း စေတီယကထာပါဠိနိဿယ၌ ဆိုထားသည်။

ထို့ကြောင့် အနော်ရထာမင်းသည် နတ်ဆန့်ကျင်သူ မဟုတ် ကြောင်းထင်ရှားသည်။ မည်သည့်ရည်ရွယ်ချက်ဖြင့် ထားသည်ဖြစ်စေ၊

စေတီတော်ရင်ပြင်မှ နတ်ရုပ်တုများတည်ရှိနေမှုကို ထောက်ဆ၍ ယနေ့တိုင် နတ်ယုံကြည်သူတို့ ပသကိုးကွယ်ခဲ့ဖြစ်သော သူ့အပိုင်စားပေးသနားခဲ့မှုကြောင့် တောင်ပြုန်းမင်းနှစ်ပါးနှင့် အခြားနတ်များဖြစ်တွန်းလာမှုကို ထည့်သွင်းစဉ်းစားလျှက်လည်းကောင်း၊ အနော်ရထာသည် နတ်လိုလားသူလော၊ နတ်ဆန့်ကျင်သူဆိုသည်ကို စဉ်းစားတွေးဆဖွယ်ဖြစ်သည်။

**မှတ်ချက်။** ။ ဘုရင့်နောင်မင်းတရားကြီးလက်ထက်တော်တွင် မှတော်လှန်ရေးတစ်ရပ် မင်းအာဏာဖြင့် နှိပ်ကွပ်ခဲ့သည်။

ပြည်သူပြည်သားအပေါင်းတို့မှာ နတ်၊ နဂါး၊ ဝိန်းနှင့် ထေရဝါဒအယူကိုးကွယ်မှုများ ရောထွေးလျှက်ပင်ရှိနေသေးသည်။ ထို့အတူ နန်းတွင်းမှ မိဖုရား၊ မောင်းမမိသံအပေါင်းတို့သည်လည်း ဝိန်း၊ နတ်၊ နဂါး၊ အယူစွဲလျှက်ပင် ရှိနေသေးပြီး ပိဋကတ်တော်မှ ဆင့်ပွားသင်ယူခဲ့ဖြစ်သော ထေရဝါဒတရားတော်များမှာ အားနည်းလျှက်ရှိချိန်ဖြစ်သည်။

ထိုအချက်ကြောင့်ပင် အနော်ရထာမင်းကြီးနှင့် ချစ်လှစွာသော မိုင်းမော်မင်းသမီးလေး စောမွန်လှတို့ ခွဲခွာခဲ့ကြရခြင်းဖြစ်သည်။

# မင်း မိဖုရားနှင့် ရွှေစည်းခုံစေတီတော်

အနော်ရထာမင်းစောသည် တရုတ်ပြည်မှ ပြန်လာပြီးနောက် သိကြားမင်းပြောကြားသည့် သရေခေတ္တရာ ဒွတ္တဘောင်မင်းကြီး တည်ထားခဲ့အပ်သော စေတီပေါင်းမှ နဖူးသင်းကျစ်တော်ကို ရယူကိုးကွယ်လိုစိတ် ပြင်းပြလေသည်။ ထို့ကြောင့် နေပြည်တော်သို့ ပြန်ရောက်ပြီး များမကြာသောကာလ၌ပင် ဆင်လုံး၊ မြင်းရင်းအများနှင့် ကြည်းအား၊ ရေအားချီတော်မူလျက် သရေခေတ္တရာသို့ ကြွချီတော်မူလေသည်။

ရောက်တော်မူလျှင် ဒွတ္တဘောင်မင်းကြီးတည်တော်မူခဲ့သော စေတီတော်ပေါင်းကို ဖျက်၍ နဖူးသင်းကျစ်တော်ကိုယူပြီးသော် ရတနာအတိပြီးသော ပြာသာဒ်နှင့် ဆင်ဖြူတော်ထက်တင်၍ ပင့်ဆောင်

တော်မူခဲ့သည်။ သရေခေတ္တရာမြို့ကိုလည်း နောက်နောင် သူပုန်၊ သူကာန်တို့ နေလတ္တံ့မည်ကို စိုးရိမ်တော်မူ၍ ဖျက်ဆီးခဲ့သည်။ ဒွတ္တဘောင်မင်းကြီးစီးတော်မူသော နဝရတ်လှေတော်ကို သားတော်ဒွတ္တရန် မြုပ်ထားခဲ့လေသည်ကိုလည်း တူးဖော်ကြည့်တော်မူပြီး ... ၂၂ မြုပ်ထားမြဲ မြုပ်ထားတော်မူလေ၏။

ယင်းမှပြန်တော်မူ၍ နေပြည်တော်ပေါက္ကာရာမသို့ ရောက်တော်မူလေလျှင် ရှင်အရဟံနှင့် တိုင်ပင်တော်မူပြီး ခပ်သိမ်းသော သတ္တဝါအပေါင်းတို့၏ ကိုးကွယ်ရာအလို့ငှာ သာသနာငါးထောင်ပတ်လုံး တည်စေလို၍ နှုတ်သင်းကျစ်တော်အား ရတနာဆင်ဖြူထက် တင်လျက် "မွေ့တော်မြတ်ကိုန်း ဝပ်တော်မူသောအရပ်၌ ဆင်ဖြူတော်ဝပ်စေသော် ..." ဟု အဓိဋ္ဌာန်ပြုစေ လွှတ်လေ၏။

ဆင်ဖြူတော်လည်း ရွှေစည်းခုံတုရားတည်ရာ သဲခုံ၌ဝပ်လေ၏။ မင်းကြီးလည်း သဲစည်းခုံတွင် ဆင်ဖြူတော်ဝပ်သည်ကို မြင်တော်မူလျှင် စိတ်မသက်မသာရှိတော်မူ၍ "သာသနာငါးထောင်တည်ရစ်စေဟု ငါအကြံတော်ရှိသည်။ ယခု ဆင်ဖြူတော်ဝပ်သည့်နေရာကား နိမ့်မာသော မြေမာတွင်မဝပ်၊ မြေမာမဖြစ်သော သဲခုံပေါ်တွင် ဝပ်လေသည်တကား"

ဟု စိတ်နှလုံးမသာမယာရှိလေသည်။ ထိုအဖြစ်ကို သိကြား

မင်းသိသောအခါ ညွှန့်အိပ်မက်လာပေးသည်မှာ ...

"မင်းကြီး၊ ... ဤဆင်ဖြူတော်ဝပ်သောနေရာသည်
ကား သာသနာတော် ငါးထောင်ပတ်လုံး တည်လတ္တံ့
သည့်နေရာတည်း။ မင်းကြီးမစိုးရိမ်လင့်"

တဲ့၍ အိပ်မက်ပေးလေ၏။

မင်းကြီးလည်း ဝမ်းမြောက်ဝမ်းသာရှိသည်ဖြစ်၍ ဘုရား တည်ရန် အစီအမံပြုလေတော့သည်။ သိကြားမင်းလည်း နှစ်သိန်း လေးသောင်းအတုရှိသောမြေကို တန်ခိုးဖြင့် ကျောက်အထိမြှည့်စေ၍ သံပြားဖြင့် ကွပ်လေ၏။ ထိုအခါမှ မြေသား၊ မြေကျစ်ကို ကြည့် တော်မူပြီး "သာသနာငါးထောင်တိုင် ထာဝရဖြစ်စေလတ္တံ့မည်" ဟု စွဲမှတ်လေတော့သည်။

ထိုအခါတွင်မှ ရွှေစည်းခုံတောင်ဘက်အရပ်တွင် ပြာသာဒ် ငါးဆောင်နှင့် နေတော်မူ၍ ဘုရားတည်သည့် ဝေယျာဝစ္စတို့ကို ပြုတော်မူလေသည်။ မင်းကြီးနှင့်အတူ မိဖုရား၊ မောင်းမမိသံတို့ ပါဝင်ကူသိုလ်ယူကြရသည်။ မိဖုရား စောမွန်လှသည်ကား၊ မင်းကြီး နှင့်အတူ ပြာသာဒ်တော်တွင် လိုက်ပါလျက် ပါရမီဖြည့်ခွင့်ရလေသည်။ အနော်ရထာမင်းစောသည် အခြားသော မိဖုရားတို့ထက် မောင်မင်း သမီးစောမွန်လှအား သွားလေရာ ခေါ်တော်မူ၍ ဆောင်ရွက်ပွယ်

ရှိသည်တို့ကို အတူတကွ ပြုလေ၏။

မိဖုရားငယ်အပေါ် များစွာအရေးပေးလွန်းသဖြင့် မိဖုရားခေါင်ကြီးနှင့် သူ၏ မောင်းမ၊ ရဲမွှေတော်များက များစွာ မနှစ်မြိုက် မနာလိုဖြစ်ကြသည်။ မိဖုရားခေါင်ကြီးသို့လည်း ကုန်းချောစကားနှင့် ဗီယဓါတ်စကားတို့ကို အလျဉ်းသင့်တိုင်း ပြောလေ့ရှိသည်။ စောမွန်လှအပေါ် ကျေနပ်မှုမရှိမှန်းသိကြသော ယင်း၏မောင်းမမိဿံ၊ ရဲမွှေတော်များနှင့် ဝင်ရောက်ခစားသူများက မိဖုရားကြီးအကျိုးကို မျှော်ကိုးသယောင်နှင့် သူ့ထက်ငါ စောမွန်လှအကြောင်း မကောင်းလျှောက်တင်ကြသည်။

မိမိတို့ အနေသာရေး၊ မျက်နှာပန်းလှအောင်လည်း မလိုတမာစကားတို့ကို ဝိုသာစွာ ကုန်းတိုက်ချောပစ်ကြသည်။ နောက်ဆုံး၌ မိဖုရားခေါင်ကြီးရှတ်မှုဝင် “ရှမ်းမင်းသမီး စောမွန်လှကို နန်းတွင်းမှ ဖယ်ရှားနိုင်အောင်ပြုမှ တော်လိမ့်မည်” ဟု မိန့်ကြားခဲ့သည်။

ထို့ကြောင့် မိဖုရားစောမွန်လှ၏ အပြစ်၊ အချက်ကို စောင့်စားရှာဖွေကြကုန်လေ၏။ စောမွန်လှကား နံနက်မိုးသောက်သည်နှင့် ကိုယ်လက်သန့်စင်ပြီးသော် မိမိဘုရားဝတ်ပြုရာအဆောင်၌ ဗုဒ္ဓဝေယျာဝစ္စတို့ကို ဆောင်ရွက်ပြီးတိုင်း၊ ဘုရားရှိခိုးခြင်း၊ မေတ္တာပို့သခြင်းတို့ မပြတ် လုပ်မြဲအတိုင်း လုပ်လေ၏။ မိမိအပေါ် မကောင်းစိတ်

ထားသူများကိုလည်း မေတ္တာစိတ်ဖြင့် အေးချမ်းအောင် တုန့်ပြန်နိုင်ခဲ့သည်။ ဗုဒ္ဓ၏အသုံးအသေ အရှင်အရဟံ၏ ညွှန်ပြမှုဖြင့် မကောင်းသော အကုသိုလ်အညစ်အကြေးတို့ကို ဖယ်ရှားပစ်နိုင်ရန် အမြဲပင် စိတ်ပိုသုံးမနေလေ့ရှိသည်။

ရွှေစည်းခုံဘုရားတိုက်ထားတော်မူသောအခါ ဘုရားရှင်၏ နဖူးသင်းကျစ်တော်သည် လက္ခဏာတော်ကြီး၊ လက္ခဏာတော် ငယ်၊ ရောင်ခြည်တော်ခြောက်ပါးတို့ဖြင့် အလွန်တင့်တယ်စွာ တန်ဆာဆင်တော်မူလျက် မနိုင်းယှဉ်အပ်သောအသရေအပေါင်းကို ဆောင်တော်မူ၍ ပရိက္ခရာရှစ်ပါးလွယ်လျက် ကောင်းကင်သို့ တက်ဝံ့တော်မူပြီးသော် ...

"ဤမင်းကြီးသည် ရှေး၌လည်း (ပလလည်း) ဆင်ဖြစ်၍ ငါတွင်းသုံးလပတ်လုံး ငါ့ကိုလုပ်ကျွေးဇူးလေပြီ။ ယခုလည်း ငါ၏သာသနာကို ချီးမြှောက်ပေသည်။ နောင်လာလတ္တံ့သောအခါ ငါကဲ့သို့ ဘုရားဖြစ်လတ္တံ့"

"ဤ၍ ဗျာဒိတ်တော်မိန့်ကြားလေ၏။ အနော်ရထာမင်းကြီးလည်း အပန်တစ်ရာဖတ်သော ဓါတ်ဆွင်းကို အကြိမ်တစ်ရာ စစ်သော ဆီဝယ်ချာဒိသကဲ့သို့ ဗိတိဓိသောအမနသာဖြစ်သည်ဖြစ်၍ မိန်းမောလျက် သရိရဓာတ်တော်ထားသော ရတနာပန်းတောင်းကို ဖက်ခါတရှိုက်'

မက်မက်နေတော်မူလေ၏။

အရှင်အရဟံလည်း မင်းကြီးအား ဤသို့မိန့်တော်မူသည်။

"ဘုရားရှင် သာသနာတော်ကို ရှက်ဆောင်ရမည်ကိုလည်း များသေး၏။ ရဟံနာပန်းတောင်းကို ဖက်၍နေဟန်ကို ရွှေစင်သွန်း လျှက် ဌာပနာလေ"

ဟု မိန့်တော်မူ၏။ မင်းကြီးလည်း ရှင်အရဟံမိန့်တော် မူသည့်အတိုင်း ရွှေကိုသွန်းလုပ်၍ ဌာပနာလေ၏။ ယင်းကောင်းမှု အစုစုတို့ ဆောင်ရွက်စဉ် ပါရမီပြည့်ဘက်ဖြစ်သော မိဖုရားစောမွန် လှလည်း အံတုယှဉ်တွဲ၍ ပါဝင်ခဲ့လေသတည်း။

---

# ဓောမ္ဗန်လှည်ကြမ္မာနှင့်
# ပြည်တော်ပြန်ခရီး

မိဖုရားဓောမ္ဗန်လှသည် ကိုယ်ကျင့်သီလကောင်းမွန်စွာ စောင့်ထိန်း၍ နေ့စဉ်ဝတ်ဖြစ်သော ဗုဒ္ဓဝတ်နှင့် မွေ့ဝတ်ကို မပြတ်ဆောက်တည်ခဲ့သူဖြစ်သည်။ အနော်ရထာမင်းကြီးအား သိကြားမင်းဆက်သသော မြသင်းတုတော်နှင့် ဗုဒ္ဓ၏စွယ်ဆင်းတုတော် မွေ့တော်တို့အား နေ့ညမပြတ် ရည်မှန်း၍ ကိုးကွယ်ဆည်းကပ်တော်မူလေသည်။ ယင်း၏အကျိုးကြောင့် မိဖုရားဓောမ္ဗန်လှ၏ ပဏ္ဏများနားရှောင်း၌ ဘုရားရှင်၏ မွေ့တော်မြှတ်သည် ကိန်းဝပ်တော်မူလေ၏။

ဓောမ္ဗန်လှ နံနက်အာရုဏ်တက်တိုင်း ဘုရားဝတ်ပြုချိန်၊ ညအခါတိုင်း ဘုရားဝတ်ပြုချိန်တို့၌ ပန်ဆင်ထားသော ပဏ္ဏများနား

ဈောင်းမှ အရောင်အဝါ၊ အလင်းတန်းများ ကွန့်မြူးလေ၏။ ထိုအဖြစ်ကို ဘုရားကို မျက်စိမှိတ်အာရုံပြုနေသည့် စောမွန်လှကိုယ်တိုင်ယင်းအဖြစ်ကို မသိပေ။ လင်းထိန်တောက်ပနေသော မိဖုရားစောမွန်လှ၏ အဆောင်ခန်းထဲမှ ထိုအရှင်းအရာကို အခြားသော မောင်းမမိဿံတို့ မြင်တွေ့ကြရလေ၏။ ထိုအခါ အုတ်အော်သောင်းနင်းဖြစ်ကာ အခန်းတွင်းသို့ ချဉ်းနင်းဝင်ရောက်ပြီး စောမွန်လှကို ချောင်းမြောင်းကြည့်ကြတုန်၏။

ဘုရားကို အာရုံပြု၍ ဖူးမြော်မှုတွင် သရဇ္ဈာယ်နေသည့် မိဖုရားစောမွန်လှ ပဏ္ဏမြားနားဈောင်းမှ အရောင်အဝါများ လင်းထိန်တောက်ပကွန့်မြူးနေသည်ကို အံ့သြစွာ တွေ့ကြရသည်။ ထိုအခါ နန်းတွင်းသူအများတို့သည် ဓာတ်တော်ကွန့်မြူးခြင်းကို တွေ့မြင်ဘူးခြင်းမရှိလေ၍ အထင်အမှတ်မှားကာ "မိဖုရားစောမွန်လှ စုန်းတောက်စားနေသည်" ဟုယူဆကြလေ၏။

စုန်း၊ နတ်၊ နဂါးတို့ကို ပသသောအယူအစွဲမှုလိကာမင်း ရှိနေပေသေးရာ ယခုမြင်ကွင်းကိုကြည့်၍ မိမိတို့အခေါင်နှင့် မိမိတို့ပြောဆိုနှုန်းကြလေသည်။ "စောမွန်လှကား သာမန်လူမဟုတ်။ စုန်းမသာလျှင်ဖြစ်ကြောင်းနှင့် ထို့ထက်သာလွန်သော (စော်ဝနီမ) ဖြစ်ရမည်" ဟု အမျိုးမျိုးထင်ကြေးပေးကြသည်။

ထိုအကြောင်းကိုလည်း အံ့ဖြစ်ရှာနေသည့် အဂ္ဂမဟေသီ မိဖုရားခေါင်ကြီးအား သွားရောက်သံတော်ဦးတင်ကြလေ၏။

မိဖုရားခေါင်ကြီးလည်း ပြောရုံနှင့် မယုံကြည်သေး၍ နောက်တစ်နေ့၌ ယင်းကဲ့သို့ပင် မိဖုရားစောမွန်လှ အဆောင်တော်အတွင်းမှ လင်းထိန်တောက်ပသည့် အရောင်များ လျှံထွက်လာသဖြင့် ကိုယ်တိုင်ပင် ချောင်းမြောင်းကြည့်ရှုလေရာ ပတ္တမြားနားတောင်းမှ အလင်းရောင်များ ဖြန့်ကျက်နေကြောင်း မျက်ဝါးထင်ထင်မြင်ရ ယုံကြည်တော်မူလေ၏။

ထိုအကြောင်းကို နန်းတွင်း၌ အရေးတယူ ပြောဆိုကြပြီးလျှင် မိဖုရားစောမွန်လှအား ဇော်ဂနီစုန်းမျိုးဟု စွပ်စွဲကာ ဇရှာင်ရှားကြကုန်လေ၏။ မိဖုရားခေါင်ကြီးသည် ထိုအကြောင်းကို အာနော်ရထာမင်းကြီးအား ကြိမ်ဖန်များစွာလျှောက်တင်လေသည်။ မိဖုရားကြီးသာမဟုတ် ကိုယ်လုပ်တော်များ မောင်းမမိဿံများနှင့် မြင်တွေ့သူတိုင်း စိုးရိမ်ထိတ်လန့်စွာ လျှောက်ထားကြသဖြင့် မင်းကြီးစဉ်းစားရလေတော့သည်။

တစ်နံနက်၌ မိဖုရားစောမွန်လှသည် နံနက်အမှောင် မလင်းမီစောလျှင်စွာထလျက် ဘုရားအား သောက်တော်ရေ၊ ဆွမ်း၊ ပန်းစသည်တို့ ဆက်ကပ်လှူဒါန်းပြီးသော် ပြုမြဲဝတ်ဖြစ်သော ဘုရား

ဝိုးတာဝေ

ရှိုးကြွင်းဝတ်၊ မွေ့ဝတ်ကိုပြုလျက် အာရုံပြုရှုတ်ဆိုနေလေရာ၊ ပွဲပွာများ နားရှောင်းမှ ရောင်စဉ်များ ကွန့်မြူး၍ တစ်ခန်းလုံး ထိန်ထိန်ညီး နေလေ၏။ ထိုအဖြစ်ကို မင်းကြီးသည် အလင်းရောင်များ တောက်ပ နေသည့် မိဖုရားစောမွန်လှ အဆောင်တော်ကို မျက်ဝါးထင်ထင် မြင်၍ ယုံလေ၏။

နန်းတွင်းသူအများအပြား၊ ကိုယ်လုပ်မောင်းမများနှင့် မိဖုရား ခေါင်ကြီးပြောစကားသည် "တုတ်မှန်ပေသည်၊ မောမင်းသမီး စောမွန်လှံကား သာမန်လူမဟုတ်" ဟုမိန့်လေ၏။

အနော်ရထာမင်းကြီးကား မိမိနှစ်သက်လှသောမိဖုရားတစ်ပါး ဤကဲ့သို့ စုန်းဖောက်စားနေသည်ကို ကြားမြင်ရသဖြင့် များစွာ စိတ်မသက်မသာဖြစ်မိသည်။ မိုင်းမောစော်ဘွားကြီးသည် မိမိအား ခန့်ညားရိုသေသဖြင့် သူ၏သမီးတော်အား ဆက်နှင်းပေးအပ်ခဲ့ ခြင်းဖြစ်သော်လည်း ယခု မျက်မြင်အခြေအနေ၌ နန်းတွင်းနှင့် မအပ်စပ်တော့ကြောင်း ဆုံးဖြတ်ရလေသည်။

သို့ကြောင့် အနော်ရထာမင်းတေသည် ဤအခြင်းရာအား မှူးမတ်၊ ပရိသတ်အလုံးစုံနှင့် ပြည်သူပြည်သားများမသိစိမ့်သောငှာ မိဖုရားခေါင်ကြီးနှင့် တူညီသော သဘောယူ၍ "မိဖုရားစောမွန်လှ

ဖော်း ဗိုဗိုရပ်ထားသို့ပြန်စေ” ဟု တစ်ချက်လွှတ်အမိန့် ချခဲ့လေသည်။

ထိုအမိန့်ကိုကြားလျှပ်ကြားခြင်း မိဖုရားစောမွန်လှ အံ့ဩခြင်းများစွာဖြစ်ပြီးသော် ဗိုဗို၌ အဘယ်သို့သောအပြစ်များရှိ၍လည်းကောင်း၊ ပြုမှုလုပ်ဆောင်မိ၍လည်းကောင်း နှုတ်တွင်းမှာမထားဘဲ ဗိုဗိုနေရပ်ပြန်စေခြင်းကို နားမလည်နိုင်အောင်ဖြစ်လေ၏။ သို့သော်လည်း မင်းအမိန့်အာဏာဖြစ်သဖြင့် ရွှေပြည်နန်းမှ ဆွာလှန်းရန်ပြင်ဆင်ရလေတော့သည်။

ဗိုဗိုစိတ်ထဲတွင်ကား ... မိဖုရားခေါင်ကြီး၏ မလိုမုန်းထားခြင်း၊ မောင်းမမိဿံတို့၏ မနာလိုဝန်တိုခြင်းတို့ကြောင့်ဖြစ်ရသည်ဟု တွေးဆမိသည်။ သို့သော်လည်း မည်သူ့ကိုမျှ အပြစ်မတင်သည့်ပြင် အပြစ်လည်း မမြင်မိဘဲ ဗိုဗိုကြမ္မာအကြောင်းစာရေးသောလျှင် တရားခံဟု ဖြေသိမ့်မိလေသည်။

မိဖုရားစောမွန်လှသည် ရွှေပြည်နန်းမှမသွားမီ ရှင်အရဟံရှိရာကျောင်းတော်သို့ အရောက်သွားလျှက် ဦးခိုက်ရှိခိုး နှုတ်ဆက်သည်။ မထေရ်မြတ်က မိဖုရားစောမွန်လှအား တရားမွေဖြင့် ဆုံးမရှာသည်။ ပုထုဇဉ်သတ္တဝါတို့၏ ဆိုးစမရှိသောသံသရာမှာ ခရီးသည်များသာဖြစ်ကြောင်း၊ တွေ့ကြုံခံစားကြ၊ ဖြစ်ပြမေ့တာတို့အပေါ် နားလည်စိတ်

မွေးမြူရန်နှင့် သံသရာ၏ အကျိုးအပြစ်၊ ခွဲခြားသိရန် အရေးကြီးကြောင်း၊ အမျက်ဒေါသသိုမှီခြင်း၊ ရန်ငြိုးဖွဲ့ခြင်းကို ရှောင်ရှား၍ မေတ္တာစိတ်ထားရန် ဩဝါဒပေးတော်မူလေသည်။

မဟေသီမြတ်လည်း မင်းနှင့်မိဖုရား လောကီအရေးကြောင့် ခွဲခွာကြသည်ဖြစ်ရာ မိမိနှင့်မအပ်စပ်သည်ဖြစ်၍ ဘာကိုမျှမမေးပေ။ အကယ်စင်စစ် အနော်ရထာမင်းကြီးသည် မိဖုရားစောမွန်လှ၏ ပတ္တမြားနားဒောင်းမှ အလင်းရောင်များ ကွန့်မြူးခြင်းအကြောင်းကို အသိပေး၊ စူးစမ်းမေးမြန်းမည်ဆိုပါလျှင် ဤကဲ့သို့ စောမွန်လှအား စွန့်နှင်လိမ့်မည်မဟုတ်။ ဓာတ်တော်ကိန်းဝပ်တော်မူ၍ ကွန့်မြူးခြင်းအမှန်ကိုသိသော် ပိုမို၍မြတ်နိုးလေးစားလေမည်မှာ အမှန်ဖြစ်သည်။

ယခုသော်ကား စောမွန်လှ၏ ကံကြမ္မာသည် ပြည်တော်ပြန်ရန် အကြောင်းဖန်ခဲ့လေပြီတည်း။

မိဖုရားစောမွန်လှသည် နန်းတွင်းသို့ ပြန်ရောက်သည်နှင့် မောဝ်မြေသို့ အပြန်ခရီးကို လိုက်ပါပို့ဆောင်ကြမည့်သူများ စုံလျက်ရှိနေကြပြီဖြစ်သည်။ ထို့ကြောင့် မိမိအား ချစ်မြတ်နိုးတော်မူထသော အနော်ရထာမင်းကြီးကို ရိုကျိုးစွာ ရှိခိုးနှုတ်ဆက်လေ၏။

အဂ္ဂမဟေသီ မိဖုရားကြီးကိုလည်း နှုတ်ဆက်ကန်တော့ရာ

သည်။ ထို့နောက် ရှုးမတ်၊ ငိုလ်ပါတို့နှင့် နန်းတွင်းသူ၊ နန်းတွင်းသား အားလုံးကို သိမ်ငွေ့သောမျက်လုံးအစုံဖြင့်ကြည့်၍ အပြုံးဖြင့်အားယူ နှုတ်ဆက်ရှာသည်။ ရွှေပြည်နန်းမှ မထွက်ခွာမီ တည်ဆောက်၍ မပြီးဆုံးသေးသော ရွှေစည်ခုံစေတီတော်မြတ်ကြီးဆီ ရှိခိုးဦးခိုက်၏။ ထို့နောက် နန်းစောင့်နတ်၊ ပြည်စောင့်နတ်။ နယ်ပယ်စောင့်နတ်အသီးသီးအား ရှိခိုးတောင်းပန်ပြီးသော် ရွှေပြည်နန်းမှခွာရန် လှမ်းတော်မူလေ၏။

လမ်းခရီးတွင် ငြောင်ပြိုးရွာ၊ ညည့်ရွာ၊ ပလင်းရွာ၊ လက်ထုပ်ရွာ၊ ကောင်းစည်ရွာ၊ တုရွှင်းတောင်၊ ဝံပတော၊ မြို့သစ်၊ ဝခန်းမ၊ ကျွန်းဘားရွာ စသည်တို့ကို ကျော်ဖြတ်၍ တစ်နေဝင် တစ်နေထွက် ခရီးဆက်ခဲ့လေသည်။

ပြည်တော်ပြန်ခရီး၌ တောမွန်လှ၏ နှလုံးသားတို့သည် တည်ငြိမ် ရင့်ကျက်မှုများနှင့် ရိုက်ခတ်နေသဖြင့် တည်ငြိမ်အေးချမ်းနေလေ၏။ ဝမ်းနည်းမှု၊ အလိုပ်အငွေ့၊ ပူပန်သောက ပုံသဏ္ဍာန်မပေါက်ပေ။

ဘဝဟူသည်ကား နိမ့်တုံမြင့်တုံရှိ၍ သမုဒ္ဒရာထက်မှ ရေပွက် ပမာမမြဲလေကြောင်း မဆွကာပင် သိထားနှင့်သော တောမွန်လှသည် ကံကြမ္မာလှိုင်းဒဏ်၊ လောကဓံတရားကို ဖြေသိမ့်နိုင်စွမ်းရှိ၏တည်း။

မှတ်ချက်

အချို့ စောမွန်လှအတ္ထုပ္ပတ္တိတို့တွင် သန်မြန်စွာ ဆင်တို စီး၍ ပုဝံနန်းမှ ထွက်ခွာခဲ့သည်တု ဖော်ပြကြသည်။ အချို့ အတ္ထုပ္ပတ္တိများ၌ စောမွန်လှသည် အနော်ရထာ မင်းကြီးအား "ဝိပိနန်းတွင်း၌ မရှိလျှင် ရန်မီးငြိမ်းမည် ဖြစ်သဖြင့် မောဝ်ဖြည်သို့ ပြန်ခွင့်ပြုပါရန်" လျှောက် ထားသည်တု ဆိုကြသည်။

■■■■■■■■■■■■■■■

# နားငြောင်းကျချောင်းနှင့် ရွှေစာရံစေတီ

ဗိုလ်ရားစော်ပွန်လှ၏ ပြည်တော်ပြန်ခရီးမှာ လိုက်ပါပို့ဆောင်သူများ၊ အခြွေအရံများ၊ အစောင့်အနေများဖြင့် သိုက်သိုက်ဝန်းဝန်းပင်ဖြစ်သည်။ ရှမ်းတို့ပြည်၊ မိုင်းမောသို့သွားရာလမ်းခရီးတွင် မြို့များ၊ ရွာများ၊ မြစ်ချောင်းများကို ဖြတ်ကျော်သွားရသည်။

ကျွန်းဘားရွာကို လွန်မြောက်ပြီးသောအခါ ရှေ့၌ချောင်းရိုးတစ်ခုက ဆီးခံနေကြောင်းတွေ့ရသဖြင့် တစ်ဘက်ကမ်းသို့ ကူးရပြန်လေသည်။ ချောင်းရေမှာ နက်လှသည်တော့မဟုတ်၊ ဒူးအထက်မျှလောက်သာနက်ရှိုင်းသဖြင့် တငြိမ့်ငြိမ့်စီးဆင်းနေသော ချောင်းရေအလျဉ်ကို ဂရုတစိုက်ဖြတ်ကူးကြရသည်။ ရေမှာကြည်လင်အေးမြလျက်ရှိပြီး ရေအောက်မှ ကျောက်စရစ်ခဲလုံးကလေးများ၊ သဲမှုန်ကလေးများ။

ရေပိုးမွှားကောင်ကလေးများကိုပင် အပေါ်မှ ထိုးဖောက်မြင်တွေ့နေရသည်။

လိုက်ပါလိုသောင်သူတို့အသီးသီး တစ်ဖက်ကမ်းသို့ရောက်ကုန်၍ တေမွန်လှလည်း ချောင်းရေအလျှဉ်သို့ ဖြတ်ကူးရန် ဆင်းခဲ့တော့သည်။ ဖေးမကူညီတွဲခေါ်သည့် အပျိုရံ ၂ ဦးက သေးမှတစ်ဘက်တစ်ချက်ဆိုင်ကာ ယိုင်လဲမသွားစေရန် ကူညီဖြတ်ကူးကြသည်။ ရေလယ်အရောက်၌ မိဖုရားတေမွန်လှ၏ လက်ဝဲနားမောင်းတစ်ဘက်သည် ရေသို့ကျွတ်ကျသွားတော့၏။

သိလိုက်သည်နှင့် တစ်စထာရေအလျဉ်တွင် ရပ်တန့်ပြီးကြည့်လင် ထိုးဖောက်မြင်တွေ့နေရသည့် မိမိနားမောင်းအားဝှပ်စမ်းရှာဖွေ ယူစေလေ၏။ ရေတွင် အရောင်ထင်ဟပ်၍ နေသော်လည်း ဝှပ်ဆယ်ယူရာတွင် မတွေ့ရဘဲဖြစ်နေလေ၏။ ထပ်မံကြိုးစား၍ ဝှပ်ယူသော်လည်း အရည်းနှီးပင်ဖြစ်မြန်၏။ သို့သော် အံ့သြဖွယ်ကောင်းလှသည်ကား... နားမောင်းကျသွားသော နေရာအထက်ကောင်းကင်ယံတွင် တသုဝယ်များသည် သောသောညံလျှက်နေကြသည်ကို တွေ့ရပြီး ရေသို့ ကျသွားသည့် နားမောင်းမှာဓာတ်တော်မွေတော် ကိန်းဝပ်နေသည့်အတွက် ကောင်းကင်၌တည်လျှက် တန်ခိုးပြောင်တာပြလျှက် မြင်တွေ့လိုက်ရသည်။

ထိုအခြင်းအရာကို မြင်လိုက်ရသော စောမွန်လှသည် ဗုဒ္ဓရုပ်တော်ကို ရည်မှန်း၍ ရှိခိုးပူဇော်ကာ အဓိဋ္ဌာန်ပြုလိုက်မှ နားဒွေးမွေတော်မြတ် သက်ဆင်းလာ၍ မိမိ၏ လက်ဝဲဘက်နားတွင် ဝင်မြဲအတိုင်းတည်လေ၏။ စောမွန်လှလည်း ဘုန်းတန်ခိုးတောက်ပ၍ ဆန်းကြယ်လွန်းလှသော ဖြစ်အင်ကြောင့် ဤနားဒွေး၌ ဗုဒ္ဓဓာတ်တော်မွေတော် ကိန်းကြောင်း အတတ်သိလေ၏။

ထို့ကြောင့် မိမိနားဒွေးကို ဌာပနာတည်၍ ဘုရားတစ်ဆူတည်လိုသော ဆန္ဒဖြစ်ပေါ်လေသည်။ သူ၏ဆန္ဒကို သိကြားမင်းသိတော်မူလျှင် ဝတ်ဖြူစင်ကြယ် သူတော်စင်တစ်ဦးအယောင်ဖန်ဆင်း၍ စောမွန်လှထံ ရောက်လာပြီး ပြောကြားသည်မှာ ...

"ရွှေ့စုစုတွင် အဘယမဓေကျောက်ဘုန်းသော်ယာရှိ၏။

ဤသို့သွား၍ ဘုရားတည်လေလော့"

သူတော်စင်ညွှန်ပြရာအရွေ့စုစုသို့ သွားမိသောအခါ ကျောက်တုံး၊ ကျောက်ပုံများ၊ ကျောက်ပြားများသည် စေတီသဏ္ဌာန်စုပုံလျက်ရှိနေသည်ကို အဆင်သင့်တွေ့ရသည်။ သိကြားမင်းလည်းသဘာ့သနားခါးထောင်ဝိုင်းအောင် လူအပေါင်းတို့ ကိုးကွယ်ရာဖြစ်မည်ကို မြင်သဖြင့် ပန်းရံ၊ အလုပ်သမားယောင်ဆောင်ကာ အသင့်ရှိနေသော ကျောက်တုံး၊ ကျောက်ပြား၊ ကျောက်ခဲများမှ သင့်တော်

ရာကို ရွေးချယ်၍ ညာဏ်တော် ၅ တောင် ပမာဏရှိသော စေတီ တစ်ဆူတည်ပေးလေ၏။

ထိုစေတီငယ်အတွင်း မွေတော်မြတ်ကိန်းဝပ်သည့် ပတ္တမြား နားတောင်းကို ဌာပနာထားကာ ဘုရားလိုက်ရှုတည်လေ၏။ ထိုစေတီ ကိုလည်း ကောင်းကင်၌ စာမျှားရံလျှက်တည်ရှိသည်ကို အစွဲပြု၍ "ရွှေစာရံဘုရား" ဟု တွင်လေ၏။ ထိုဘုရားတည်ရာအရပ်မှာ ... ရှေးရှေးသောအခါတို့၌ ဘုရားလောင်းတော်သည် မြွေငန်း (၇)ကြိမ်ဖြစ်ကာနေခဲ့ဖူးသော နေရာဖြစ်သည်ဟု ဆိုကြသည်။ စောမွန် လှ၏ နားတောင်းကျသွားရာချောင်းကို "နားတောင်းကျချောင်း" ဟု တွင်လေ၏။

ယခုအခါ မန္တလေး မေမြို့သွားကားလမ်းအတိုင်းသွားဖူးသူ တိုင်းသည် မြန်မာနိုင်ငံသမိုင်း၌ ထင်ရှားသောရွှေစာရံဘုရားကို မနီး မဝေးမှ လှမ်း၍ဖူးမြော်နိုင်လေ၏။ ရွှေစာရံဘုရားသည် မန္တလေးမြို့ အရှေ့တောင်ဘက် ၁၃ မိုင်ကျော်ဝေးသော ရွှေစာရံရွာအနီးတွင် တည်ရှိသည်။ မန္တလေး မေမြို့လမ်းအတိုင်း သုံးမိုင်ခန့်သွားမှ မြစ်ငယ်မြစ်၏မြောက်ဘက်ကမ်းဘေး၌ ရွှေစာရံဘုရားကို ဖူးတွေ့ရ ပေမည်။

မိဖုရားစောမွန်လှသည် အဘယမောကျွန်းသာယာတွင် စေတီ

တည်ကြောင်း၊ အနီးဝန်းကျင်ကျေးရွာများမှ ကြားသိသဖြင့် လာရောက်ဖူးမြော်ကြရာ ... တေမွန်လှလည်းရေပန်းနှင့် ဆွမ်းပါး သူတို့အား ပေးကမ်းလှူဒါန်း ထောက်ပံ့လေသည်။ ထိုအကြောင်း ကို ပေါ်ကွာရာမှ အစော်ရထာမင်းတေသည် အထောက်တော်တို့ ထံမှ ကြားသိတော်မူသောအခါ ဤသို့မိန့်လေ၏။

"မိဖုရားတေမွန်လှတည်သောစေတီကို သွားရှုကြည့် လော့" မောရှမ်းတို့အတွက်သိုတ ဘုရားလိုက်ဓိုရ မျက် နှာလှည့်ထားတည်လေလျှင် မိဖုရားအား သတ်ခဲ့လော့။ ငါ၏ဖုံဂံပြည်အတွက်သို့ လိုက်ဓိုရမျက်နှာလှည့်သော် ချမ်း သာခွင့်ပေးလေ"

ဟူ၍ အမိန့်တော်ချမှတ်လျက် မင်းစေတမန်တို့ကို လွှတ်တော်မူလေသည်။ ပေါ်ကွာရာမှ ထွက်လာခဲ့သော ထိုမင်းစေ တမန်တို့လည်း တေမွန်လှ၏ ရွှေစာရံစေတီသို့ ခရီးပြင်းနှင့်၍ လိုက်လာခဲ့ကြရာ တစ်နေ့သော ညနေ၊ နေဝင်ရီတရောအချိန်တွင် ရွှေစာရံရွာသို့ ချဉ်းကပ်မိလေသည်။

ရွာသို့ဝင်သည်နှင့် မှောင်လေပြီဖြစ်၍ မိဖုရားတေမွန်လှထံ ရှေ့မှောက်ဝင်ရောက်ကြလေ၏။ အစော်ရထာမင်းတေ၏ အမှာတော် ရှိသည့်အတိုင်း မိဖုရားတေမွန်လှအား လျှောက်ထားလေ၏။ တေမွန်

လှည်း မင်းစေတို့အား ကောင်းမွန်စွာခရီးဦးကြိုပြု၍ ညှိခံကျွေး မွေးကာ ... ဆုလာဘ်တံမိုးပဏ္ဏာများပေး၍

"အရှင်တို့ ... ယခု ခရီးလည်းပမ်း လာကြပြီဖြစ် သည်။ နံနက်မိုးသောက်၊ အလင်းရောက်မှ ဗုဒ္ဓရုပ်ပွားအား ကြည့်ရှုကြပါကုန်"

ဟု စိတ်အေးချမ်းသာစေရန်ပြောလျှက်၊ နားနေကြစေ၏။ မိုးရေးစောမွန်လှလည်း ထိုညတစ်ညလုံး နတ်သိကြား၊ စတုပါလ နတ်မင်းကြီး ၄-ပါးနှင့်တကွ၊ သမ္မာဒေဝနတ်ကောင်းနတ်မြတ်များ၊ တောင်စောင့်နတ်များပါမကျန် မေတ္တာပို့သ၍ ရှိခိုးအဓိဋ္ဌာန်ပြုလေ သည်။

ထို့နောက် ဗိမိဆင်မြန်းထားတော်မူသော "ရွှေဗျဉ်မြစီ သဘောက်နှင့် ဘုရားစေတီကို ဆွဲငင်၍ လှည့်လည်လိုက်လေရာ၊ မိုင်းမော်ပြည်သို့ မျက်နှာမူတည်ထားသော ရွှေတာရုံဘုရားရုပ်ပွား သည် အရှေ့ဘက်ဘက်ဟုံပြည်ရှိရာသို့လည်ကာ လှည့်သွားလေသည်။

နံနက်မိုးသောက်သောအခါ အနော်ရထာမင်းစော စေလွှတ် လိုက်သော မင်းစေတို့အား ရွှေတာရုံစေတီကို လိုက်လံပြသမှုပြုကြစေလေ၏။ ထိုအခါ မင်းကြီးမှာသည့်အတိုင်း ရွှေတာရုံဘုရား ရုပ်ပွားမှာ ပေါက္ကံရာမ ဟုံရွှေပြည်ဘက်သို့ လှည့်တည်ထားသည်ကို

မိုးဒေဝမ

မြင်ရသဖြင့် ရှိခိုးပူဇော်ကြပြီးလျှင် အနော်ရထာအားသင်္ဘောဦးတင်ရန် ပြန်ကြကုန်လေ၏။

အနော်ရထာမင်းစောလည်း စေတမန်တို့ ပြန်လည်လျှောက်ကြားသည်ကို ကြားရသောအခါ **"ငါ၏ဗိုလ်ရား စောမွန်လှသည့်ပေါက္ကရာမနှင့်တကွ ငါ့အား အပြစ်မမြင်ရှိ၏။ သို့ကြောင့် ဘုရားလိုက်ရတည်သောခါ၌ပင် ငါရှိသော အနောက်ဘက်သို့ ရှုဝလျှည့်ထားပေသည်။"**

ဟု တွေးဆ၊ အားရတော်မူလှသောကြောင့် သက္ကရာဇ် ၄၁၆–ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၁၀)ရက်နေ့တွင် ရွှေစာရံဘုရားဝန်းကျင် ပြဿဒ်တစ်ထောင်ကျော်ကို လျှူဒါန်းတော်မူလေသည်။

**မှတ်ချက်။ ။ ဘုရားတည်ခုနှစ်များတို့ မူကွဲများရှိနေသဖြင့် အငြင်းပွားဖွယ်ဖြစ်သောကြောင့် 'ထည့်သွင်းမရေးပြတော့ပါ။**

မြေးတော် အလောင်းစည်သူမင်းကြီးလက်ထက် သက္ကရာဇ် ၄၈၅–ခုနှစ်တွင် သင်ပုတ်ဝတ်ဖြစ်စိမ့်သောငှာ အရှေ့ဘက်သို့လားသော် သမ္ဘာရာချောင်း၊ တောင်ဘက်သို့လားသော် မြစ်ငယ်မြစ်၊ အနောက်ဘက်သို့လားသော် ပန်းချောင်းတစ်ဘက်၊ ယင်းမာပင်၊ မြောက်ဘက်သို့လားသော် နကဲ့ချောင်း၊ နကဲ့တောင်တို့ကို ရွှေစာရံ

အဝန်းအဝိုင်းသတ်မှတ်၍ အတွင်းမြေကို ရှာနှင့်တကွ လှူတော်မူကြောင်း သိရသည်။

ဝတ်သိမ်း၊ ဝတ်ချက်၊ တံမြက်လှဲ့သုတ်သင်စေသောငှာ ကျွန်သီးတော်အဖြစ် အိမ်ခြေ ၅၀ လှူတော်မူခဲ့သည်။ ထို့နောက် မိုးညှင်းမင်းတရားကြီးလက်ထက် ရွှေစာရံဘုရားကို ထပ်မံပြင်ဆင်ရာ ညာဏ်တော် သံတောင် ၃၀ခန့်မြင့်လာခဲ့သည်။

ထို့နောက် မဟာမင်္ဂလာရွှေဘုံငါးထပ်ကျောင်းတော် ဒါယကာ (စဉ့်ကူးမင်း) လက်ထက်၊ မယ်တော်မိဖုရားခေါင်ကြီးက ထပ်မံပြင်ဆင်၍ ရွှေထီးတော်တင်တော်မူခဲ့သည်။ စေတီတစ်ဆူလုံးကိုလည်း ရွှေအပြည့်ချတော်မူခဲ့သည်။

အဆိပ်ထန်သောမြွေပွေး၊ မြွေဟောက်တို့သည် ရွှေစာရံဘုရားဝင်းဝိုင်းသို့ ဝင်မိလျှင် အာဓေးထည့်ထားသကဲ့သို့ မကိုက်နိုင်ကြောင်းနှင့် မြွေကိုက်ခံရသူတို့ကို ရွှေစာရံဘုရားဝင်းဝိုင်းအတွင်းသို့ သွင်းထားလျှင် အဆိပ်ပြေ၍ ချမ်းသာရာရကြောင်း သိမှတ်ရသည်။

ရွှေစာရံဘုရားပွဲတော်ကို နှစ်စဉ် တပေါင်းလပြည့်ကျော် (၃)ရက်နေ့မှ (၈)ရက်နေ့အထိ ၅ ရက်ကျင်းပရာ အနီးဝန်းကျင်မြို့ရွာ၊ နယ်ပယ်တို့မှ လာရောက်ကြသဖြင့် အထူးပင် စည်ကားလေသည်။ ပွဲတော်အခါရက်၌ လူများသာမက ငါးတွေ၊ ငါးရွေး၊

အစရှိသော ငါးကြီးများပါ စေတီတော်ကို လာရောက်ပူဇော်ကြသည်။ မြစ်ငယ်မြစ်ကို ဆန်တက်လာကာ ဘုရားတည်ရာ ကမ်းပေါ်တွင် တက်နေတတ်သဖြင့် ဘုရားပွဲလာတို့ အစာကျွေးခြင်း၊ ငါးခေါင်း ရွှေသုတ်လိမ်းဖေးခြင်း ပြုလုပ်ကြသည်။

ဘုရားဒါယိကာမ မိဖုရားစောမွန်လှ ရုပ်တုကိုပါ ထားရှိထားကြောင်း တွေ့နိုင်သည်။

မိုးညှင်းမင်းတရားကြီးသည် သက္ကရာဇ် ၈၀၀ ခန့်တွင် ရွှေစာရံဘုရားအား ထပ်မံပြုပြင်၍ ဉာဏ်တော်အမြင့်ပေ၊ သံတောင် (၃၀)ကျော်ခန့် မြင့်ခဲ့သည်။ စောမွန်လှတည်ခဲ့သည့် ရွှေစာရံဘုရားသည် သက္ကရာဇ် ၉၀၁ခုနှစ်တွင် ရှမ်းမင်းသိုဟန်ဘွားသည် ရဟန်းတော်တို့ကို သတ်ဖြတ်သောကြောင့် ကြယ်တံခွန်ကြီး ထန်းတစ်ပင်များ မျှထွက်ပြီးသော မျက်ရည်တော်ယိုစီးကျလျက်အဖြစ်မျိုး ရှိခဲ့သည်။

သက္ကရာဇ် ၁၁၁၀ခုနှစ်၌ မဟာမင်္ဂလာရွှေဘုံငါးထပ်ကျောင်းတော်ဒါယကာလက်ထက်၊ မယ်တော်မိဖုရားခေါင်ကြီးက ထပ်မံပြင်ဆင်၍ ရွှေထီးအတွက် တင်တော်မူပြီးလျှင် မြေအထိရွှေပိန်းချပူဇော်ခဲ့သည်။

သက္ကရာဇ် ၁၁၃၈–ခုနှစ်၊ ရတနာပူရအင်းဝမြို့တည် ဆင်ဖြူရှင်ဘွဲ့ခံ မြေဒူးမင်းနတ်ရွာစံ၏။ ထိုနှစ်မှာ လျှော်ပြင်းစွာလှုပ်သောအခါ

ရွှေစာရံဘုရား ပြုပြင်ခဲ့သည်။ ရွှေစာရံဘုရားမှာ ကျော် ၄ဆူ အဖြစ် ဂုဏ်တင်ခဲ့သည်။ ကင်းဝန်မင်းကြီးမှတ်တမ်း၌

အရှေ့ရွှေစာရံ

ဗုဒ်အနော်ရတ်

တောင်ပြောက်ယဉ်မှော

သီတတောတု

လောကမတ်တွင်း

မြောက်ရောင်လင်းသော

သနင်းမှန်ကူ၊ ကျော်လေးဆူ။ ။

ခေတ်အဆက်ဆက်ပြုပြင်လာခဲ့ရာ ရှေးသူကြီး ဦးခန္တီလက်ထက် ဉာဏ်တော်၊ သံတောင် ၉၀အထိလည်းကောင်း၊ သက္ကရာဇ် ၁၂၀၀ပြည့်နှစ်တွင် ပြင်ဆင်ခဲ့သည်။ ၁၃၃၈-ခုနှစ်တွင် စက်သူဌေး ဦးသာဌေးကလည်း ထုပ်းပြုပြင်ခဲ့ရာ မုခ်ဦး၊ ပြာသာဒ်၊ တန်ဆောင်း၊ စသည်တို့ဖြင့် ယခုအခါ ခံ့ညားတင့်တယ်စွာ မြင်ရမည်ဖြစ်သည်။

■■■■■■■■■■■■■■■

# စောမွန်လှ၏မြတဘက်ဘုရား

"ရွှေတရုံစေတီယ" တည်ထားမှု ပြီးစီးသွားသောအခါ မိမိဆန္ဒ ပြည့်ဝပြီဖြစ်သဖြင့် မိဖုရားစောမွန်လှသည် မွေးရပ်မြေဖြစ်သော မိုင်းမောဝ်သို့ ခရီးဆက်ခဲ့တော့သည်။ မိမိဌာနေသို့ အပြီးတိုင် ပြန်လာပြီဖြစ်ကြောင်း အစ်ကိုတော်စောနော်မိန်းနှင့် ခမည်းတော် စော်ဘွားကြီးစဝ်ခေဖုံဖတို့အား လူလွှတ်အကြောင်းကြားလေသည်။


မန္တလေးမှအထွက်၊ အောင်ပင်လယ်နားသို့ ရောက်သောအခါ မိဖုရားစောမွန်လှ လွှမ်းခြုံထားသော ရွှေချည်မြစိမ်းတဘက်သည် လေ အရှေ့တွင် လွင့်စဉ်ကျသွားလေသည်။ ရုတ်တရက်ဖြစ်၍ လှမ်းဖမ်းဆွဲ လိုက်သေးသော်လည်း မမီတော့ပေ။ နောင်သောအခါတွင် ထိုမြ တဘက်ကျရောနေရာတွင် ဘုရားတစ်ဆူတည်ကြောင်း မှတ်သားရ

သည်။ "စောမွန်လှ၏ မြတာဘက်ကျာဘုရား" ဟု တွင်ပြီး ယခုအခါ ဒေါင်ပင်လယ်၊ ချမ်းမြသာစည်မြို့နယ်အတွင်းတွင် တည်ရှိသည်။

ရှေးယခင်က မြတာဘက်ကျာဘုရားကို သိသူရှားလှပြီး မြို့နယ် ပိတ်ပေါင်းများ ဖုံးလွှမ်းလျက်ရှိသည်။ နောင်သောအခါတွင်မှ သမိုင်း အရ ရှာဖွေထိန်းသိမ်းပြုပြင်ခြင်းလုပ်ဆောင်ကြရာ၊ ယခုအခါ များစွာ စည်ကားဖွံ့ဖြိုးလျက်ရှိပြီဖြစ်သည်။ မြတာဘက်ဘုရားတည်သည့် ခုနှစ်ကိုကား တိကျစွာ မသိရပေ။

မိဖုရားစောမွန်လှလည်း ခရီးစဉ်အတိုင်းလာခဲ့ရာ အုမ္မဝတီမြစ် (မြစ်ငယ်မြစ်) မြောက်ဘက်အရပ်ရှိ ရှေးဟောင်းရှမ်းတို့၏ ဘုရား စေတီဖြစ်သော (မုဋ္ဌော)စေတီသို့ရောက်ရှိလာသည်။ ထိုနေရာ၌ပင် မိမိပုဂံရွှေနန်းတော်ကြီးမှ အမြဲတိုင် ပြန်လာပြီဖြစ်ကြောင်း အကြောင်း ကြားထားလေသဖြင့် စော်ဘွားကြီးစဝ်ဆေဟုံဖ၊ မယ်တော်မဟာ ဒေဝီနှင့် အစ်ကိုတော် စောနော်မိန်းတို့အပြင် ဆွေတော်မျိုးတော် များ လာရောက်ကြိုလင့်နေကြသည်ကို တွေ့ရသည်။

ဇွဲကွာခဲ့သော သမီးတော်အား တွေ့ရသဖြင့် ဝမ်းသာလိုက် လှဲ့စွာဆီးကြိုထွေးပွေ့ကြိုကြသည်။ အစ်ကိုတော်စောနော်မိန်းက လည်း ညီမတော် စောမွန်လှလက်ကိုဆွဲ၍ နွေးထွေးစွာကြိုလင့် သည်။ ဆွေတော်မျိုးတော်များကလည်း အပြုံးဖြင့်ကြိုကြသည်။


စေတမွန်လှ
မြတာဘက်ကျစေတီတော်

ကွဲကွာသွားသော ရှမ်းပျို့ဖြူတို့ကလည်း စောမွန်လှအား ဖက်လှဲတကင်း နှုတ်ဆက်ကြသည်။ ယင်းနောက် စောမွန်လှသည် ပုဂံရွှေနန်းတော်မှ အပြီးတိုင်ထွက်ခွာလာခဲ့ပြီး အနော်ရထာမင်းကြီးကိုယ်တော်တိုင် အမိန့်တော်ဖြင့် ပြန်ခွင့်ပြုကြောင်း အမိ၊ အဘ၊ အစ်ကိုနှင့် ဆွေမျိုးတို့အား ပြောကြားခဲ့သည်။

အဘယ်အကြောင်းကြောင့်ဟူသည်ကိုမူ မိမိကိုယ်တိုင် မသိလေ၍ ရှင်းမပြနိုင်။ "မင်းကြောရာဇ်မှုသည် အလိုမရှိသဖြင့် စွန့်ပစ်ခြင်းပေလော" ဟူ၍သာ တွေးဆကြသည်။ မည်သို့ပင်ဖြစ်စေ၊ မိမိတို့သမီးတော် မွေးရပ်မြေနှင့် ဟော်နန်းသို့ ချောမောစွာပြန်ရောက်လာခြင်းကိုပင် ဝမ်းပမ်းတသာရှိလေ၏။

ဝင်စစ် စောမွန်လှကား ပါရမီရှင်ဖြစ်ပေသည်။ အနော်ရထာမင်းစောရှိရာ ပုဂံရွှေနန်းတော်သို့ ပါဝင်ကာလတစ်လျှောက်၌ ခန္တီပါရမီကို လက်ကိုင်ကျင့်သုံးခဲ့သည်။ ထို့အတူ ကိုယ်ကျင့်သီလကို မှန်ကန်စွာစောင့်ထိန်း၍ သစ္စာပါရမီကိုလည်း ဖြည့်ကျင့်ခဲ့သည်။ ကိုယ်ကျင့်သီလနှင့် မေတ္တာစွမ်းအားကြီးသူတို့အတွက် မိမိဝတ်ဆင်ထားသော မြနားဒောင်းမှာပင် ဓာတ်တော်မွေတော်တို့ လာရောက်ကိန်းဝပ်ရသည်မှာ ထူးမြတ်သော ပါရမီရှိသူမို့ဖြစ်သည်။

စောမွန်လှကို လာကြိုနေသောမှဗ္ဗောဘုရားကို နောင်သော

အခါ "ဘော်ကြို" ဘုရားဟု မြန်မာတို့သိမှတ်ကြပြီး ထင်ရှားခဲ့သည်။ ရှမ်းဘာသာအားဖြင့် (ပေါ်)ဆိုသည်မှာ (အဖ) ဖြစ်သည်။ (ကြို)ဆိုသည်မှာ (ကြိုဆိုခြင်း) ဖြစ်သည်။ ထို့ကြောင့် "အဖကြိုဘုရား" ဟု ခေါ်မှတ်ပြုလာကြသည်။

အချို့လူတို့က ဘော်ကြိုဘုရားသည် စေတမ့်လှတည်သည်ဟူ၍ အမှတ်မှားခဲ့သေးသည်။ စင်စစ်သော်ကား သိရိခေတ္တရာသောကယင်းကြီး၏ ကောင်းမှုတော်စေတီတစ်ဆူဖြစ်ပြီး ရှေးဟောင်းစေတီဖြစ်သည်။ ယခုအခါ ဘော်ကြိုဘုရားနှင့် အခြားသော သာသနိကအဆောက်အဦးများ ထပ်မံတိုးချဲ့ဆောက်လုပ်ခြင်း၊ ရှမ်းတိုင်းရင်းသားပေါင်းစုံ ပါဝင်လှူဒါန်းတည်ရှိကြသောကြောင့် မူလဒါယကာအာသောကမင်းတရားကြီးကို သတိမရဟန်ရှိသည်။

မူလမုဋ္ဌောစေတီမှာ ဉာဏ်တော်အမြင့် အတိုင်းအတာ၊ အမှတ်အသားများမတွေ့ရှိရသော်လည်း ယခုအခါ မုဋ္ဌောရွှေစေတီ ဉာဏ်တော်အမြင့်မှာ အောက်ခြေမှ စိန်ဖူးတော်အထိ ၅၁ပေရှိလာပြီဖြစ်သည်။

ဘော်ကြိုမုဋ္ဌောစေတီတွင် ရှေးဟောင်းဆိုင်းဝင် ခမာကြေးရုပ်များလည်း တွေ့မြင်နိုင်သည်။ ယင်းသို့ တွေ့မြင်နိုင်ရခြင်းမှာ ဘုရင့်မင်းတရားကြီး ယိုးဒယားသို့ ချီတက်လုပ်ကြံရာတွင် မြန်မာ

တပ်တို့နှင့်အတူ ရှမ်းစော်ဘွားသီပေါအုန်းပေါင်တပ်များပါ ပါဝင် တိုက်ခိုက်ခဲ့ရကြောင်း သမိုင်းရှိသည်။ ယင်းသို့ တိုက်ခိုက်ရာတွင် အယုဒ္ဓယအား အောင်မြင်တော်မူသောအခါ ယိုးဒယားတို့ထံမှ (အန်ကောဝပ်ဘုရားကျောင်း) ခမာအံရုပ်များ စစ်နိုင်ပစ္စည်းအဖြစ် မြန်မာနိုင်ငံသို့ သယ်ဆောင်လာခဲ့ခြင်းဖြစ်သည်။

သီပေါ အုန်းပေါင်စော်ဘွား ယူဆောင်လာသော ခမာအရုပ် များမှာ မန္တလေးမဟာမြတ်မုနိဘုရားကြီးပြတိုက်တွင် ပြသထား သော ခမာကြေးရုပ်များထက် အနည်းငယ်အသာသေးပြီး လက်ရာ မှာ အတူတူပင်ဖြစ်သည်။ မြန်မာမင်းက သီပေါအုန်းပေါင်စော် ဘွားကူညီတိုက်ခိုက်ခဲ့သဖြင့် ယင်းတို့သယ်ဆောင်လာသော စစ်နိုင် ခမာကြေးရုပ်များကို မိမိတို့အပိုင်စားရာဒေသသို့ ယူနိုင်ကြောင်း ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

ထိုသမိုင်းကိုထောက်ဆ၍ မြန်မာမင်းများနှင့် စော်ဘွားတို့ သည် ရှေးမဆွကပင် နိုင်ငံရပ်ခြားသို့ စစ်ချီ၊ စစ်တက်၊ စစ်ထိုး ခြင်းအရာ၌ တစ်သွေးတည်း တစ်သားတည်း စည်းလုံးစွာပါဝင်ခဲ့ ကြောင်း သက်သေခံလျက်ရှိသည်။

▪▪▪▪▪▪▪▪▪▪▪▪▪▪▪

# ပေါ်နန်းစံဒေါမွန်လှ

မိုင်းယောမင်းသမီး ဒေါမွန်လှသည် ပုဂံရွှေနန်းမှ ပြည်တော်ပြန်ခဲ့ပြီးနောက် အဘိ၊ အဘ၊ အစ်ကို၊ ဆွေတော်မျိုးတော်တို့အပေါင်းကြားမှာပင် ပေါ်နန်းစံအဖြစ် အေးချမ်းစွာနေခဲ့သည်။ ဒေါမွန်လှအဖို့ ငယ်စဉ်ကပင် လေ့ကျင့်မျိုးထောင်ပေးထားသော ဗုဒ္ဓဝတ်၊ ဓမ္မဝတ်ကို ပျက်ကွက်သွားသည်ဟူ၍မရှိပေ။

ယဉ်ကျေးသိမ်မွေ့လှသော ဒေါမွန်လှ၏ မျက်နှာမှာ ဘယ်အခါပင်ကြည့်ကြည့် ကြည်လင်အေးမြနေလေ၏။ ဓမ္မဘက်ကို အာရုံလိုက်စား၊ အလေးပေးသူဖြစ်သဖြင့် နေ့စဉ်တရားဘာဝနာ အားထုတ်မှုအလုပ်တွင် အရွယ်နှင့်မလိုက်အောင်ပင် ရှိလှသည်။ ဇော်ဘွားကြီးစဝ်ဆေဟုံဖနှင့် မဟာဒေဝီတို့သည် သားတော်ကဲ့သို့

မိသားစုအသိုက်အဝန်းနှင့် စောမွန်လှကိုလည်း မြင်စေချင်လှသည်။ အနော်ရထာသို့ ပေးဆက်ခဲ့လိုက်ရသော်လည်း သားသမီးမထွန်းကား ကြင်ယာတော်မိဖုရားအရာလည်း လျှောခဲ့ရလေသဖြင့် စိတ်မကောင်းခြင်းဖြစ်ကြသည်။

အထီးကျန်ဆန်လွန်းနေသော သမီးတော်စောမွန်လှအတွက် ရတက်မအေးသဖြင့် ယခင်က ရည်ရွယ်ရင်းစွဲရှိခဲ့သော တူတော်မောင် စောပိုင်ဖနှင့် ပြန်လည်နေရာချထားပေးရန် ကြိုးစားကြည့်ကြသေးသည်။ သို့သော်လည်း စောမွန်လှသည် လောကီအာရုံကာမဂုဏ်၏အဖြစ်ကို ကြောက်ရွံ့ခြင်းအလျှင်းရှိလေသဖြင့် ငြင်းပယ်စကားဆိုပါသည်။

မိမိအဖို့ ထပ်မံ၍ လောကီအရာတွင် အပူမရှာချင်တော့ဘဲ လောကုတ္တရာအလုပ်ဖြစ်သည့် တရားဘာဝနာဖြင့်သာ မွေ့လျော်ချင်ကြောင်း အမိအဖတို့အား တောင်းပန်စကားဆိုလေသည်။ စော်ဘွားကြီးနှင့် မဟာဒေဝီသည် သမီးတော်အား အထီးကျန်သောဘဝဖြင့် လောကအလယ်တွင် ထားရစ်ခဲ့ရမည်ကို စိတ်မချကြောင်း ညင်သာစွာနားချလေသဖြင့် နောက်ဆုံး၌ စဉ်းစားရန် အချိန်ကာလတစ်ခုကို စောမွန်လှ တောင်းဆိုခဲ့သည်။

သူတောင်းဆိုလိုက်သည့် အချိန်ကား ... ၃ လ။

ရက်ပေါင်း ၉၀မျှသာဖြစ်သည်။

ထိုရက်ပေါင်း ၉၀တွင် မိမိအဖို့ နောင်သံသရာအတွက် ပါရှိအောင် ကုသိုလ်အလုပ်၊ ဘာဝနာအလုပ်ကို အေးချမ်းစွာ လုပ်လိုသေးသည်။

၃–လတိုင်တိုင် အဓိဋ္ဌာန်ဝင်ပြီးကာမှ လောကီအိမ်ထောင်ရေးကို စဉ်းစားပေးရန်ဖြစ်သည်။ စောမွန်လှသည် ခုနှစ်ပေါင်နယ် မုဋ္ဌောစေတီအနီး သာယာဖြန့်ဖြူးသော မြစ်ကမ်းပါးအရပ်၌ ရက်ရှည် အဓိဋ္ဌာန်ဝင်ရန်ပြင်ဆင်ခဲ့သည်။ စော်ဘွားကြီးစဝ်ဆေပုံနှင့် မဟာ ဒေဝီလည်း ခွင့်ပေးတော်မူလိုက်ရသည်။

အမိအဘတို့ ခွင့်ပြုသည်နှင့် စောမွန်လှသည် နောက်ပါ အခြွေအရံအချို့နှင့် မိုင်းမောဝ်မှ ထွက်ခွာခဲ့ပြီး ရည်ရွယ်ရာဌာနသို့ ရောက်လျှင် ရှေးဟောင်းမုဋ္ဌောစေတီမြတ်အား ဦးခိုက်ရှိခိုးသည်။ စေတီတော်နှင့် မနီးမဝေးအရပ်၊ ဖြန့်ဖြူးသောမြစ်ကမ်းနဘေး၌ ယာယီတဲနန်းဆောက်လုပ်၍ တရားဘာဝနာပွားများနိုင်ရန် ပြုလုပ်နေ ထိုင်ခဲ့သည်။

ထိုမှ ဥပုသ်သီတင်းစောင့်ထိန်းလျက် တရားဘာဝနာတို့ကို အဓိဋ္ဌာန်အတိုင်း ကြိုးစားအားထုတ်နေလေတော့သည်။ အမိအဘ တို့နှင့် အစ်ကိုတော်စဝ်ခေါ်မိန်းတို့သည် မကြာခဏဆိုသလိုပင်

စောခွန်လှရှိရာသို့ မနီးမဝေးမှ သွားရောက်ကြည့်လေ့ရှိသည်။

ရက်ပေါင်း ၉၀အတွင်း သူ၏အသိဉာဏ်မပျက်စေရန် ပိုင်းဝန်း ကူညီပေးလျှက်သာရှိပြီး အနှောက်အယှက်ဖြစ်စေမည့် အလုပ်မျိုး မလုပ်မိရန် ကြီးစွာသတိထားခဲ့ကြလေ၏။

အဖော်အဖြစ်လိုက်ပါလာသော အခြွေအရံတို့သည်လည်း စောခွန်လှ၏ အရိပ်အခြေကိုသာ ကြည့်နေကြလျက် ထမင်း၊ ဟင်းလျာတို့ စီမံပေးကြသည်။

ပါရမီရှင်မလေး စောခွန်လှအတွက် လိုက်ပါဖြည့်ဆည်း ပေးသူတို့သည်လည်း မညည်းမညူ ကုသိုလ်ဝင်ယူကြကုန်လေသတည်း။

# မိုးစာမကုန် ... ဆီမခမ်းသော်လည်း

စောမွန်လှ အဓိဋ္ဌာန်ဝင်ရာ တဲနန်းသည့် မြစ်ကမ်းနားသော တွင်ရှိသဖြင့် အအေးဓာတ်လွန်ကဲလှသည်။ ထို့အတူ တောင်တန်းများကိုဖြတ်ကျော်ပြီး တိုက်ခတ်လာသော လေတို့ကလည်း အေးမြလှသည်မှာ တစ်နေ့တာလုံးဖြစ်သည်။ အေးချမ်းဆိတ်ငြိမ်သော ဤယာယီတဲနန်းကလေးတွင် စောမွန်လှသည် နံနက်အာရုဏ်မကျင်းမီထ၏။ ဘုရားဝတ်ပြုခြင်း၊ သီလယူခြင်း၊ တရားထိုင်ခြင်းအမှုကို ပြုလုပ်၏။

စားသောက်ချိန်တွင် အသားမပါသောအသက်လွတ်ဟင်းနှင့် စားသောက်လေ့ရှိသည်။ ဥပုသ်ရက်ရှည်စောင့်ခြင်းဖြစ်သဖြင့် နေ့လွဲညစာစားခြင်းလည်း ရှောင်ကြဉ်၏။

စောမွန်လှ ဇွဲကောင်းကောင်းဖြင့် တစ်နေ့ပြီးတစ်နေ့ တစ်ပါတ်ပြီးတစ်ပါတ် ကုန်ဆုံးကာ လချီ၍ ကြာမြင့်လာပြီဖြစ်သည်။ အစာချို့တဲ့ခြင်းနှင့်၊ အအိပ်ပျက်ခြင်း၊ အစားနည်းခြင်းတို့ ရက်ပေါင်းများလာသောအခါ စောမွန်လှကိုယ်ခန္ဓာမှာ တဖြည်းဖြည်းကြုံလှီလာပြီးအားအင်ယုတ်လျော့လာခဲ့သည်။

မလျှော့သောဇွဲဖြင့် တရားမှုကို မိမိအချိန်အတိုင်း ရက်ပေါင်း ၉၀ပြည့်အောင်အားထုတ်သွားမည်ဟု အားခဲထားခဲ့သည်။ ယင်းသို့ဖြင့် စောမွန်လှသည် ကြိုးစားအားထုတ်ခဲ့ရာ ရက်ပေါင်း ၉၀ ပြည့်ခဲ့သည်။ မိမိအချိန်ပြီးမြောက်သည်မို့ နှလုံးစိတ်ဝမ်းလည်း အေးချမ်းခဲ့သည်။

သို့သော်ကား ... အားနည်းနေပြီဖြစ်သည့် သူ၏ခန္ဓာကိုယ်ကို မထင်မှတ်သောအဖျားရောဂါက ဝင်ရောက်ဖိစီးနှိပ်စက်လာတော့သည်။ အာဟာရချို့တဲ့ခြင်း၊ အားနည်းခြင်း၊ အအိပ်ပျက်ခြင်းတို့ကြောင့် အဖျားရောဂါဒဏ်ကို မတွန်းလှန်နိုင်ခဲ့ပေ။ အတူလိုက်ပါပြုစုကြသည့် အခြွေအရံများကလည်း အချိန်ရက်စေ့ပြီဖြစ်၍ ပေါ်နန်းသို့ ပြန်ကြရန် ပြင်ဆင်ကုန်ကြသည်။

ထိုစဉ်မှာပင် စောမွန်လှတစ်ကိုယ်လုံးမှာ ကြိမ်ဖြင့်ရိုက်ထားသကဲ့သို့ ခြစ်ခြစ်တောက်ပူလွန်းလှသည်။ မှေးစင်းနေသော မျက်လုံး

များက မည်မျှအရှားကြီးနေပြီဖြစ်ကြောင်း သက်သေခံနေပေ၏။ မကြာခဏလည်း ရေတော်သဖြင့် ထွင်တွင်သာရေတောင်းသောက် လေရသည်။

အသင့်ဆောင်ယူထားသည့် ရိုးရာဆေးဝါးတို့ကို တိုက်ကျွေးသော်လည်း အရှားမှာကျမသွား။ ရောဂါတိုးလျှက် သတိပင်မရ တစ်ချက် ရတစ်ချက်ဖြစ်နေလေသည်။ ထိုအခါ အဖော်ပါသူများထဲမှ သွက်လက်ဖျတ်လက်သူတစ်ဦးကို တော်နန်းသို့ အမြန်လွှတ် အကြောင်းကြားစေခဲ့၏။ မကြာမီ၌ပင် အစ်ကိုတော်စဝ်နော်မိန်း၊ စော်ဘွားကြီးစဝ်ဆေဟုံဖနှင့် မဟာဒေဝီတို့ ဆောလျှင်စွာရောက်ရှိ လာကြသည်။

အရှားရောဂါကြောင့် နွမ်းလျပျော့ခွေနေတာ မောတိုက်နေသည့် သမီးတော်အား မဟာဒေဝီသည် ရင်ခွင်တွင်းမွေ့ပိုက်ဆွဲသွင်း ထားမိသည်။ အားမငယ်စေရန် အမိ၊ အဘနှစ်ဦးစလုံး အားပေး စကားဆို၏ အစ်ကိုတော် စဝ်နော်မိန်းသည်လည်း ညီမတော်ကို တယုယနေ်လျှက် လက်မောင်းရင်းကို တစ်ဆတ်ဆတ်လှုပ်ခတ်နေသည်။

ခဏမျှနှင့်လုံသည် သတိမရတစ်ချက်၊ ရတစ်ချက်မှသိဝေ့သော မျက်လုံးအိမ်ဖြင့် မျက်လွှာကိုဖွင့်ကြည့်သည်။ နုတ်မှဖွဖွကလေးခေါ် ရှာသည်။

"ခမည်းတော် … မယ်မယ်ဘုရား …"

စောမွန်လှ ပြောလာမည့်စကားသံကို နားစွင့်ကြသည်။

သူ့လေသံက တိုးတိုးညှင်းညှင်းကလေးဖြစ်သည်။

"ပုဂံပြည့်ရှင် အနော်ရထာမင်းစောအပေါ် အံပြစ်မမြင်ဘဲ ချစ်ကြင်စွာ ဆက်ဆံရစ်ပါ ခမည်းတော်ဘုရား"

စော်ဘွားကြီးက စောမွန်လှမျက်နှာအား တစိမ့်စိမ့်ကြည့်လျက် ခေါင်းညိတ်ပြရှာသည်။

"စိတ်ချသမီးတော်၊ ခမည်းတော်မေတ္တာမပျက်ပါဘူး … ရေးကအတိုင်း၊ ပြည်ထောင်အချင်းချင်း၊ ယိုင်းပင်းချစ်ခင်စွာ ဆက်ဆံသွားမှာပါ …"

ဤစကားအဆုံး၌ စောမွန်လှထံမှ အပြုံးယဲ့ယဲ့ကလေးကို တွေ့လိုက်ရသည်။ ခမည်းတော် သည် ချစ်လှစွာသော သမီးတော်အား နန်းတွင်းမှကြဉ်ဖယ်၍ မောနယ်သို့ ပြန်ပေခဲ့ခြင်းအတွက် အနော်ရထာမင်းစောအပေါ် အာဃာတထားရှာမည်ကို စိုးရွံ့၍ဖြစ်အံ့ ထင်၏။

ရှင်အရဟံ၏ ရတနာ့ဗွာမထေရ်မြတ်၏ အဆုံးအမတွင်

"အမျက်ဒေါသကို မသိမ်းနိုင်၊ ရန်ငြိုးဖွဲ့ခြင်းကို ရှောင်ရှား၊ မေတ္တာစိတ်ထားလော့ ချစ်သမီး" ဟူသော ဩဝါဒသံ

တို့သည် စောမွန်လှနားမေယ် ပွဲတင်ထုံးပ်မှု ကြားနေခဲ့ဖြစ်သည်။

ထို့အတူ သူ့နှလုံးသည်းပွတ်တွင်ပါ စွဲနေလေ၏။

ယင်းတရားကို လက်ကိုင်ထား၍ သူ့ဆန္ဒကို ထုတ်ဖော်ခြင်းဖြစ်သည်။

စိတ်ဆန္ဒပြည့်ဝသည်နှင့် ဝိညာဉ်စိတ်ကို ခုန်ခုန်းချလိုက်လေသလော့မသိ။ စောမွန်လှ၏ ကိုယ်ကနေလေးမှာ မျက်စိတစ်မှိတ်အတွင်းမှာပင် ဆတ်ကနဲလျှပ်သွားပြီး သက်မဲ့ခန္ဓာဖြစ်သွားရှာတော့သည်။

မွေ့ပိုက်ထားသော မဟာဒေဝီသည် စောမွန်လှအားတဆတ်ဆတ်လှုပ်ခေါ်နေလေ၏။ စော်ဘွားကြီးက သမီးတော်၏ နောက်ဆုံးထွက်သက်ကို ဆီမနေဘိအလား၊ မျက်ရည်တွေတွေကျနေသည့်ကြားမှ ရှိုက်သံတစ်ချက် ကြားလိုက်ရသည်။ အစ်ကိုတော်သည် မျက်နှာချင်းအပ်ချလိုက်ပြီး သည်းသည်းလှိုက်လှိုက် ငိုချပစ်လိုက်သည်။

ပါရမီရှင်ပိုင်းမောင်မင်းသမီးလေး စောမွန်လှကား .... မိစာမကုန်၊ ဆီမခမ်းသော်လည်း လေသရမ်းကြောင့် သေလမ်းသို့ မြန်းခဲ့ရရှာပြီတည်း။

■■■■■■■■■■■■■■



ဘော်ကြီးမှ ယောဂီဝတ်စုံဖြင့် တွေ့မြင်ရသော စောမွန်လှပုံ

# လွှမ်းဧကရီ

ဧကမှုန်လှအား မုဆွာဧဒဝါအနီး ယာယီတဲနန်းတစ်ဆောင်၌ ရာ နှုတ်ဘကမ်းနံဘေးသို့ပင် ဖော်လွှားတို့ ထုံးစံအတိုင်း မီးသဂြိုဟ်ခဲ့သည်။ သမီးတော်ဧကမှုန်လှ လဲလျောင်းရာ၊ တရားအဓိဋ္ဌာန်ဝင်ရာ ဂူနေရာတစ်လေကို အမှတ်တရ ချွန်စေချ၍ ရည်မှန်းလျှက် စေတီတော်တစ်ဆူ တည်ထားခဲ့ကြသည်။ ထိုစေတီတွင် ရုပ်ပွားဆင်းတုတော်နှင့် သမီးရုပ်တုတော်မွေတော်များ ဌာပနာခဲ့သည်။

ထိုစေတီအား ... "ဧကမှုန်လှ" စေတီဟူ၍လည်းကောင်း၊ "ရွှင်မှုန်လှ" စေတီဟူ၍လည်းကောင်း၊ ခေါ်ဝေါ်ကြသည်။

မနီးမဝေးတွင်ရှိသော မုဆွာစေတီ (ဘော်ကြိုး) ဘုရားတွင် ယောဂီဝတ်စုံဝတ်လေးနှင့် ကျက်သရေရှိလှသော မိုးဟော်ပင်းသမီး

# ကျမ်းကိုး


၁။ တိုင်းရင်းသားဓလေ့ထုံးစံများ .......... (ရှမ်း)မ.ဆ.လ.
လမ်းစဉ်ပါတီ

၂။ သုဓောဘိတ မဟာရာဇဝင်ကြီး .......... ပထမအုပ်

၃။ ဦးကုလား မဟာရာဇဝင်ကြီး .......... ပထမတွဲ

၄။ အရှေ့တိုင်းယဉ်ကျေးမှု .......... အဝေးသင်
အတွဲ (၁) တက္ကသိုလ်
ရန်ကုန်။

၅။ ပါရမီရှင်မိုင်းယောင်ဧကရီ .......... သီပေါ်ကိုလတ်

၆။ သာသနာလင်္ကာရစာတမ်း .......... မဟာဓမ္မသင်္ကြံ

၇။ မြန်မာ့နိုင်ငံရေး အခြေပြုသမိုင်း .......... ပ.ရ.တ

၈။ ရွှေတိဂုံဘုရားသမိုင်း .......... အသျှင်ဇောတိ
ကာဘိဝံသ

၉။ မြန်မာရာဇဝင် .......... ဦးဘသန်း

၁၀။ မြန်မာ့စွယ်စုံကျမ်း .......... အတွဲ ၈၄၁၀
၁၁။ မှန်နန်းရာဇဝင်တော်ကြီး .......... ပထမတွဲ
၁၂။ ဗုဒ္ဓစွယ်တော်သမိုင်း .......... သာသနာရေး ဝန်ကြီးဌာန
၁၃။ အနော်ရထာအရင်က မြန်မာနိုင်ငံ .......... ဗိုလ်မှူးဘသျှင်
၁၄။ ခေတ်မြန်မာတည်ထွန်း .......... ဦးဘတင်မောင်ရင် (မဟာဝိဇ္ဇာ)
၁၅။ ဗုဒ္ဓစွယ်တော်သမိုင်း .......... ဒေါက်တာခင် မောင်ညွန့်
၁၆။ သိပေါ်မြို့တော်ကြီး မုဋ္ဌောစေတီသမိုင်း
၁၇။ သာသနာ ၂၅၀၀ .......... မောင်အုံ
၁၈။ ဖာဟီယန်ခရီးသည် .......... ဝါရုန
၁၉။ ဝံသဒီပနီ .......... မဲထီးဆရာတော်
၂၀။ အနော်ရထာရဲ့ မိုင်းမောဂေါရီ .......... နန်းဒေါ်ကြည် (သူနာပြုဆရာမ)၏ လူမှုကွန်ယက်စာမျက်နှာပေါ်မှ